မြန်မာနိုင်ငံ ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ် ဆွေးနွေးချက် စာတမ်းများ

# မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှင့် ပတ်သက်၍ လေ့လာတင်ပြချက်



ကြည်ပြာချစ်စော နှင့် မက်သယူးအာနိုးလ်

အောက်တိုဘာ ၂၀၁၄

ဆွေးနွေးချက်စာတမ်း အမှတ် – ၆

MDRI CESD

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံ အုပ်ချုပ်ရေးကဏ္ဍ၏ ကျောရိုးဖြစ်သည့်

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# နှင့်ပတ်သက်၍ လေ့လာတင်ပြချက်

ကြည်ပြာချစ်စော နှင့် မက်သယူး အာနိုးလ်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ

**ကြည်ပြာချစ်စော** မှာ မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ မှ တွဲဖက်သုတေသီတစ်ဦး ဖြစ်ပါသည်။ **မက်သယူး အာနိုးလ်** မှာ အာရှဖောင်ဒေးရှင်းမှ လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦးဖြစ်ပါသည်။ အသေးစိတ်တွေ့ဆုံမေးမြန်းမှုများကို မအားလပ်သည့်ကြားမှ အချိန်ပေးဖြေကြားပေးသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အကြီးအကဲနှင့်ဝန်ထမ်းများအားလုံး အထူးသဖြင့် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှအောင် တို့ကို အစီရင်ခံစာပြုစုသူများမှ အထူးကျေးဇူး ဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ထို့အပြင် စာတမ်းကို ပြန်လည် စီစစ်ပေးသော ညွှန်ကြားရေးမှူး ဦးမင်းရွှေ (နိုင်ငံတကာရေးရာဌာန)နှင့်တကွ ညွှန်ကြားရေးမှူးများ၊ ကူညီပံ့ပိုးပေးသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် အချိန်ယူ၍ အကြံဉာဏ်နှင့် အယူအဆများကို ပံ့ပိုးပေးခဲ့ကြသည့် လူမှုအဖွဲ့အစည်း များမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ နှင့် အစိုးရဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။ ထို့ပြင် ဤအစီရင်ခံစာပါ အချက်အလက်များကို အချိန်ယူ၍ ဖတ်ရှုပေးခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် MDRI-CESD မှသုတေသန လက်ထောက် မဝင်းပိုပိုအောင်အား ၎င်း၏ အစွမ်းကုန် ကူညီပံ့ပိုးမှုများအတွက် အစီရင်ခံစာပြုစုသူများမှ ကျေးဇူးတင် ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ စာတမ်းများ ထုတ်ဝေခြင်း အစီအစဉ်မှာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (MDRI-CESD) နှင့် အာရှ ဖောင်ဒေးရှင်း (TAF) တို့အကြား ပူးတွဲဆောင်ရွက်နေသည့် သုတေသနလုပ်ငန်း တစ်ခုဖြစ်ပါသည်။ အဆိုပါသုတေသန စာတမ်းများ ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် နှင့် အောက်ခြေအဆင့် မူဝါဒရေးရာပိုင်း တာဝန်ယူရသူများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသိုင်းအဝိုင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ နှင့် အခြားလေ့လာ လိုသူများအတွက် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး အဆင့်ဆင့်၏ မူဝါဒရေးရာ နှင့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သုတေသနပြုလုပ်ထား ရှိချက်များအား အချိန်သင့်သည့် အခါတိုင်း သိရှိသွားနိုင်ရေးအတွက် ဖြစ်ပါသည်။ ဤသုတေသနစာတမ်းများ၌ မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်နှင့်ပတ်သက်၍ အစိုးရ၊ နိုင်ငံရေးအင်အားစုများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် အခြားသက်ဆိုင်သူများ၏ အမြင်များကိုလည်း ထည့်သွင်းဖော်ပြထားသည့်အပြင် မူဝါဒရေးရာ ဆန်းစစ်ချက်များ နှင့် နိုင်ငံတကာအတွေ့အကြုံများကို ဖော်ပြ ထားပါသည်။ MDRI-CESD နှင့် TAF တို့အနေဖြင့် ဆက်လက် လုပ်ဆောင်လျက်ရှိသည့် သုတေသန လုပ်ငန်းများတွင် အကြံဉာဏ် ကောင်းများကို လှိုက်လှဲစွာ လက်ခံလိုပါကြောင်းကိုလည်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့သည် မြန်မာနိုင်ငံ၏ စီးပွားရေး နှင့် လူမှုရေး အသွင်ပြောင်းလဲမှုများကို အလေးထားဆောင်ရွက်နေသော လွတ်လပ်သည့် သုတေသန အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ ကောင်းမွန်သော စီမံခန့်ခွဲမှုတို့နှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများကိုလည်း ပူးပေါင်း ပါဝင်လုပ်ဆောင်လျက်ရှိသည့်အပြင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် အဓိကပါဝင်သည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအတွက်လည်း လိုအပ်သည့် သင်တန်းနှင့် လေ့ကျင့်မှုများ ပံ့ပိုးပေးလျက် ရှိပါသည်။

**အာရှဖောင်ဒေးရှင်း (The Asia Foundation)** သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိ လူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပါသည်။ ဆယ်စုနှစ်ခြောက်ခုကြာ ကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့် ဒေသတွင်း အတွေ့အကြုံများ တို့အပေါ် အခြေခံ၍ TAF အနေဖြင့် အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံရှိ ရုံးခွဲများမှတစ်ဆင့် ၂၁ ရာစုအတွင်း ဒေသ၌ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ ဖြစ်သော အုပ်ချုပ်ရေးနှင့်ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးများအလုပ်အကိုင်ရရှိရေးနှင့် ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိပါသည်။

## စကားဦး

မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ နှင့် အာရှဖောင်ဒေးရှင်းတို့မှ မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုဆိုင်ရာ နှင့်ပတ်သက်သည့် သုတေသနစာတမ်းများ ထုတ်ဝေခြင်း အစီအစဉ်၏ ပဋ္ဌမမြောက် အစီရင်ခံစာ စာတမ်းအား ဂုဏ်ယူဝမ်းမြောက်စွာ တင်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ ပြောင်းလဲမှုအရှိန်အဟုန်မှာ လျင်မြန်ပြီး ပုံပေါ်လာနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဦးစားပေးအစီအစဉ်များတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးစနစ် ပီပြင်စွာ ဖြစ်ထွန်းလာရေးတို့မှာ အရေးကြီးသည့် အစီအစဉ်များဖြစ်ပါသည်။ သို့ဖြစ်၍ ဗဟိုမှ ချုပ်ကိုင်မှု လျှော့ချရေး နှင့် ဒေသန္တရ အုပ်ချုပ်ရေးစနစ် ပီပြင်စွာဖြစ်ထွန်းလာရေးတို့အတွက် အဓိကကျသည့် ပြုပြင်ပြောင်းလဲရေးများနှင့်ပတ်သက်၍ သုတေသန လေ့လာလုပ်ဆောင်ချက်များအား အချိန်ကိုက် တင်ပြအစီရင်ခံရန် လိုအပ်လာပါသည်။ အာရှဖောင်ဒေးရှင်းနှင့် မြန်မာ့ဖွံ့ဖြိုးတိုးတက်မှု အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့တို့၏ အနီးကပ်ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်နှင့်ပတ်သက်သည့် သုတေသနစာတမ်းများ ထုတ်ဝေခြင်း အစီအစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံတော်အဆင့်နှင့် အောက်ခြေအဆင့် မူဝါဒရေးရာပိုင်း တာဝန်ယူရသူများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသိုင်းအဝိုင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားလေ့လာ လိုသူများအတွက် အုပ်ချုပ်ရေး အဆင့်ဆင့်၏ အရေးကိစ္စများ၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုအပ်သည့် သုတေသနတွေ့ရှိချက်များ တင်ပြသွားနိုင်ရန် ရည်ရွယ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) သည် မြန်မာနိုင်ငံ၏ အခြေခံအကျဆုံး အုပ်ချုပ်ရေးယန္တရားကို လည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။ ထွေအုပ် အုပ်ချုပ်ရေးမှူးများသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်မှ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၆,၅၀၀ ခန့်ပါဝင်သည့် ဒေသန္တရအုပ်ချုပ်ရေးစနစ်တစ်ခုလုံးကို စီမံခန့်ခွဲ ဆောင်ရွက် လျက်ရှိပါသည်။ ထွေအုပ်သည် အုပ်ချုပ်ရေးယန္တရားအတွက် အထူးသဖြင့် ဒေသန္တရအုပ်ချုပ်ရေးတွင် လွန်စွာအရေးကြီးသည့် ဌာနတစ်ခု ဖြစ်သော်လည်း ၎င်းနှင့်ပတ်သက်၍ သိကျွမ်းမှုနည်းပါးကြပြီး တစ်ခါတစ်ရံ နားလည်ရခက်တတ်ကြပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် အစိုးရအဖွဲ့လက်ထက်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိရာ ထွေအုပ် အကြောင်း ဂဃနဏ နားလည်ရန် အရေးကြီးပါသည်။

ကြည်ပြာချစ်စော နှင့် မက်သ်ယူး အားနိုးလ်တို့၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ ပြည်သူ့စီမံခန့်ခွဲရေး ပြုပြင်ပြောင်းလဲမှု နှင့် ပတ်သက်၍ အကောင်းဆုံး မည်သို့ချဉ်းကပ်ဆောင်ရွက်သင့်သည်ကို ကျယ်ပြန့်စွာ ဆွေးနွေးထားပါသည်။ ဤအစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်မှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ထွေအုပ်အနေဖြင့် မည်သည့်အတွက်ကြောင့် အရေးကြီးပုံ နှင့် မည်သို့မည်ပုံအရေးကြီးပုံကို မူဝါဒရေးရာ စီမံခန့်ခွဲသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ နှင့် နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ ဂဃနဏ သိရှိနိုင်စေရန် ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာ၌ ထွေအုပ်၏ မူလအစ နှင့် ၎င်း၏ တာဝန်ဝတ္တရားများ၊ ဖွဲ့စည်းပုံ နှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြထားပါသည်။ ထို့နောက် ပြည်သူ့ ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးတွင် ထွေအုပ်၏ ပါဝင်ပတ်သက်မှု အခြေအနေကို အကျဉ်းချုပ် တင်ပြထားပြီး မူဝါဒရေးရာ အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည်။

ဤအစီရင်ခံစာအား ဗြိတိသျှနိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန (DFID) မှ ကုန်ကျစရိတ်များ စိုက်ထုတ်ကျခံခဲ့ခြင်း ဖြစ်ပါသည်။ ဤအစီရင်ခံစာပါ ဖော်ပြချက်များမှာ စာရေးသူများ၏ အာဘော်သာဖြစ်ပြီး DFID၊ MDRI-CESD နှင့် The Asia Foundation တို့နှင့်ပတ်သက်ခြင်း မရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဒေါက်တာဇော်ဦး

အမှုဆောင်ဒါရိုက်တာ၊

MDRI-CESD

ဒေါက်တာကင်မ်နင်း

ဌာနေကိုယ်စားလှယ်၊

The Asia Foundation

**မာတိကာ**


အတိုကောက်ဝေါဟာရများ.......................................................................................................................................... 5

အခန်း (၁) နိဒါန်း ........................................................................................................................................................... 6

အခန်း (၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မူလဖွဲ့စည်းပုံ နှင့် ပြောင်းလဲလာမှုအခြေအနေ....................... 8

၂.၁ မြန်မာနိုင်ငံ၏ နယ်မြေဒေသအုပ်ချုပ်မှုသမိုင်း .................................................................................................. 8

၂.၂ လွတ်လပ်ရေးရပြီးနောက်ပိုင်းအုပ်ချုပ်မှုစနစ်အခြေအနေ........................................................................................ 10

၂.၃ ၁၉၈၈ ခုနှစ် နောက်ပိုင်း အုပ်ချုပ်မှုစနစ် .............................................................................................................. 13

အခန်း (၃) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးရုံး၏ တာဝန်နှင့် ဖွဲ့စည်းပုံ .......................................... 15

၃.၁ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ရည်ရွယ်ချက် ................................................................................................ 15

၃.၂ ထွေအုပ်၏ တာဝန် နှင့် ဖွဲ့စည်းပုံ (ပြည်ထောင်စုအဆင့်)........................................................................................ 20

အခန်း (၄) ထွေအုပ်၏ တာဝန်နှင့်ဖွဲ့စည်းပုံ (ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်)........................................... 29

၄.၁ ထွေအုပ်၏ တာဝန် နှင့်ဖွဲ့စည်းပုံ (ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်) ................................................................ 29

၄.၂ ထွေအုပ်၏ တာဝန်နှင့်ဖွဲ့စည်းပုံ (မြို့နယ်အဆင့်)..................................................................................................... 34

၄.၃ ထွေအုပ်၏ တာဝန်နှင့်ဖွဲ့စည်းပုံ (ကျေးရွာအုပ်စုအဆင့်)........................................................................................ 36

ကျမ်းကိုးစာရင်း.................................................................................................................................................. 41

နောက်ဆက်တွဲ (၁)၊ ခရိုင်အဆင့် ဖွံ့ဖြိုးရေး နှင့် စီမံခန့်ခွဲရေးကော်မတီများ......................................................... 43

နောက်ဆက်တွဲ (၂)၊ မြို့နယ်အဆင့် ဖွံ့ဖြိုးရေးနှင့်စီမံခန့်ခွဲရေးကော်မတီများ ...................................................... 46

နောက်ဆက်တွဲ (၃)၊ ရပ်ကွက်/ကျေးရွာအဆင့် ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲမှုကော်မတီများ ........................................ 54

နောက်ဆက်တွဲ (၄)၊ မွန်ပြည်နယ်၏ ယစ်မျိုးခွန်လိုင်စင်များ.................................................................................. 57

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ | မဆလ |
| ဗဟိုဝန်ထမ်းတက္ကသိုလ် | ဗဝတ |
| အရပ်ဘက်လူ့အဖွဲ့အစည်း | CSO |
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ထွေအုပ် |
| Institute of Development Administration | သင်တန်းကျောင်း |
| ပြည်တွင်းအခွန်များဦးစီးဌာန | ပတခ |
| ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်/ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | ပဝတ/တဝတ/ခဝတ /မဝတ/ရဝတ |
| ပြည်ထဲရေးဝန်ကြီးဌာန | ပြည်ထဲရေး |
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | NLD |
| ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်/ရပ်ကွက်အေးချမ်းသာယာရေးကောင်စီများ | မယက/တယက/ခရက/မရက/ရရက |
| ကဏ္ဍအလိုက်အလုပ်အဖွဲ့များ | SWG |
| အထူးစီးပွားရေးဇုန်များ | SEZs |
| နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | နဝတ |
| နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ | နယက |
| ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ရာထူးဝန် |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ပြည်ခိုင်ဖြိုး |

# အခန်း (၁) နိဒါန်း

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတွင် အဓိကကျသည့် ဌာနတစ်ခုဖြစ်ပါသည်။




အခြားမည်သည့် ဌာနမှ ထွေအုပ်ကဲ့သို့ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံထားနိုင်ခြင်းမရှိပါ။ တပ်မတော်သည်ပင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား ထွေအုပ်ကဲ့သို့ ဖြန့်ကျက်ထားနိုင်ခြင်းမရှိပါ။ ထွေအုပ်သည် ပြည်ထောင်စုဝန်ကြီးဌာန (၃၆) ခု နှင့် ဆက်သွယ်ခြင်း၊ ညှိနှိုင်း ဆောင်ရွက်ခြင်း တို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပြီး နေပြည်တော် နှင့် တစ်နိုင်ငံလုံးရှိ ရပ်ကွက်/ကျေးရွာအုပ်စု ပေါင်း ၁၆၇၀၀ တို့နှင့် ဆက်သွယ်ရာတွင် အုပ်ချုပ်ရေး ယန္တရား၏ အဓိက ကျောရိုးဖြစ် ပါသည်။[1] ပြည်ထောင်စု အစိုးရအဖွဲ့တွင် ထွေအုပ်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်ပြီး ၎င်း၏တာဝန်များမှာ အခွန်ကောက်ခံခြင်း၊ မြေစီမံခန့်ခွဲခြင်းနှင့် မှတ်ပုံတင်ခြင်း/ သက်သေခံ လက်မှတ်များ ထုတ်ပေးခြင်း ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ တွင် လိုအပ်သည့် စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးခြင်းတို့အထိ ကျယ်ပြန့် များပြားလှပါ သည်။

အုပ်ချုပ်ရေးယန္တရားနှင့်ပတ်သက်၍ ထွေအုပ်ဦးစီး ဌာန၏ အဓိက တာဝန်မှာ နိုင်ငံတော်အား အထက်အောက် စုစည်းအုပ်ချုပ်မှု အဆင့်ဆင့် နှင့် ပထဝီဝင်ဒေသအရ ခွဲခြားအုပ်ချုပ်မှု အဆင့်တိုင်းတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကိစ္စရပ်များကို စီမံဆောင်ရွက်ရခြင်း ဖြစ်ပါ သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄) ခု အနေဖြင့် ၎င်း၏ အရပ်ဖက် ဝန်ထမ်းများအဖြစ် ထွေအုပ်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် အဆင့် ဦးဆောင်သည့် ဝန်ထမ်းများ ပေါ်တွင် မူတည်လျက်ရှိနေပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အောက်ရှိ ခရိုင်အုပ်ချုပ်ရေးမှူးများ မှာ ထွေအုပ်ဝန်ထမ်းများ ဖြစ်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးရုံးများ အဖြစ် သီးခြားရုံးများ ဖွင့်လှစ် ထားရှိထားပါသည်။ ထို့နောက် ခရိုင်အဆင့်မှ အုပ်ချုပ်ရေး ယန္တရား၏ အခြေခံကျသည့် သက်ဆိုင်ရာ မြို့နယ်များသို့ ဆက်လက်ကြီးကြပ်ရပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူး သည် အစဉ် အဆက် ထွေအုပ်ဝန်ထမ်းမှ ဆောင်ရွက်ခဲ့ပြီး မြို့နယ် အဆင့် စီမံခန့်ခွဲမှုနှင့် ထွေအုပ်ထံမှ ချီးမြှင့်ငွေရယူပြီး ထွေအုပ်ဝန်ထမ်း မဟုတ်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား လိုအပ်သည့် ညွှန်ကြားမှုများ ပြုလုပ်ပေးပါသည်။[2]

[1] ကျေးရွာအုပ်စုနှင့် ရပ်ကွက်များသည် အုပ်ချုပ်ရေးစီရင်စုအဆင့်အတန်းချင်း တူညီပါသော်လည်း ရပ်ကွက်သည် မြို့ပြပိုဆန်ပါသည်။ စကားလုံးရှုပ်ထွေးမှု မရှိစေရန် ဤအစီရင်ခံစာ၌ ကျေးရွာအုပ်စု နှင့် ရပ်ကွက်များကို ကျေးရွာအုပ်စုများအဖြစ်သာ ရည်ညွှန်းသုံးစွဲသွားမည်ဖြစ်ပါသည်။ ကျေးရွာအုပ်စုများသည် ရွာတစ်ခုဘဲ ရွာများကို စုစည်းထားခြင်းဖြစ်ပါသည်။ ထွေအုပ်စာရင်းများအရ မြန်မာနိုင်ငံတွင် ရွာတွင် ၆၃,၉၃၈ ရှိပြီး၎င်းတို့ကို ရပ်ကွက်ပေါင်း ၃,၁၃၃ နှင့် ကျေးရွာအုပ်စုပေါင်း ၁၃,၆၂၀ ဖြင့် စုစည်းဖွဲ့စည်းထားပါသည်။

[2] နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဒေသန္တရ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖြစ် သတ်မှတ်ထားပြီး အစိုးရမှချီးမြှင့်သည့်ဆုငွေများ ခံစားရပါသည်။ ၂၀၁၂ ခုနှစ်၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရ ၎င်းတို့မှာ ထွေအုပ်ဝန်ထမ်းများမဟုတ်ပါ။ ထွေအုပ်မှ ၎င်းတို့အတွက် တစ်လလျှင် ရုံးသုံးစရိတ် ကျပ် ၅၀,၀၀၀ နှင့် ချီးမြှင့်ငွေ ကျပ် ၇၀,၀၀၀ ပေးအပ်ပါသည်။

ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်တွင် အိမ်ထောင်စု ဦးစီးအဆင့်ဆင့်ဖြင့် ဖွဲ့စည်းထားရှိပြီး ဆယ်အိမ်ခေါင်းများမှ ရွေးချယ်သည့် ကိုယ်စားလှယ်များဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက် လျက်ရှိပါသည်။ [3]

ယေဘူယျအားဖြင့် ထွေအုပ်၏ အရေးပါမှုမှာ ၎င်း၏ များပြားလှသည့် စီမံခန့်ခွဲမှုအာဏာ အဓိကမဟုတ်ဘဲ ၎င်း၏ ဖြန့်ကျက်ထားနိုင်မှု၊ အခြားအစိုးရဌာနများနှင့် ဆက်သွယ်/ညှိနှိုင်း/ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အသက်ဝင်ချိန်မှစ၍ ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သော်လည်း ထွေအုပ်အနေဖြင့် အနည်းအကျဉ်းသာ ပြုလုပ်ခဲ့ပြီး ထိုကာလအတွင်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်များတွင် တာဝန်ဝတ္တရားအသစ်များ ထပ်မံလက်ခံရရှိခဲ့ပါသည်။ ထွေအုပ်၏ မိခင်ဌာနဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနသည် အခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်၏ ထောက်ခံချက်ဖြင့် စစ်ဘက်ဝန်ထမ်းအား ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်ထားသည့် ဝန်ကြီးဌာန (၃) ခုအနက် တစ်ခုဖြစ်နေပါသည်။ [4] မြန်မာနိုင်ငံ၏ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ပြုပြင်ပြောင်းလဲမှုများ ရှိနေသော်လည်း ဒေသန္တရအဆင့် အုပ်ချုပ်ရေးယန္တရားတွင် ထွေအုပ်၏ အခန်းကဏ္ဍမှာ မပြောင်းလဲဘဲ တသမတ်တည်း ရပ်တည်လျက်ရှိပါသည်။ MDRI-CESD နှင့် The Asia Foundation တို့၏ မြန်မာနိုင်ငံ အုပ်ချုပ်မှုယန္တရား အဆင့်ဆင့်နှင့် ပတ်သက်သည့် သုတေသနစာတမ်းများ ထုတ်ဝေခြင်း အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဤအစီရင်ခံစာ၏ အဓိကရည်ရွယ်ချက်မှာ ထွေအုပ်၏ ရည်ရွယ်ချက်၊ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများ၊ နှင့် ဖွဲ့စည်းပုံ တို့အားကျယ်ပြန့်စွာဖော်ပြသွားရန် ရည်ရွယ်ပါသည်။ အရေးပါသော ဌာနတစ်ခုဖြစ်လင့်ကစား နားလည်ရန် ခက်ခဲသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် အဆိုပါအခြေအနေအား မူဝါဒရေးရာ စီမံခန့်ခွဲသူများ၊ နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များ အနေဖြင့် ဂဃနဏသိရှိထားခြင်း မရှိပါက ပြုပြင်ပြောင်းလဲရေးများ ကျယ်ပြန့်စွာပြုလုပ်လာချိန်တွင် ဗဟိုမှချုပ်ကိုင်မှုလျှော့ချရေး၊ ဒေသန္တရ အုပ်ချုပ်ရေး နှင့် လူမှုဖူလုံရေးလုပ်ငန်းများတွင် ထွေအုပ်၏ ပါဝင်နေမှုအား လျစ်လျူရှုနိုင်သည့် အခြေအနေများ ဖြစ်ပေါ် နိုင်ပါသည်။

ဤအစီရင်ခံစာအနေဖြင့် ထွေအုပ်၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်မှုများကို ကျယ်ပြန့်စွာ ပုံဖော်ရေးသား တင်ပြထားသည့် အစီရင်ခံစာတစ်စောင်ဖြစ်ကြောင်း ရှေးဦးစွာ တင်ပြလိုပါသည်။ ထွေအုပ်အကြောင်း ဂဃနဏ မသိရှိသေးသည်ဟု ယူဆထားသည့်အတွက် ထွေအုပ်ဘက်မှ အမြင်ဖြင့် ကနဦး ရှင်းလင်းရေးသားထားပါသည်။ ထိုသို့ရေးသားတင်ပြနိုင်ခြင်းဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပုံပေါ်လာသည့်အခါတွင် ထွေအုပ်၏ အခန်းကဏ္ဍအား မည်သို့မည်ပုံ ရှိသင့်သည်ဆိုသည့် ပိုမိုရှုပ်ထွေးခက်ခဲသည့် ဆွေးနွေးမှုများကို ထိရောက်စွာ တင်ပြသွားနိုင်မည်ဟု မျှော်လင့်ပါသည်။ အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဤအစီရင်ခံစာသည် qualitative သုတေသနအခြေပြု၍ အသေးစိတ် တွေ့ဆုံမေးမြန်းခြင်းများ၊ သက်ဆိုင်ရာဥပဒေများ လေ့လာသုံးသပ်ခြင်း နှင့် ထွေအုပ်၏ မူဝါဒလမ်းညွှန်ချက်များအား လေ့လာခြင်း တို့ကို ဆောင်ရွက်ထားပါသည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၄ ခုနှစ်၊ မတ်လအကြား ထွေအုပ်မှ လက်ရှိ ဝန်ထမ်းအကြီးအကဲများနှင့် ဝန်ထမ်းအကြီးအကဲဟောင်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အစိုးရအရာရှိများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား အသေးစိတ် မေးမြန်းခြင်း၊ အုပ်စုဖွဲ့မေးမြန်းခြင်း (၃၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သုတေသနမေးခွန်းများမှာ ထွေအုပ်၏ တာဝန်ဝတ္တရားများ၊ အခန်းကဏ္ဍ၊ ဖွဲ့စည်းပုံနှင့် ဒေသန္တရအုပ်ချုပ်မှု ယန္တရားအတွင်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို ဖော်ညွှန်းနိုင်မည့် မေးခွန်းများ ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းမှုများအား နေပြည်တော်၊ ရန်ကုန် နှင့် ပြည်နယ်/တိုင်းဒေသကြီးများဖြစ်သည့် ရှမ်း၊ မွန်နှင့် ဧရာဝတီတိုင်းဒေသကြီး တို့တွင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံမေးမြန်းရာတွင် ထွေအုပ်ဝန်ထမ်း အဆင့်ဆင့်အား တွေ့ဆုံမေးမြန်းနိုင်ရန် ဆောင်ရွက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်မှ အစပြု၍ ဦးစီးရုံးရှိ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းဒေသကြီးများရှိ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးများသာမက မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု စာရေးဝန်ထမ်း အဆင့်အထိ သွားရောက်မေးမြန်းခဲ့ပါသည်။ မူရင်းအချက်အလက်များဖြစ်သည့် တွေ့ဆုံ မေးမြန်းခြင်းများကိုမူ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အုပ်ချုပ်မှုစနစ် အစီရင်ခံစာပါ အချက်အလက်များ ပေါ်တွင် အခြေခံ၍ ရေးသားထားခြင်းဖြစ်သည့်အတွက် ဤအစီရင်ခံစာတွင် အကျဉ်းချုပ် ဖော်ပြထားနိုင်ခြင်းမရှိပါ။

---

[3] မူလက ရွာသူကြီးအဆင့်နှင့်တူညီသည့် ရာအိမ်ခေါင်းများရှိပါသည်။ သို့သော်လည်း ၂၀၁၂ ခုနှစ်၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအရ အဆိုပါအဆင့်အား ဖျက်သိမ်းခဲ့ပါသည်။ လူမှုအဖွဲ့အစည်းများက ယင်းလုပ်ရပ်သည် ဒေသကိုယ်စားလှယ်များပါဝင်မှုကို လျှော့ချရန် ဖြစ်သည်ဟု သုံးသပ်ထားကြပါသည်။

[4] ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၂၃၂၊ (တပ်မတော်မှ ရွေးချယ်ပေးရသည့် အခြားဝန်ကြီးဌာနများမှာ ကာကွယ်ရေး နှင့် နယ်စပ်ဒေသရေးရာ ဝန်ကြီး ဌာနများဖြစ်ပါသည်။)

# အခန်း (၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မူလဖွဲ့စည်းပုံ နှင့် ပြောင်းလဲလာမှုအခြေအနေ

ပြီးပြည့်စုံသည့် သမိုင်းမှတ်တမ်းတစ်ခု မဟုတ်လင့်ကစား၊ ဤအပိုင်းတွင် ထွေအုပ်၏ လက်ရှိ အခြေအနေကို နားလည်နိုင်ရန်အတွက် ထွေအုပ်၏မူလဖွဲ့စည်းပုံ၊ ၎င်း၏ ဝိသေသများ နှင့် အရေးကြီးသည့် ဖြစ်စဉ်ဖြစ်ရပ်များကို ခြုံငုံတင်ပြသွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သမိုင်းကြောင်းသည် ပဒေသရာဇ်ခေတ် မင်းဆက်များ အစဉ်အဆက် အုပ်ချုပ်ရာမှ အစပြု၍ ဗြိတိသျှကိုလိုနီခေတ်အထိ ရှည်လျားလှပါသည်။ သက်ဦးဆံပိုင်ဘုရင်များနှင့် ကိုလိုနီနယ်ချဲ့များအပြင် တပ်မတော်အစိုးရကာလများ တစ်လျှောက် "အထွေထွေအုပ်ချုပ်ရေးအခန်းကဏ္ဍ" သည် အုပ်ချုပ်သူများ ဖြစ်သည့် ဘုရင်များ၊ ကိုလိုနီအရာရှိကြီးများ နှင့် တပ်မတော်၏ စစ်တိုင်းမှူးများအတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး နိုင်ငံတော် နှင့် ပြည်သူလူထုအကြား ထိတွေ့ဆက်ဆံရာတွင် စီမံခန့်ခွဲပေးရန် အဖွဲ့အစည်းတစ်ရပ်လိုအပ်ခြင်းမှ စတင်ခဲ့ပါသည်။ J.S. Furnivall မှ မြန်မာနိုင်ငံ၏ အထွေထွေအုပ်ချုပ်ရေး သမိုင်းကိုကြည့်မည်ဆိုပါက အစိုးရ၏လုပ်ငန်းတာဝန်များဖြစ်သည့် တရားမမှု နှင့် ရာဇဝတ်မှုများ စီရင်ရေးတွင် တရားသူကြီးများအဖြစ်လည်းကောင်း၊ အခွန်ကောက်ခံခြင်းနှင့် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွား အတွက် ဆောင်ရွက်ပေးခြင်းစသည့် လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းဆောင်ရွက်ပေးရသည့် "စွမ်းဆောင်ရည် ပြည့်ဝသော" အုပ်ချုပ်ရေးမှူးများ (ဝန်ထောက်) များ၏ အခန်းကဏ္ဍမှ စတင်ခဲ့ခြင်းဖြစ်သည်ဟု ရေးသားခဲ့ ပါသည်။ [5]

## ၂.၁ မြန်မာနိုင်ငံ၏ နယ်မြေဒေသအုပ်ချုပ်မှုသမိုင်း [6]

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် "graded territorial system" ဟုခေါ်ဆိုနိုင်သည့် နယ်မြေဒေသများအား အထက်အောက်ဖွဲ့စည်းမှု အဆင့်ဆင့်ဖြင့် ဗဟိုအဆင့်မှ ဒေသအဆင့်အထိ ခွဲခြားပြီး စီမံအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးပါသည်။ [7] အဆိုပါစနစ်မှာ ပဒေသရာဇ် ဘုရင်စနစ်များလက်ထက်ကပင် စတင်ခဲ့ခြင်းဖြစ်ပါသည်။[8] ဗဟိုအဆင့် အုပ်ချုပ်ရေးမှာ ပုဂံခေတ် ကပင်စတင်ခဲ့ပြီး ဘုရင်၏ မှူးမတ် ဝန်ကြီးများ ပါဝင်သည့် "လွှတ်တော်" တစ်ရပ်အား ထီးလိုမင်းလိုဘုရင် (၁၂၁၀-၁၂၃၄) လက်ထက်တွင် ဖွဲ့စည်းခဲ့ပါသည်။[9] သက်ဦးဆံပိုင်ဘုရင်စနစ်၏ အာဏာအရပ်ရပ်အား မှူးမတ်ဝန်မင်းများနှင့် အုပ်ချုပ်မှုဌာနများမှ တစ်ဆင့် ဆင်းသက်စေပါသည်။ [10] "ဝန်ကြီး" များဟုခေါ်တွင်သည့် မှူးမတ်များက ကာကွယ်ရေး၊ တရားစီရင်ရေးနှင့် ပြည်ထဲရေး မှသည် အခွန်ကောက်ခံခြင်း၊ လယ်ယာမြေနှင့်စိုက်ပျိုးရေး၊ မင်းမှုထမ်း၊ သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံခြားရေးအထိ အုပ်ချုပ်ရေး ကဏ္ဍမျိုးစုံပါဝင်သည့် ဌာနကြီးများကို စီမံခန့်ခွဲပေးရပါသည်။[11]

ဒေသန္တရအဆင့်တွင်မူ ကိုလိုခေတ်မတိုင်မီက "မြို့ဝန်" ဟုခေါ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူးမှာ အရေးကြီးသည့် အစိုးရဝန်ထမ်း တစ်ဦးဖြစ်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအတွက် ဗဟိုအစိုးရမှ အာဏာလွှဲအပ်ထားခြင်း ခံရသူတစ်ဦး ဖြစ်ပါသည်။ ဒေါ်မြစိန်၏ အဆိုအရ ဒေသန္တရအစိုးရများ၏ အခြေခံယူနစ်မှာ "မြို့" ဟုခေါ်တွင်သည့် မြို့နယ်များဖြစ်ကြောင်း သိရှိရပါသည်။ [12] "မြို့ဝန်" များ၏ ကံကြမ္မာမှာ သက်ဦးဆံပိုင်ဘုရင်များ၏ လက်ထဲတွင်ရှိပြီး ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ အချိန်မရွေး အစားထိုးခြင်း/ ရွှေ့ပြောင်းခြင်း ခံရနိုင်ပါသည်။

---

[5] J.S. Furnivall, The Governance of Modern Burma, စာမျက်နှာ-၇၊

[6] ဤအပိုင်း၌ ဗြိတိသျှအစိုးရမှ Burma proper ဟုသတ်မှတ်ထားသော နယ်မြေများ၊ တစ်နည်းအားဖြင့် မြန်မာဘုရင်များ တိုက်ရိုက်အုပ်ချုပ်ခဲ့သည့်ဒေသများ သို့မဟုတ် ဗြိတိသျှမှတိုက်ရိုက်အုပ်ချုပ်ခဲ့သည့်နေရာများကို ဆိုလိုပါသည်။ တောင်တန်းဒေသများမှာ သွယ်ဝိုက်၍အုပ်ချုပ်ပြီး အချို့နေရာမှာ အုပ်ချုပ်မှုလုံးဝမရှိခဲ့ပါ။

[7] J.S. Furnivall, The Governance of Modern Burma, စာမျက်နှာ-၇၊

[8] မြန်မာ့သမိုင်းတွင် ခေတ် (၄) ခေတ်ရှိခဲ့ပါသည်။ ၎င်းတို့မှာ ပုဂံခေတ် (၁၀၄၄-၁၂၈၇)၊ ရှမ်းခေတ် (၁၂၈၇-၁၅၃၁)၊ တောင်ငူခေတ် (၁၅၃၁-၁၇၅၂) နှင့် အလောင်းဘုရားခေတ် (၁၇၅၂-၁၈၈၅) တို့ဖြစ်ပါသည်။

[9] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၅၊

[10] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၁၇၊

[11] ဦးဘဦး၊ မြန်မာ့ အုပ်ချုပ်ရေး ပညာ၊ စာမျက်နှာ-၁၃၇၊

[12] Daw Mya Sein, The Administration of Burma, စာမျက်နှာ-xii၊

ဦးဘဦး၏ ရေးသားချက်အရ မြို့ဝန်များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ သက်ဆိုင်ရာမြို့နယ်များနှင့် အနီးပတ်ဝန်းကျင် လုံခြုံရေး၊ ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်ရာတွင် အလေးချိန်တင်းတောင်း မှန်ကန်ရေး၊ ကုန်သည်များထံမှ အခွန်အကောက် မှန်ကန်စွာရရှိရေး၊ မြို့ဝင်ဂိတ် (၁၂) ဂိတ် ရှိရန် နှင့် ဂိတ်တိုင်းအား ဂိတ်မှူးမှ တာဝန်ယူ၍ လူစိမ်းအဝင်အထွက်ကို မှတ်ပုံတင်ထားရှိရေး၊ အုပ်ချုပ်ရေးမှူး၏ အခွင့်မရဘဲ မြို့တွင်းသို့ သူစိမ်း ဧည့်သည် မဝင်ရောက်နိုင်ရေး၊ မြို့တွင်း ရာဇဝတ်မှုများ ကျူးလွန်မှု မရှိရေး နှင့် ကျူးလွန်သူများရှိပါက ရာဇဝတ်သားများအား ဖမ်းဆီးရေး နှင့် အထက်သို့တင်ပြ၍ အထက်၏ စီရင်ချက်အတိုင်း ဆောင်ရွက်ရေးတို့ဖြစ်ပါသည်။[13]

မြို့ဝန်အနေဖြင့် "မြို့ရုံး" တွင်ရုံးထိုင်ပြီး ဒေသအုပ်ချုပ်ရေးအတွက် လက်အောက်ဝန်ထမ်းများမှ ဆင့်ကဲ တာဝန်ယူ လုပ်ဆောင်ရပါသည်။ အဆိုပါဝန်ထမ်းများအနက် "ရေဝန်" မှာ စစ်ရေယာဉ်များ နှင့် အခြား ရေယာဉ်များကိစ္စ၊ "အခွန်ဝန်" မှာ မြေခွန်ကိစ္စ၊ "အကောက်ဝန်" မှာ ရေကြောင်း အကောက်ခွန်ကိစ္စ၊ "စစ်ကဲ" မှာ ရဲတပ်ဖွဲ့ကိစ္စ၊ "နတ်နန်း" မှာ အစိုးရဝန်ထမ်းများ အကျင့်ပျက်မှု ရှိ၊ မရှိ လျှို့ဝှက်စုံစမ်း၍ ဘုရင်ထံ ပြန်လည်တင်ပြရသည့်ကိစ္စရပ်များကို ဆောင်ရွက်ရပါသည်။[14]

မြန်မာဘုရင်များလက်ထက်တွင် အခြားအရေးပါအရာရောက်သည့် အုပ်ချုပ်ရေးမှူးမှာ "မြို့သူကြီး" ဖြစ်ပါသည်။ ၎င်းမှာ ဒေသအကြီးအမှူးဖြစ်ပြီး မျိုးရိုးစဉ်ဆက် အကြီးအကဲအဖြစ်ဆောင်ရွက်နေသူ ဖြစ်သည့်အတွက် မြို့ဝန်ထက်ပင် ပိုမို ဩဇာရှိပါသည်။[15] မြို့သူကြီးအနေဖြင့် မြို့ဝန်အား လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် ဖြစ်ပြီး ၎င်း၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

> အစိုးရ၏အကျိုးစီးပွားကို ကြည့်ရှုစောင့်ရှောက်ရန်၊ အခွန်အရပ်ရပ်ကို ကောက်ခံ၍ အနီးဆုံး မြို့ကြီးရှိ "ကသောင်းမြှောင် Kathaungmyaung" ဘဏ္ဍာစိုးထံပေးပို့ရန်၊ အစိုးရဝန်ထမ်းများ ဖြစ်သည့် ဘုရင်၏ "အသီ" များ တာဝန်ကျေပွန်စေရန် ကြီးကြပ်ကွပ်ကဲခြင်း နှင့် အခြား အရေးကြီးသည့် တာဝန်တစ်ခုမှာ တရားမမှုများအား စီရင်ပေးခြင်းဖြစ်ပါသည်။[16]

နယ်မြေ အကျယ်အဝန်းပေါ်မူတည်၍ အုပ်ချုပ်ရေးမှူးများ၏ အဆင့်အတန်းကို ခွဲခြားထားပါသေးသည်။ "ကရိုင်းဝန်" မှာ နယ်မြေကျယ်ဝန်းသည့် မြို့နယ်များကို တာဝန်ယူရပြီး မြို့သူကြီးအပါအဝင် အခြားအုပ်ချုပ်ရေးမှူးများအား ကြီးကြပ်ကွပ်ကဲ ရပါသည်။ အုပ်ချုပ်ရေးမှူးများအနက် ရာထူးအငယ်ဆုံးမှာ "ရွာသူကြီး" ဖြစ်ပါသည်။ မြို့ဝန်၊ မြို့သူကြီး နှင့် ကရိုင်းဝန်များမှာ ဗြိတိသျှကိုလိုနီခေတ် မတိုင်မီအထိ ထင်ရှားသည့် အုပ်ချုပ်ရေးမှူးများ ဖြစ်ကြပါသည်။ ၎င်းတို့၏ တာဝန်ဝတ္တရားအချို့မှာ ဥပမာအားဖြင့် မြို့ဝန်တစ်ဦးသည် မြို့နယ်၏ လုံခြုံရေး၊ အခွန်အကောက် နှင့် လူဖြတ်သန်းသွားလာမှုများကို တာဝန်ယူရပြီး ယနေ့အထိပင် ထွေအုပ် အုပ်ချုပ်ရေးမှူးများ၏ တာဝန်များတွင် ပါဝင်လျက်ရှိပါသည်။

ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးစနစ်မှာ ရှိရင်းစွဲ အုပ်ချုပ်ရေးစနစ်ကို အခြေခံပြီး အချိန်ကာလအလျောက် ပြောင်းလဲလာခြင်း ဖြစ်ပါသည်။[17] ယေဘုယျအားဖြင့် ပထဝီဒေသအလိုက်အုပ်ချုပ်ရေးမှူးများ အထက်အောက် ဆင့်ကဲ အုပ်ချုပ်သည့် စနစ်ကို ဆက်လက်ကျင့်သုံးပြီး အချို့ဒေသများတွင် ဗြိတိသျှအရာရှိများမှ ရုံးစိုက်၍ လက်ရှိအုပ်ချုပ်သူများကို ကြီးကြပ်ခြင်းဖြင့် သွယ်ဝိုက်အုပ်ချုပ်ပါသည်။ ဝန်ရှင်တော်မင်းကြီးမှာ ဒေသန္တရအုပ်ချုပ်ရေးတွင် အမြင့်ဆုံးအာဏာပိုင်ဖြစ်ပြီး ဘုရင်ခံချုပ်အား တာဝန်ခံရပါသည်။ မြန်မာနိုင်ငံအား တိုင်း၊ ခရိုင်၊ ခရိုင်ခွဲနှင့် မြို့နယ်များအဖြစ် ခွဲခြားအုပ်ချုပ်ပြီး ဝန်ရှင်တော်မင်းကြီး၊ ဒုတိယဝန်ရှင်တော်မင်းကြီး၊ ခရိုင်ဝန် နှင့် ဝန်ထောက်များမှ ဆင့်ကဲတာဝန်ယူဆောင်ရွက်ရပါသည်။[18] ဝန်ရှင်တော်မင်းကြီး၊ နှင့် ဒုတိယဝန်ရှင် တော်မင်းကြီး၊ တာဝန်ဝတ္တရားများမှာ "၎င်းတို့၏ သက်ဆိုင်ရာ ခရိုင်များအတွင်း အစိုးရဌာနများ၏ လုပ်ငန်းတာဝန်များ၊ ခရိုင်ရာဇဝတ်ဝန် နှင့် အခွန်ဝန်၊ ခရိုင်တရားသူကြီးတာဝန်များကို ထမ်းဆောင်ရခြင်း ဖြစ်သည့်အပြင် နယ်မြေဒေသ အေးချမ်းရေးနှင့် လုံခြုံရေးတာဝန်များကို ၎င်းတာဝန်ယူရသည့် ဒေသတွင်းရှိ ရဲတပ်ဖွဲ့ကို ကြီးကြပ်ကွပ်ကဲခြင်းဖြင့် တာဝန်ယူရပါသည်။"[19]

---

[13] ဦးဘဦး၊ မြန်မာ့ အုပ်ချုပ်ရေး ပညာ၊ စာမျက်နှာ-၁၅၂၊

[14] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၃၇၊

[15] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၄၁၊

[16] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၆၆၊

[17] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၁၂၅၊

[18] J.S. Furnivall, The Governance of Modern Burma, စာမျက်နှာ-၈၁၊

[19] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၇၅၊

ဒုတိယဝန်ရှင်တော်မင်းကြီး သို့မဟုတ် ခရိုင်ဝန် နှင့် နယ်ပိုင်ဝန်ထောက်များ၏ အရေးကြီးတာဝန်များအနက် တစ်ခုမှာ ဒေသတွင်းရှိ ဗဟိုအစိုးရဌာနများဖြစ်သည့် သစ်တော၊ ကျန်းမာရေး၊ ပညာရေး နှင့် ဆောက်လုပ်ရေးလုပ်ငန်းများ စသည့်ဌာနများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းပင် ဖြစ်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဆောင်ရွက်ခြင်းမှတစ်ပါး အစိုးရဌာနများအနေဖြင့် ၎င်းတို့၏ အခွင့်အာဏာများမှာ ပြည်သူလူထုအားလွှမ်းခြုံခြင်းမရှိပါ။ [20] အုပ်ချုပ်မှုအဆင့်ဆင့်တိုင်းတွင် အစိုးရဌာနများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးရသည့် အခန်းကဏ္ဍမှာ အုပ်ချုပ်ရေးမှူးများအတွက် အရေးကြီးသည့် တာဝန်တစ်ခုဖြစ်ပြီး ထွေအုပ်၏ လက်ရှိတာဝန်များထဲတွင်ပင် အရေးကြီးသည့် တာဝန်တစ်ခု ဖြစ်နေပါသည်။

ထို့ပြင်ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးခေတ်တွင် ဒေသတွင်းလုံခြုံရေးမှာ အလွန်အရေးကြီးသည့် ကိစ္စရပ်ဖြစ်ပြီး ကျေးရွာအုပ်စုများအထိ တာဝန်ယူဆောင်ရွက်ရပါသည်။ ကျေးရွာအုပ်စုအဆင့်အထိ အုပ်ချုပ်မှုယန္တရား၏ အခြေခံမှာ the Upper Burma Village Regulation Act နှင့် the Lower Burma Village Act တို့ဖြစ်ပြီး နောက်ပိုင်းတွင် ၎င်းတို့အားပေါင်းစည်း၍ the Village Act of 1907 ဖြစ်လာပါသည်။ [21] အဆိုပါဥပဒေများတွင် ကျေးရွာအုပ်ချုပ်ရေးမှူး တာဝန်ကိုယူရသည့် "သူကြီး" ၏ တာဝန်ဝတ္တရားများကို ဖော်ပြထားပြီး မငြိမ်သက်မှုများကို ထိန်းသိမ်းရန်နှင့် ခရိုင်အုပ်ချုပ်ရေးမှူးများကို ပံ့ပိုးပေးရန် ဥပဒေကြောင်းအရ ပြဋ္ဌာန်းသတ်မှတ် ပေးထားပါသည်။ [22] ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးထိန်းသိမ်းဆောင်ရွက်ရန် တာဝန်မှာ ထွေအုပ် အုပ်ချုပ်ရေးမှူးများ၏ အဓိကတာဝန်အဖြစ် ကျန်ရစ်ခဲ့ပါသည်။

အတွင်းဝန်များရုံးမှတစ်ဆင့် ဒေသအုပ်ချုပ်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း အလေ့အထမှာ ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်ရေးစနစ်၏ အမွေတစ်ရပ်အဖြစ် ကျန်ရစ်ခဲ့ပါသည်။ ၁၉၀၈ ခုနှစ်၊ Burma Secretariat Office Act and The Secretariat Code Manual တို့အရ အတွင်းဝန်များရုံးမှ ဒေသန္တရအုပ်ချုပ်ရေး အဆင့်ဆင့်အား ကြီးကြပ်ကွပ်ကဲရပါသည်။ [23] အတွင်းဝန်များရုံး၌ အဆင့်မြင့်အတွင်းဝန်များဖြစ်သည့် အတွင်းဝန်ချုပ် နှင့် အတွင်းဝန်များမှ အုပ်ချုပ်ရေးမှူးများဖြစ်သည့် ဝန်ရှင်တော်မင်းကြီးများ၊ ဒုတိယ ဝန်ရှင်တော်မင်းကြီးများနှင့် တိုင်းရုံးအဆင့်အောက်ရှိ ရုံးများနှင့် ကျေးရွာအုပ်စု ခေါင်းဆောင်များကို စီမံခန့်ခွဲ အုပ်ချုပ်ပါသည်။[24]

## ၂.၂ လွတ်လပ်ရေးရပြီးနောက်ပိုင်းအုပ်ချုပ်မှုစနစ်အခြေအနေ

မြန်မာနိုင်ငံ၏ ပထမဦးဆုံး လွတ်လပ်သည့် အစိုးရအား ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ အစိုးရအဖွဲ့အား ဝန်ကြီးချုပ် ဦးနုမှ ဦးဆောင်ပြီး ဝန်ကြီးဌာန (၂၀) ဌာန ပါဝင်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်း၊ ကချင်၊ ကရင် နှင့် ကယားပြည်နယ်များ၊ ဗမာအများစုနေထိုင်သည့် တိုင်း (၈) တိုင်း နှင့် ချင်းဝိသေသတိုင်းဟူ၍ ဖွဲ့စည်းခဲ့ပါသည်။ [25] အဆိုပါ ပြည်နယ်နှင့်တိုင်းများတွင် ဥပဒေပြုအာဏာရှိသည့် ကောင်စီများဖွဲ့စည်းထားရှိပြီး ပြည်နယ်/တိုင်း အကြီးအကဲများအား ဝန်ကြီးချုပ်မှ သက်ဆိုင်ရာကောင်စီများနှင့် တိုင်ပင်၍ ခန့်အပ်ပါသည်။ ကျန်ရှိသည့် နယ်ခြားဒေသများနှင့်ပတ်သက်၍ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနမှ တိုက်ရိုက်အုပ်ချုပ်ပါသည်။

လွတ်လပ်ရေးရပြီး ကနဦးပိုင်းတွင် ပါလီမန်အစိုးရအနေဖြင့် အုပ်ချုပ်ရေး ယန္တရားအတွက် ကိုလိုနီခေတ်ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပြီး မြန်မာအစိုးရအတွင်းဝန်ရုံးအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ခံ၍ တစ်နိုင်ငံလုံး ၏ အုပ်ချုပ်ရေးကို ဆောင်ရွက်ပေးရပါသည်။ [26] သို့ဖြစ်၍ တစ်နိုင်ငံလုံး၏ အုပ်ချုပ်ရေးအတွက် အတွင်းဝန်များရုံးမှတစ်ဆင့် အတွင်းဝန်ချုပ်မှ တာဝန်ယူ၍လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ်များအတွက် အုပ်ချုပ်ရေးကို သက်ဆိုင်ရာ အတွင်းဝန်ရုံးများမှ အတွင်းဝန်များ ဦးဆောင်၍လည်းကောင်း တာဝန်ယူဆောင်ရွက်ကြပါသည်။ အတွင်းဝန်များရုံး ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းသည် လက်ရှိ ထွေအုပ်၏ ဗဟိုမှထိန်းချုပ်သည့်စနစ်၏ အမြစ်တေဟု ယူဆနိုင်ပါသည်။ ထို့ပြင် ဒေသ အုပ်ချုပ်ရေးမှူး၏ အထက်အောက် အဆင့်ခွဲခြားသတ်မှတ်မှုများကိုလည်း ဆက်လက်ထိန်းသိမ်း ထားခဲ့ပါသည်။ [27] ၎င်းတို့၏ တာဝန်ဝတ္တရားများမှာလည်း ယခင်ကကဲ့သို့ပင် အထွေထွေအုပ်ချုပ်ရေး

---

[20] ဦးကျော်, Changes in Territorial administrative structures and role of public administrators in Myanmar, စာမျက်နှာ-၃၆၊

[21] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၇၅၊

[22] Daw Mya Sein, The Administration of Burma, စာမျက်နှာ-၁၂၅၊

[23] ဦးကျော် ၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊ စာမျက်နှာ-၃၄၊

[24] နေထွန်း, Changes in administrative system and the role of general administration in myanmar, စာမျက်နှာ-၂၂၊

[25] ဦးကျော်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊

[26] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၂ ခုနှစ်၊ နှစ်ပတ်လည်မှတ်တမ်း၊ နိဒါန်း၊

[27] ဦးကျော်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊ စာမျက်နှာ-၄၅၊

လုပ်ငန်းများ၊ အခွန်ကောက်ခံခြင်း နှင့် ပိုင်ဆိုင်မှုပစ္စည်းများ မှတ်ပုံတင်ပေးခြင်း တို့ဖြစ်ပါသည်။ ဒေသအုပ်ချုပ်ရေးမှူးများအနေဖြင့် အစိုးရ၏ အထောက်အပံ့ကို ရယူပြီး ဆောင်ရွက်သည့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် ဖွဲ့စည်းထားသည့် ရပ်/ကျေးကော်မတီများတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးကြသည် မှာစိတ်ဝင်စားဖွယ် ဖြစ်ပါသည်။[28]

၁၉၅၇ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ အတွင်းဝန်ရုံးအား ဝန်ကြီးချုပ်ရုံးအောက်သို့ ပြောင်းရွှေ့ခဲ့ပါသည်။[29] ပြည်ထဲရေးဝန်ကြီး ဌာနသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခွဲ နှင့် ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးဌာနခွဲ ဟူ၍ ဦးစီးဌာန (၂) ခု အသစ်ဖွင့်လှစ်ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ကျန်ရှိခဲ့သည့် အတွင်းဝန်များအနေဖြင့် အထွေထွေအုပ်ချုပ်ရေးအတွက် ဆက်လက်တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။[30] ထိုစဉ်က အုပ်ချုပ်ရေးကဏ္ဍတွင် ပထဝီဝင်ဒေသ အပိုင်းအခြားအလိုက် ပြည်နယ်/တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအဖြစ် သတ်မှတ်ထားပြီး တိုင်းမင်းကြီး၊ ဒုတိယတိုင်းမင်းကြီး၊ ခရိုင်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်၊ လက်ထောက်မြို့ပိုင် နှင့် သူကြီးများမှ တာဝန်ယူ အုပ်ချုပ်ကြပါသည်။ တောင်တန်းဒေသအုပ်ချုပ်ရေးဌာနမှ ပူတာအို၊ ကွန်လုံ နှင့် လောက်ကိုင်ဒေသများအား အုပ်ချုပ်ပါသည်။[31] ပါလီမန်အစိုးရလက်ထက်ကာလအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သည် ပြည်ထဲရေးဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် အုပ်ချုပ်ရေးတာဝန်များအပြင် အခြားဝန်ကြီးဌာနများကိုယ်စား တာဝန် အချို့ကိုလည်း ထမ်းဆောင်ပေးခဲ့ပါသည်။[32]

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သည့် အိမ်စောင့်အစိုးရလက်ထက်ဖြစ်သည့် ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်း အုပ်ချုပ်ရေးကဏ္ဍတွင် ပြောင်းလဲမှုများအဖြစ် ထွေအုပ်ဝန်ထမ်းများနှင့် တပ်မတော်သားများပါဝင်သည့် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများကို နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စုများအထိ ဖွဲ့စည်းခဲ့ပါသည်။ တပ်မတော်သား ကိုယ်စားလှယ်များမှ အဆိုပါကော်မတီများ၏ ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အုပ်ချုပ်ရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များကို အခြားအစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်း၍ ကွပ်ကဲစီမံပေးပါသည်။ ထိုကာလအတွင်း "ကြံ့ခိုင်ရေးအသင်း" ဟုခေါ်တွင်သည့် အသင်းများဖွဲ့စည်း၍ အဆင့်ဆင့်သော လုံခြုံရေးကောင်စီအား လိုအပ်သည့် ပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။[33]

၁၉၆၀ ပြည့်နှစ်၊ ရွေးကောက်ပွဲပြီးဆုံးပြီးနောက် ဦးနုမှ အစိုးရဖွဲ့စည်းနိုင်ခဲ့သော်လည်း ဗိုလ်ချုပ်ကြီးနေဝင်းမှ ၁၉၆၂ ခုနှစ်တွင် အာဏာပြန်လည်ယူခဲ့ပါသည်။ တော်လှန်ရေးကောင်စီအစိုးရ (၁၉၆၂-၁၉၇၄) သည် "ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ" နှင့် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စုများ အတွက် "လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီများ" အသီးသီးဖွဲ့စည်းပေးခဲ့ပြီး တော်လှန်ရေးကောင်စီကိုယ်စား ဒေသန္တရအဆင့် လိုအပ်သည့် အုပ်ချုပ်မှုများ ဆောင်ရွက်ခဲ့ပါသည်။[34] ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများကို လိုအပ်သည့်ပံ့ပိုးမှုများပေးနိုင်ရန် ဆက်လက်ခန့်ထားသော် လည်း ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ အား ပြည်ထဲရေး ဝန်ကြီးဌာနအောက်တွင် ထားရှိခြင်းမပြုဘဲ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌမှ တိုက်ရိုက်ကိုင်တွယ်ပြီး အုပ်ချုပ်ခဲ့ပါသည်။

အဆိုပါ ဗဟိုကော်မတီအနေဖြင့် အစိုးရ၏မူဝါဒများအား အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရဌာနများနှင့် အုပ်ချုပ်ရေး အဖွဲ့အစည်း အဆင့်ဆင့်တို့အကြား ညှိနှိုင်းဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။ ကော်မတီအဆင့်ဆင့်တိုင်းတွင် တပ်မတော်သား ကိုယ်စားလှယ်များမှ ဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး ထွေအုပ် ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များအဖြစ် ပါဝင်ခဲ့ကြပါသည်။ ယင်းကာလမှာ မြန်မာ့သမိုင်းတွင် ထူးခြားမှုအဖြစ် ဒေသန္တရအုပ်ချုပ်ရေးတွင် အရပ်ဘက်ဝန်ထမ်း၏ အခွင့်အာဏာများ လျော့ကျသွားပြီး တပ်မတော်သားများ

---

[28] ဦးကျော်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊ စာမျက်နှာ-၄၄၊

[29] ဦးကျော် ၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊ စာမျက်နှာ-၂၉၊

[30] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ၂၀၁၂ ခုနှစ်၊ နှစ်ပတ်လည်မှတ်တမ်း

[31] ဦးကျော်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊ စာမျက်နှာ-၃၀၊

[32] ပြည်ထဲရေးဝန်ကြီးဌာနသည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး နှင့် ဒေသဖွံ့ဖြိုးရေးအပါအဝင် မြို့ပြနှင့်ကျေးလက်အုပ်ချုပ်မှု၊ တရားရေး ဝန်ကြီးဌာနသည် ရာဇဝတ်မှုနှင့်ပြစ်ဒဏ်ချမှတ်ရေး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် မြေခွန် နှင့် ယစ်မျိုးခွန် စီမံခန့်ခွဲမှု နှင့် ဘဏ္ဍာရေး ကိစ္စရပ်များ၊ မြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာနသည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ နှင့် ကန်ထရိုက် စာချုပ်များ၊ ဒီမိုကရေစီ နှင့် ဒေသန္တရအုပ်ချုပ်ရေးဝန်ကြီးဌာနသည် စည်ပင်သာယာရေး၊ မြို့နယ်၊ ခရိုင်ကော်မတီများ နှင့် ဒေသန္တရအစိုးရ အဖွဲ့အစည်းများ ဆိုင်ရာ ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနသည် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ ပြန်လည်ထူထောင်ရေး နှင့် လူမှုရေးကိစ္စရပ်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မှတ်တမ်း, စာမျက်နှာ-၂၄၊

[33] ရပ်ရွာအဖွဲ့အစည်းများဖြစ်ပြီး အစိုးရဌာနများကို အထောက်အကူပြုနိုင်ရန်အတွက် အစိုးရမှ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါသည်။ မြင့်သိန်း၊ ပြောင်းလဲလာသော မြန်မာနိုင်ငံ အုပ်ချုပ်ပုံစနစ်များ၊ စာမျက်နှာ-၈၇၊

[34] ဦးကျော်, Changes in Territorial Administrative Structures and Role of Public Administrators in Myanmar, စာမျက်နှာ-၂၅၊

တိုက်ရိုက်ကွပ်ကဲသည့် လုံခြုံရေးနှင့် အုပ်ချုပ်ရေးကောင်စီများသို့ အာဏာများ အပ်နှင်းခဲ့ရပါသည်။[35] ထို့ပြင် ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍတွင် ဖွဲ့စည်းပုံအင်အား လျော့ကျသွားခဲ့ပြီး နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများကိုမူ ချဲ့ထွင်ခဲ့ပြီး စီးပွားရေးကဏ္ဍအား အစိုးရ၏ ထိန်းချုပ်မှုအောက်တွင် ထားရှိခဲ့ ပါသည်။[36]

ထွေအုပ်၏ ဖွဲ့စည်းပုံပြောင်းလဲမှုမှတ်တိုင်တစ်ခုမှာ ၁၉၇၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ တော်လှန်ရေးကောင်စီအစိုးရမှ ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံအား ကျယ်ပြန့်စွာ ပြန်လည်ဖွဲ့စည်းခဲ့ခြင်းပင် ဖြစ်ပါသည်။ တော်လှန်ရေးကောင်စီ၏ ကြေငြာချက်အမှတ် (၉၇) အရ၊ အုပ်ချုပ်ရေးဖွဲ့စည်းပုံအသစ် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။[37] ပြောင်းလဲမှုများမှာ ကိုလိုနီအမွေအနှစ်လက်ကျန် အဖြစ် ကျန်ရှိနေသေးသည့် အုပ်ချုပ်ရေးအာဏာများအား အတွင်းဝန်ရုံးအောက်တွင် ထားရှိမှုကို ရပ်ဆိုင်းခဲ့ပါသည်။ ထို့ပြင် လူဝင်မှု ကြီးကြပ်ရေး၊ အမျိုးသား မှတ်ပုံတင်ရေးနှင့်သန်းခေါင်စာရင်းဝန်ကြီးဌာန၊ ဒီမိုရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များဝန်ကြီး ဌာန [38] နှင့် သာသနာရေး ဝန်ကြီးဌာနတို့အားစုစည်း၍ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန အဖြစ်ပြောင်းလဲခဲ့ပါသည်။[39]

ပြန်လည်စုစည်းဖွဲ့စည်းခဲ့သည့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနအောက်တွင် အခြားဌာနများနှင့်မတူ ထူးခြားသည့် ဗဟိုနှင့် ဒေသန္တရအဆင့်ဆင့် အုပ်ချုပ်ရေးရုံးများ ပါဝင်သည့် ထွေအုပ် ဦးစီးဌာန ပါဝင်ခဲ့ပါသည်။ အဆိုပါရုံးများမှ မြို့ပြနှင့် ကျေးရွာ အုပ်ချုပ်ရေးလုပ်ငန်းများ ဖြစ်သည့် အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ စာနယ်ဇင်းစိစစ်ရေး၊ စာပေထုတ်ဝေသူ မှတ်ပုံတင်ရေး၊ ဒေသန္တရအစိုးရများအတွက် အုပ်ချုပ်မှု၊ ထောက်ပံ့မှု၊ ဘဏ္ဍာရေးနှင့် စီမံရေးရာကိစ္စရပ်များ အပြင် ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သည့် အခြား ကိစ္စရပ်များကို ဆောင်ရွက်ရပါသည်။[40] ကိုလိုနီလက်ကျန်အမွေအနှစ်များကို ပြင်ဆင်ရာတွင် အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အာဏာများ ဖြစ်သည့် တရားစီရင်ရေးအာဏာ၊ မြေနှင့်အခွန်စီမံခန့်ခွဲခြင်းတို့အား တရားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနများသို့ အသီးသီး လွှဲပြောင်းပေးအပ်ခဲ့ပါသည်။[41]

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အား ပြည်သူ့ ကောင်စီအစိုးရမှ ၁၉၈၈ ခုနှစ်အထိ ဦးဆောင်ခဲ့ပါသည်။[42] ဦးနေဝင်း၏ အုပ်ချုပ်မှုအောက်တွင် ပြည်နယ်/တိုင်း၊ မြို့နယ်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အဆင့်ဆင့်အား ပြည်သူ့ကောင်စီဥပဒေအရ ဖွဲ့စည်းခဲ့ပြီး၊ ဖွဲ့စည်းပုံမှာ ၁၉၆၂ ခုနှစ် တပ်မတော်သားများ ဦးစီးသည့် လုံခြုံရေးနှင့် အုပ်ချုပ်ရေးကောင်စီများ အတိုင်းဖြစ်ပါသည်။ ထွေအုပ်မှ ဝန်ထမ်းများအား အဆင့်ဆင့်သော ပြည်သူ့ကောင်စီများသို့ လွှဲပြောင်းပေးခဲ့ပြီး နိုင်ငံတော်ကောင်စီ၏ အုပ်ချုပ်မှုတွင်ထားရှိကာ ပြည်သူ့ကောင်စီရုံးများတွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ၁၉၇၇ ခုနှစ်တွင် အထွေထွေဦးစီးဌာနအဖြစ် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။[43]

---

[35] မြန်မာ့နိုင်ငံရေးစနစ်အပြောင်းအလဲကာလများ (၁၉၆၂-၁၉၇၄)၊ သမိုင်းသုတေသနဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊

[36] Alex Mutebi, 2005. 'Muddling Through' Past Legacies: Myanmar's Civil Bureaucracy and the Need for Reforms', စာမျက်နှာ-၁၂၊

[37] ဖွဲ့စည်းပုံပြောင်းလဲမှုများပြုလုပ်ခဲ့ရာတွင် (၁) အုပ်ချုပ်ရေးယန္တရား၏ အခြေခံဖြစ်သည့် အတွင်းဝန်ရုံးကို ဖျက်သိမ်း၍ ဝန်ကြီးဌာနများကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ (၂) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများကို ပြင်ဆင်ဖွဲ့စည်းခြင်း၊ (၃) အတွင်းဝန်ရုံးလက်စွဲကို ဖျက်သိမ်းပြီးနောက် အစိုးရ၏ စီမံခန့်ခွဲမှု လုပ်ထုံး လုပ်နည်းများကို ပြန်လည်ရေးဆွဲခြင်း၊(၄) လုံခြုံရေး နှင့် စီမံခန့်ခွဲရေးကော်မတီများကို အဆင့်ဆင့်တိုင်းတွင် ပြန်လည်ဖွဲ့စည်းခြင်း၊ ထွေအုပ်သတင်းလွှာ၊ စာမျက်နှာ-၂၆၊

[38] မြန်မာနိုင်ငံ၌ ဒေသန္တရရွေးကောက်ပွဲများကို ၁၉၅၄ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ ဒီမိုရေစီ ဒေသန္တရအုပ်ချုပ်ရေး နှင့် ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန အနေဖြင့် ခရိုင် (၁၀) ခုရှိ ၂,၁၅၃ ကျေးရွာကောင်စီ နှင့် ရပ်ကွက်ကောင်စီ (၅၁၈) ခု နှင့် မြို့ကောင်စီ (၅၈) ခု၊ မြို့နယ်ကောင်စီ (၅၇) ခု နှင့် ခရိုင်ကောင်စီ (၁၀) ခုတို့ကို စီမံခန့်ခွဲပါသည်။ ၁၉၆၁ ခုနှစ်တွင် ဒီမိုရေစီ ဒေသန္တရအုပ်ချုပ်ရေး နှင့် ဒေသန္တရအဖွဲ့များ ဥပဒေကို ရုတ်သိမ်းခဲ့ပါသည်။ Thein, 2000၊ စာမျက်နှာ-၁၂၀၊

[39] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မှတ်တမ်း စာမျက်နှာ-၂၆၊

[40] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မှတ်တမ်း၊ စာမျက်နှာ-၂၇၊

[41] ဦးကျော်, စာမျက်နှာ-၄၃၊

[42] ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေ၏ အရေးကြီးသော ပြောင်းလဲမှုတစ်ရပ်မှာ ဗမာအများစုနေထိုင်သည့် တိုင်း (၇) တိုင်း လက်ရှိအတိုင်း သတ်မှတ်ပြီး တိုင်းရင်းသားလူမျိုးများနေထိုင်သည့် ပြည်နယ် (၇) ခု ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အကြား အုပ်ချုပ်ရေးအဆင့်ဆင့် ကွာဟချက်များကို ဖျက်သိမ်းခဲ့ခြင်းပင် ဖြစ်ပါသည်။ ပြည်နယ် နှင့် တိုင်း (၁၄) ခုမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခုအခါ တန်းတူရည်တူရှိသည့် ပြည်နယ် နှင့် တိုင်းဒေသကြီး (၁၄) ခု ဖြစ်လာခဲ့ပါသည်။

[43] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း၊ စာမျက်နှာ-၂၈၊

ဦးနေဝင်းခေတ် အုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအနက် ပြုပြင်ပြောင်းလဲမှုများ၏ အဆိုးရွားဆုံးရလာဒ်တစ်ခုမှာ ပြည်သူ့ရေးရာ မူဝါဒများရေးဆွဲခြင်းနှင့် အောက်ခြေအဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ယိုယွင်းပျက်စီးခဲ့ခြင်း ပင်ဖြစ်ပါသည်။ အဆိုပါ ဆိုးမွေများအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက် အသွင်ကူးပြောင်းရေးကာလများ အထိ ခါးစည်းခံနေရပါသည်။[44]

## ၂.၃ ၁၉၈၈ ခုနှစ် နောက်ပိုင်း အုပ်ချုပ်မှုစနစ်

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) မှ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို တာဝန်ယူပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ အုပ်ချုပ်မှုစနစ်အား ပြုပြင်ပြောင်းလဲမှုများ သိသိသာသာ ပြုလုပ်ခဲ့ပါသည်။ ဦးနေဝင်းခေတ်ကာလက ဆောင်ရွက်ခဲ့သည်များအတိုင်း နဝတ သည် တပ်မတော်သားများ၊ ထွေအုပ်ဝန်ထမ်းများ နှင့် ရဲဝန်ထမ်းများပါဝင်သည့် ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအသီးသီးတွင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ အဆင့်ဆင့် ဖွဲ့စည်းခဲ့ပါသည်။[45] လက်ရှိ ထွေအုပ်အား ထိုအချိန်မှစတင်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အထွေထွေဦးစီးဌာနအား ပြန်လည်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟူ၍ ပြင်ဆင်ခေါ်ဆိုခဲ့ကာ ပြည်ထဲရေးနှင့် သာသနာရေး တို့ကို သီးခြားဝန်ကြီးဌာနများအဖြစ် ခွဲထုတ်ခဲ့ပါသည်။[46] ၁၉၈၈ ခုနှစ်တွင် ထွေအုပ်၌ အထွေထွေ၊ မြေနှင့် ယစ်မျိုးခွန်၊ စာပေစီစစ်ရေး နှင့် မှတ်ပုံတင်၊ ဘဏ္ဍာရေးနှင့် ဝန်ထမ်းရေးရာဟူ၍ ဌာန (၅) ခုရှိပြီး ပြည်နယ်နှင့် တိုင်းရုံးပေါင်း (၁၄) ခု၊ ခရိုင်ရုံးပေါင်း (၅၀) ခု နှင့် မြို့နယ်ရုံးပေါင်း (၃၁၄) ခုတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။[47]

နဝတနှင့် နောက်ပိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နယက) ကာလများအတွင်း ထွေအုပ်၏ တာဝန်များမှာ ကောင်စီအဆင့်ဆင့်၏ လုပ်ငန်းများတွင် အခြေပြုပါသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ထွေအုပ်သည် နဝတ ကောင်စီ အဆင့်ဆင့် နှင့် နယကကောင်စီ အဆင့်ဆင့်၏ ဒေသန္တရအုပ်ချုပ်ရေးများကို အဓိကဆောင်ရွက်ခဲ့ရပါသည်။ ကောင်စီများတွင် တပ်မတော်မှ ဦးဆောင်မှု အခန်းကဏ္ဍကို ရယူထားပြီး ညွှန်ကြားချက်များနှင့် တာဝန်များကို အကောင်အထည်ဖော်ရာတွင် ထွေ/အုပ်ဦးစီးဌာနမှ အထွေထွေအုပ်ချုပ်ရေးနှင့်ပတ်သက်သည့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးရပါသည်။ တပ်မတော်သားများ အနေဖြင့် ကောင်စီများအား အမြဲဦးဆောင်လေ့ရှိပြီး ထွေအုပ်ဝန်ထမ်း၊ ရဲနှင့် ဥက္ကဌမှ ခန့်အပ်သူတို့မှ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကြပါသည်။ ပြည်နယ်/တိုင်း၊ ခရိုင် နှင့် မြို့နယ်ကောင်စီအဆင့်ဆင့်အား အဆိုပါဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းခဲ့ကြပါသည်။[48]

နဝတနှင့် နယကကောင်စီများလက်အောက်၌ ထွေအုပ်ရုံးများ၏ အဓိကတာဝန်များမှာ မြို့ပြနှင့် ကျေးလက် အုပ်ချုပ်မှု၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ စာပေစီစစ်ရေးနှင့် မှတ်ပုံတင်ခြင်း၊ မြေ၊ ယစ်မျိုးခွန်နှင့် အခွန်အရပ်ရပ် ကောက်ခံခြင်းတို့ ပါဝင်ပါသည်။[49] ဝန်ထမ်း အင်အား ဖွဲ့စည်းပုံအရ ဌာနကြီး (၅) ခုဖြင့် ဖွဲ့စည်းထားပြီး ၎င်းတို့၏ တာဝန်များမှာ (၁) ဝန်ထမ်းရေးရာ၊ ဘတ်ဂျက် နှင့် စာရင်းအင်း၊ (၂) အစည်းအဝေးများ၊ အစီရင်ခံစာများနှင့် ရွေးကောက်ပွဲကော်မရှင်အား ပံ့ပိုးခြင်း၊ (၃) ဥပဒေရေးရာ၊ လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေး နှင့် မြို့ပြငှားရမ်းမှု၊ (၄) မြေနှင့် ယစ်မျိုးခွန်များ၊ အခွန်ကောက်ခံမှုနှင့် အခြားဝန်ကြီးဌာနများမှ လွှဲအပ်ထားသည့် တာဝန်များ၊ (၅) စီးပွားရေး၊ လူမှုရေးနှင့် နယကရေးရာ ကိစ္စရပ်များ ဖြစ်ပါသည်။[50] နဝတလက်ထက်တွင် ထွေအုပ်သည် အာဏာအချို့ ပြန်လည် ရရှိခဲ့ပြီး အရပ်ဘက်ဆိုင်ရာ ဥပဒေများ (ဥပဒေစုစုပေါင်း ၃၅ ခု)၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများ နှင့် ကြေညာချက်များ ထုတ်ပြန်နိုင်ခဲ့ပါသည်။[51] ကနဦးပိုင်းတွင် ထွေအုပ်မှ

---

[44] As Alex Mutebi မှ မှတ်ချက်ပြုခဲ့သည်မှာ အဆိုပါခေတ်တွင် အစိုးရဌာနများမှာ "အရေးမပါသည့် လျို့ဝှက်ချက်များ၊ လစ်ဟာချက်များကို ဖုံးနိုင်ရန် သတင်းအချက်အလက်များ ပြောင်းလဲနိုင်ရေးအတွက် စီမံဆောင်ရွက်နေရခြင်း၊ မကျေမနပ်ဖြစ်နေမှုများကို ထိန်းသိမ်းခြင်း၊ ဆောင်ရွက်ချက်များကို အလွန် အကျွံ ဖော်ပြခြင်း နှင့် သတင်းအချက်အလက်များ လုပ်ကြံဖြန့်ဖြူးခြင်းတို့ဖြင့် အလုပ်ရှုပ်နေကြသည်။" စာမျက်နှာ-၁၃၊

[45] ဦးကျော်၊ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု လေ့လာခြင်း၊ စာမျက်နှာ-၂၈၊

[46] လက်ရှိ ထွေအုပ်ဦးစီးဌာန၏ ဖွဲ့စည်းမှုမှာနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၂၂-၉-၁၉၈၈) ရက်စွဲပါ ကြေငြာချက်အမှတ် (၁/၈၈)၊ (၇-၁၁-၁၉၈၈) ရက်စွဲပါ ကြေငြာချက်အမှတ် (၄/၈၈) တို့ဖြင့် ထွေအုပ်၏ အခွင့်အာဏာများကို ဥပဒေ၊ နည်းဥပဒေ နှင့် အမိန့်ကြော်ငြာစာများဖြင့် ပေးအပ်ခဲ့ပြီး ဌာနအမည်အား ပြောင်းလဲကာ ပြည်ထဲရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ပေးခဲ့ပါသည်။

[47] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း ၊ စာမျက်နှာ-၄၉၊

[48] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း၊ နောက်ဆက်တွဲ

[49] နေထွန်း, စာမျက်နှာ-၃၆၊

[50] နေထွန်း, စာမျက်နှာ-၃၇၊

[51] အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း, စာမျက်နှာ-၃၇၊

မြို့နယ်အဆင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၄ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ် ခဲ့ပါသည်။[52]

လက်ရှိ ထွေအုပ်၏ ရည်ရွယ်ချက်နှင့် တာဝန်ဝတ္တရားများမှာ နဝတ/နယက လက်ထက်မှ ရရှိခဲ့သည့် အမွေအနှစ်များ ဖြစ်ပါသည်။ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် တာဝန်ဝတ္တရားများ အားလုံးနီးပါးပင် ဖြစ်ပါသည်။[53] ထွေအုပ်၏ လက်ရှိ မူဝါဒလမ်းညွှန်များ၊ ဦးစားပေး အစီအစဉ်များ၊ ဥပမာအားဖြင့် ဆောင်ပုဒ်များကို လေ့လာကြည့်ပါက ထွေအုပ်၏ အစဉ်အဆက်ရှိခဲ့သည့် ဝိသေသကို လေ့လာ နိုင်ပါသည်။ နဝတ/နယက လက်ထက်တွင် ထွေအုပ်အား ဖွဲ့စည်းပုံအင်အား တိုးချဲ့ခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး ကဏ္ဍတွင် အရေးပါမှုအတိုင်းအတာလည်း မြင့်မားလာခဲ့ပါသည်။ ဥပမာအားဖြင့် ၁၉၈၈ ခုနှစ်တွင် ဝန်ထမ်းအင်အား ၂၆,၂၃၆ ဦးရှိခဲ့ရာမှ ခရိုင်ရုံးများ၊ မြို့နယ်ရုံးများနှင့် မြို့နယ်ခွဲရုံးသစ်များ ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း ၁၉၉၅ ခုနှစ်တွင် ၃၁,၃၃၉ ဦးအထိ များပြား လာခဲ့ပါသည်။[54]

---

[52] နယက၏ ကြေငြာချက်အမှတ် (၁၅/၉၄)၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း ၊ စာမျက်နှာ-၄၉၊

[53] အဆိုပါ အမွေအနှစ်များတွင် တပ်မတော်အစိုးရ အစောပိုင်းလက်ထက်ကာလများတွင် အသုံးပြုခဲ့သည့် အတင်းအဓမ္မခိုင်းစေမှုလည်း ပါဝင်ပါသည်။ "ကျေးရွာလက်စွဲ" တွင် အတင်းအဓမ္မခိုင်းစေမှုကို ခွင့်ပြုထားပြီး နောက်ပိုင်းတွင် စစ်အစိုးရ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတင်းအဓမ္မ ခိုင်းစေမှုများကြောင့် ကန့်ကွက်မှုများ ဖြစ်စေခဲ့ပါသည်။

[54] ထွေအုပ်သတင်းလွှာ၊ စာမျက်နှာ-၅၄၊

# အခန်း (၃) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဦးစီးရုံး၏ တာဝန်နှင့် ဖွဲ့စည်းပုံ

*တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး*

- ထွေအုပ်၏ ရည်မှန်းချက်[55]

သမိုင်းကြောင်းကို နောက်ခံထား၍ တင်ပြပြီးနောက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ လက်ရှိရည်မှန်းချက်များ၊ နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သည့်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ဒေသန္တရ အုပ်ချုပ်ရေးတွင် မည်သို့မည်ပုံ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်ကို ဆက်လက်တင်ပြသွားပါမည်။

## ၃.၁ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ရည်ရွယ်ချက်

ထွေအုပ်သည် ၁၉၈၈ ခုနှစ်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတစ်ခုဖြစ်ပါသည်။ အခြေခံဥပဒေ အရ ပြည်ထဲရေးဝန်ကြီးဌာနသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသရေးရာဝန်ကြီးဌာန တို့နည်းတူ တပ်မတော်သား ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောဌာနဖြစ်ပါသည်။

**ထွေ/အုပ်ဦးစီးဌာန၏ဆောင်ပုဒ်**

- ➢ နိုင်ငံတော်မူဝါဒကို လိုက်နာရေး
- ➢ အခြေခံသဘောတရားနှင့် ကိုက်ညီရေး
- ➢ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်ရေး။

**ထွေ/အုပ်ဦးစီးဌာန၏ ကျင့်စဉ်**


- ➢ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစား၊
- ➢ အင်တိုက်အားတိုက် လုပ်၊
- ➢ မှန်မှန်ကန်ကန် ပြော၊
- ➢ ခိုင်ခိုင်မာမာ ရပ်တည်၊
- ➢ ရိုးရိုးသားသား နေထိုင်ပြောဆို၊
- ➢ ပြည်သူတွေနှင့် ပြေပြေပြစ်ပြစ် ယဉ်ယဉ်ကျေးကျေးဆက်ဆံ။

ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ညီနောင်ဦးစီးဌာနနှင့် အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့သည် လုံခြုံရေးနှင့် ဆက်နွယ်သည့် ဌာနများဖြစ်ပါသည်။ ညီနောင်ဦးစီးဌာနများတွင် ထွေအုပ်အနေဖြင့် အုပ်ချုပ်ရေးကဏ္ဍမှနေ၍ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ထွေအုပ်အနေဖြင့် အသစ်ဖွဲ့စည်းလိုက်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ အပါအဝင် လုံခြုံရေးကဏ္ဍသည် အထွေထွေ အုပ်ချုပ်ရေး၏ အဓိကတာဝန်တစ်ရပ် ဖြစ်လာကြောင်း ပြောဆို မှုများရှိပါသည်။[56] ပြည်ထဲရေးဝန်ကြီးဌာနကဲ့သို့ပင် ထွေအုပ်၏ အဓိက ရည်ရွယ်ချက်များမှာ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ကျေးရွာနှင့် မြို့နယ်များ သာယာဝပြောရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးကိစ္စရပ်များ ဆောင်ရွက် ပေးရန်တို့ဖြစ်ပါသည်။[57] မြန်မာနိုင်ငံ၏ ကျေးရွာ အောက်ခြေအဆင့်ထိ အစိုးရ၏ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရပြီး နေပြည်တော်သို့ သက်ဆိုင်ရာ အချက်အလက်များအား ပြန်လည်အစီရင်ခံ တင်ပြရပါသည်။ ထိုသို့တင်ပြရာတွင် လူဝင်/ထွက်သွားလာမှု အခြေအနေ၊ လုံခြုံရေးဆိုင်ရာ ဖြစ်စဉ်များ၊ အခြေခံ လူဦးရေစာရင်းများပါဝင်ပါသည်။ ထို့ပြင် ထွေအုပ်အနေဖြင့် တရားမမှုဆိုင်ရာ ဥပဒေအချို့ကို အကောင်အထည်ဖော်ပေးရပါသည်။

[55] ထွေအုပ်ဦးစီးဌာန လက်ကမ်းစာစောင်၊

[56] Robert Taylor မှ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်မှု နှင့် ရည်ရွယ်ချက်များမှာ - "ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ထွေအုပ်အား အစိုးရအဖွဲ့အတွင်းရေးမှူးနေရာတွင် ခန့်ထားစေ၍ ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များကို ဗဟိုမှ ချုပ်ကိုင်စီမံခန့်ခွဲခြင်း" ဖြစ်သည်ဟု သုံးသပ်ဖော်ပြထားပါသည်။ စာမျက်နှာ-၅၀၁၊

[57] ပြည်ထဲရေးဝန်ကြီးဌာန၏ ပါဝါပွိုင့်၊




အထက်တွင်ဖော်ပြထားသည့်အတိုင်း ထွေအုပ်နှင့်ပတ်သက်သည့် ဥပဒေပြဌာန်းချက်များကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ၂၀၁၀ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေတို့တွင် ဖော်ပြထားပါသည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရ နှင့် ဒေသန္တရအုပ်ချုပ်ရေးအဆင့်ဆင့်များအကြား ဆက်သွယ်ပေးနေ သည့်ထွေအုပ်၏ အဓိကတာဝန်နှင့် နိုင်ငံ၏ အုပ်ချုပ်ရေးဆိုင်ရာ စီရင်စုများဖြစ်သည့် ခရိုင်နှင့်မြို့နယ်များ၏ တိုက်ရိုက် အုပ်ချုပ်ရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ရပါသည်။ ထိုမျှမက မြန်မာနိုင်ငံ၏ အထက်၊အောက်အဆင့်ဆင့် နှင့် ပထဝီဒေသအလိုက် ခွဲခြားအုပ်ချုပ်မှုများကို ချဲ့ထွင်ခဲ့ရာ ထွေအုပ်အနေဖြင့် အသစ်ဖွဲ့စည်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များတွင်သာမက ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင်ပါ တာဝန်များ ထမ်းဆောင်လာရပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထွေအုပ်နှင့်ပတ်သက်သည့် ပြဌာန်းချက်[58]

- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။ ထို့အပြင်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ရုံး လည်းဖြစ်သည်။
- နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးအမှူးသည် ရာထူးအလျောက် နေပြည်တော်ကောင်စီ အတွင်းရေးမှူးဖြစ်သည်။ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နေပြည်တော်ကောင်စီရုံးဖြစ်သည်။
- ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်။

၂၀၁၀ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ထွေအုပ်၏ အဓိက တာဝန်များကို ထပ်လောင်းဖော်ပြ၍ အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဆင့် အုပ်ချုပ်ရေးကဏ္ဍတွင် ၎င်း၏ တာဝန်၊ ဝတ္တရား နှင့် ဖွဲ့စည်းပုံများကို အသေးစိတ် အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ သို့ဖြစ်ရာ ထွေအုပ်၏ ဝန်ထမ်းများ အနေဖြင့် ပြည်နယ် နှင့် တိုင်းဒေသကြီး အစိုးရများ၏ ရုံးအဖွဲ့ (၃) ခု အတွက် တာဝန်များ ထမ်းဆောင်ရပါသည်။ ၎င်းတို့မှာ ပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ လွှတ်တော်များ၊ ဝန်ကြီးချုပ်များ နှင့် ၎င်းတို့၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအတွက်ဖြစ်ပြီး နောက်ပိုင်းတွင် အသေးစိတ် ဆက်လက်ဖော်ပြသွားပါမည်။

[58] ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ 260၊ 287 နှင့် 288၊

၂၀၁၀ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေ နှင့် အစိုးရအဖွဲ့ဥပဒေ[59]

> - လွှတ်တော်ရုံးဆိုသည်မှာ လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို ဆောင်ရွက်ရန်ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုဆိုလိုသည်။
> - တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် သက်ဆိုင် ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးအဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။
> - တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ အဖွဲ့ရုံးဖြစ်သည်။

ယေဘုယျအားဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်အရာရှိများပါဝင်သည့် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်း ဖြစ်သည့် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်တို့ကို ဖျက်သိမ်းလိုက်သည့်အတွက် ထွေအုပ်၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ အရေးပါမှုနှင့် အခွင့်အာဏာများ ထင်ရှားလာခဲ့ပါသည်။ အုပ်ချုပ်ရေးကဏ္ဍတွင် အဓိကပါဝင်ခဲ့သည့် တပ်မတော်အနေဖြင့် ခရိုင်၊ မြို့နယ် နှင့် ကျေးရွာအဆင့်များတွင် ၎င်း၏ပါဝင်မှုများကို လျှော့ချခဲ့ချိန်တွင် အခြားအစိုးရဌာနများ အနေဖြင့်လည်း အုပ်ချုပ်ရေးပိုင်းတွင် လုပ်ပိုင်ခွင့်နှင့် တာဝန်များ အပြောင်းအလဲ မရှိခဲ့သည့် အတွက်ကြောင့် ဖြစ်ပါသည်။ ဒေသန္တရအဆင့်တွင် ထွေအုပ်သည် အစိုးရတစ်ပိုင်း ဖြစ်လာခဲ့ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများ ရှိသော်လည်း မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများမှလွဲ၍ သီးခြားဝန်ထမ်းများ မရှိသည့်အတွက် ပုံမှန်တာဝန်များ ထမ်းဆောင်ရန် ထွေအုပ်အပေါ် လုံးဝမှီခိုနေရပါသည်။ [60] စည်ပင်သာယာရေးအဖွဲ့များမှာလည်း ပြည်နယ်နှင့်တိုင်းအစိုးရများ၏ အုပ်ချုပ်မှုအောက်တွင်ရှိပြီး ၎င်းတို့သည် မူဂါဒရေးဆွဲသော ကဏ္ဍတွင် မပါဝင်ပါ။

ထွေအုပ်အနေဖြင့် ခရိုင် နှင့် မြို့နယ်အဆင့်များတွင် အုပ်ချုပ်မှုအာဏာများကို ထိန်းသိမ်းထားသော်လည်း ကျေးရွာ အုပ်စုအဆင့် အုပ်ချုပ်ရေးတွင် ပြောင်းလဲမှုများ သိသိသာသာ ဖြစ်ပေါ်ခဲ့ပုံကို နောက်ပိုင်းတွင် ဆက်လက် ဖော်ပြသွားပါမည်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၈၉ တွင် "ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေး ကို ရပ်ရွာကကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ် တစ်ဦးဦးကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက် စေရမည်" ဟုဖော်ပြထားပါသည်။ ထိုသို့အကောင်အထည်ဖော်နိုင်ရန် ၂၀၁၂ ခုနှစ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များအား ရွေးချယ်တင်မြှောက်ပြီး၊ ကျေးရွာအုပ်စု စာရေးများမှာ ထွေအုပ် မြို့နယ် အုပ်ချုပ်ရေးမှူးများမှ ခန့်အပ်ခဲ့ပါသည်။[61]

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ် နှင့် တိုင်းဒေသကြီးများ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများ ထည့်သွင်းထားခြင်းမှာ ထူးခြားပါသည်။ ထွေအုပ်အနေဖြင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁) တိုင်း နှင့် ဒေသ (၅) ခုတို့၏ အုပ်ချုပ်ရေးကိုလည်း ဦးဆောင်ရန် ဥပဒေပြဋ္ဌာန်းပေးထားပါသည်။[62] ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၃ တွင်-

"သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူး သည် ရာထူးအလျောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရ ဒေသ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီး အဖွဲ့ရုံးလည်းဖြစ်သည်။"

၂၀၁၀ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေနှင့်အတူ ၂၀၁၀ ခုနှစ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် တိုင်းဥပဒေကိုလည်း ပြဋ္ဌာန်းထားရှိပြီး ယင်းဥပဒေ၏ ပုဒ်မ ၅ တွင် "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် တိုင်း၏ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အကြီးအမှူးသည် ရာထူးအလျောက် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် တိုင်းဦးစီးအဖွဲ့နှင့် လုပ်ငန်းကော်မတီ၏ အတွင်းရေးမှူးဖြစ်ပါသည်။ ရွေးချယ်တင်မြှောက်ခြင်း ခံထားရသူ မဟုတ်ပါ။"

---

[59] ၂၀၁၀ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥပဒေ၊ ပုဒ်မ ၂ (ည) နှင့် အစိုးရအဖွဲ့ဥပဒေ၊ ပုဒ်မ ၃(ခ) နှင့် ၆၁၊

[60] ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များအတွင်း ပြည်နယ် နှင့် တိုင်းဒေသကြီးများ၏ ဘတ်ဂျက်အသုံးစရိတ်အား ထွေအုပ်၏ ဘတ်ဂျက်အသုံးစရိတ်မှ ခွဲထုတ်ခဲ့ပြီး လွှတ်တော်၏ လွတ်လပ်ခွင့်ကို မြှင့်တင်ခဲ့သော်လည်း ဝန်ထမ်းများအားလုံးမှာ ထွေအုပ်မှဖြစ်ပါသည်။

[61] ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ပုဒ်မ ၈၊

[62] ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ ဝတိုင်းဒေသ ဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ကိုးကန့်၊ နာဂ၊ ပအို့၊ ပလောင် နှင့် ဓနုဒေသများဖြစ်ပါသည်။

အထက်ဖော်ပြပါ ဥပဒေပြဌာန်းချက်များကို ထောက်ရှုခြင်းအားဖြင့် ထွေအုပ် ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ ကဏ္ဍ (၂) ရပ်တွင် ပါဝင် ဆောင်ရွက်နေသည်ကို တွေ့မြင်ရပါသည်။[63] ပထမတစ်ခုမှာ "မူလတာဝန်များ" ဖြစ်ပြီး ဒုတိယ တစ်ခုမှာ ၂၀၁၁ ခုနှစ်၊ ဧပြီလမှ စတင်၍ သက်ဝင်လုပ်ရှားလာသည့် ဒေသန္တရ အုပ်ချုပ်ရေး စနစ်သစ် နှင့် နိုင်ငံတကာဖွံ့ဖြိုးရေး အကူအညီများကြောင့် ပေါ်ထွက် လာသည့် "တာဝန်သစ်များ" ဖြစ်ပါသည်။


**ထွေ/အုပ်ဦးစီးဌာနဝန်ထမ်းများ**

- ညွှန်ကြားရေးမှူးချုပ် (၁)
- ဒုတိယညွှန်ကြားရေးမှူးချုပ် (၁၆)
- ညွှန်ကြားရေးမှူး (၂၅)
- ဒုတိယညွှန်ကြားရေးမှူး (၁၃၂)
- လက်ထောက်ညွှန်ကြားရေးမှူး (၄၉၃)
- ဦးစီးအရာရှိ (၁,၄၅၂)

ပထမကဏ္ဍအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဆက်စပ်ဥပဒေများတွင် ထွေအုပ်၏ မူလတာဝန်များဖြစ်သည့် ယစ်မျိုးစီမံခန့်ခွဲမှု၊ အခွန်အမျိုးမျိုးကောက်ခံမှု၊ လူဦးရေစာရင်းကောက်ခံမှု၊ လယ်ယာမြေစီမံခန့်ခွဲမှု နှင့် ဒေသတွင်း ပဋိပက္ခဖြေရှင်းမှုများကို ထဲထဲဝင်ဝင် ဖော်ပြထားခြင်းမရှိပါ။ နိုင်ငံတော်၏ အုပ်ချုပ်ရေးယူနစ်များဖြစ်သည့် ခရိုင် နှင့် မြို့နယ်များအား အုပ်ချုပ်ခြင်း နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုပေါင်း ၁၆,၇၀၀ ကျော်အား စီမံခန့်ခွဲခြင်းတို့ဖြင့် ထွေအုပ်အနေဖြင့် ၎င်း၏ မူလတာဝန်များကို ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါ မူလတာဝန်များကို ထွေအုပ်၏ ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံတွင် ဆက်လက်တင်ပြသွားပါမည်။ ယင်းတာဝန် များကို ဗဟိုမှ ထိန်းချုပ်၍ အောက်ခြေအဆင့် ထွေအုပ်ရုံးများမှ အကောင် အထည်ဖော် ဆောင်ရွက်ရပါသည်။

ဒုတိယကဏ္ဍမှာမူ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရ (၁၄) ခု နှင့် နေပြည်တော် ပြည်ထောင်စုနယ်မြေများ ဖွဲ့စည်းခဲ့ခြင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ "ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု" လမ်းစဉ်နှင့် မြို့နယ်၊ ကျေးရွာအဆင့်သို့ ရောက်ရှိလာသည့် နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီများ ကြောင့် ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ သိသာသော ပြောင်းလဲမှုတစ်ခုအဖြစ် ယခင်ကတာဝန်ယူခဲ့ ဖူးခြင်း မရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများဖြစ်သည့် ဝန်ကြီးချုပ်နှင့် လွှတ်တော်များ၏ အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူလိုက်ရခြင်းပင် ဖြစ်ပါသည်။[64]


*ပုံ (၁) ထွေအုပ်၏ ကဏ္ဍ (၂) ရပ်*




[63] အဆိုပါ ကဏ္ဍ (၂) ခု အယူအဆမှာ အဆင့်မြင့် ထွေအုပ်ဝန်ထမ်းများအား တွေ့ဆုံမေးမြန်းရာတွင် ကြိမ်ဖန်များစွာ ဖြေကြားခဲ့ကြသော်လည်း ထွေအုပ် မူဝါဒလမ်းညွှန်တွင် ပါရှိခြင်းမရှိပါ။ မွန်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးမှ အဆိုပါ ကဏ္ဍများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်း ပြောကြား ပေးခဲ့ပါ သည်။

[64] ယင်းတာဝန်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား (၂) ပါ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

တာဝန်သစ်များကြောင့် ထွေအုပ်အနေဖြင့် မူလက ပြည်ထောင်စုအစိုးရအတွက်သာ တာဝန်ခံဆောင်ရွက်နေခြင်းမှ ဒေသန္တရ အစိုးရများ





ပေါ်ထွန်းလာခြင်းကြောင့် ၎င်း၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဗဟိုမှချုပ်ကိုင်မှု အတန်အသင့် လျော့ကျပြီး ဒေသအဆင့်ကိုပါ ဆောင်ရွက်ပေးနေရသည့် ဌာနတစ်ခုဖြစ်လာပါသည်။ သို့ဖြစ်၍ ထွေအုပ် နှင့် ၎င်း၏ အထက်၊ အောက် အဆင့်ဆင့်ဖွဲ့စည်းထားရှိသည့် အုပ်ချုပ်ရေးမှူးများသည် မြန်မာနိုင်ငံ၏ ဒေသန္တရ အုပ်ချုပ်ရေး ဖွဲ့စည်းပုံတွင် အဓိက ကျောရိုးဖြစ်လာပါသည်။ ထိုမျှမက ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ၊ ယင်းနှင့်သက်ဆိုင်သည့် မြို့နယ်အဆင့် နှင့် ကျေးရွာအဆင့် ညှိနှိုင်းရေးကော်မတီများ၊ လူထုမှပါဝင်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီအစဉ် နှင့် ငွေကြေးဆိုင်ရာ စသည့်ကိစ္စများကြောင့် ထွေအုပ်မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ တာဝန်များ ထပ်တိုးလာခဲ့ပါသည်။

ထိုသို့ ကဏ္ဍ (၂) ခုတွင် တာဝန်ထမ်းဆောင်နေရသော်လည်း ဌာနခွဲသစ်တစ်ခု ထပ်တိုး ဖွင့်လှစ်ခြင်းမှလွဲ၍ ထွေအုပ်ရုံးချုပ်၏ ဖွဲ့စည်းပုံ နှင့် ဝန်ထမ်းများကို သိသိသာသာ ပြင်ဆင် ဖွဲ့စည်းခဲ့ခြင်း မရှိပါ။ အဆိုပါဌာနမှာ နိုင်ငံတကာရေးရာဌာနခွဲဖြစ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရန် လိုအပ်ချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။[65] တစ်ဖက်တွင်မူ ဒေသအဆင့် ဖွဲ့စည်းပုံ နှင့် ဝန်ထမ်းအင်အားများကို သိသာစွာ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ မြို့တော်များတွင် သက်ဆိုင်ရာ ဝန်ကြီးချုပ်များနှင့် လွှတ်တော်များကို ပံ့ပိုးနိုင်ရန် ထွေအုပ်ရုံး (၂) ရုံးဖွဲ့စည်းခဲ့ပါသည်။ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခု နှင့် တိုင်း (၁) တို့တွင်လည်း ဒေသအစိုးရများကို ပံ့ပိုးနိုင်ရန် ထွေအုပ်ရုံးများ ဖွင့်လှစ် ပေးခဲ့ပါသည်။ ထွေအုပ်အနေဖြင့် ဒေသအဆင့်တွင် ၎င်း၏ဝန်ထမ်းအင်အားများ တိုးမြှင့်ခဲ့သလို အုပ်ချုပ်ရေးမှူးများ၏ ရာထူးများ ကိုလည်း စနစ်တကျ အဆင့်ဆင့် တိုးမြှင့်သတ်မှတ်ပေးခဲ့ပုံကို သက်ဆိုင်ရာအပိုင်းတွင် အသေးစိတ် ဆက်လက် ဖော်ပြသွားပါမည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံ အုပ်ချုပ်မှုယန္တရား၏ ကျောရိုးဖြစ်သည့် ထွေအုပ်၏ကဏ္ဍအား အင်အားထပ်ဖြည့်ခြင်းဖြင့် ချဲ့ထွင်လိုက်ခြင်းပင်ဖြစ်ပါသည်။ ထွေအုပ်ဝန်ထမ်းအင်အား စုစုပေါင်း ၃၆,၀၈၀ ဦးဖြင့် တစ်နိုင်ငံလုံးသို့ အုပ်ချုပ်ရေးမှူး အဆင့်ဆင့်များမှ တစ်ဆင့် အထူးသဖြင့် အရေးကြီးသော မြို့နယ်အဆင့်များသို့ ဖြန့်ကျက်ထားနိုင်ခဲ့ပါသည်။ အောက်ဖော်ပြပါပုံ သည် မြန်မာတစ်နိုင်ငံလုံးရှိ ထွေအုပ်၏ ဖြန့်ကျက်ထားနိုင်မှုကို ဖော်ပြထားပါသည်။

**ပုံ (၂)၊ ထွေအုပ် ရုံးများ၊ အုပ်ချုပ်ရေးမှူးများ နှင့် ဝန်ထမ်းများ[66]**




[65] ထွေအုပ်သတင်းလွှာ

[66]အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှတ်တမ်း

ထွေအုပ်၏ လူ့အရင်းအမြစ်များမှာ အရေးကြီးပါသည်။ ထွေအုပ်တွင် အရာထမ်းနှင့် အမှုထမ်းဟူ၍ ခွဲခြားထားပါသည်။ [67] ဝန်ထမ်းအင်အားအများစုမှာ မြို့နယ်နှင့်ကျေးရွာအုပ်စုအဆင့်တွင်ဖြစ်ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်းအင်အားမှာ အများဆုံး ဖြစ်ပါသည်။ အဆင့်မြင့်စီမံခန့်ခွဲသည့်ဝန်ထမ်းများဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ၁၆ ဦး အနက် ၁၄ ဦးမှာ နေပြည်တော်တွင် ရုံးမထိုင်ဘဲ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရုံးထိုင်ပါသည်။ မြို့နယ်များသည် လူဦးရေကို အခြေခံ၍ ဖွဲ့စည်းထားခြင်း မဟုတ်သော်လည်း မြို့နယ်ရုံးများဖွဲ့စည်းပုံမှာ တစ်ပုံစံတည်းသာဖြစ်သဖြင့် လူဦးရေနှင့် ထွေအုပ်ဝန်ထမ်း အချိုးအစားမှာ တစ်နေရာနှင့်တစ်နေရာ မတူညီကြပါ။[68] ထွေအုပ်ဝန်ထမ်းများသည် တစ်နေရာတွင် (၃) နှစ်ကြာ လှည့်လည် တာဝန်ထမ်းဆောင်ရပါသည်။

ထွေအုပ်ဝန်ထမ်းများအကြား အရာထမ်းနှင့် အမှုထမ်းများအကြား ကျား/မ အချိုးအစားကိုလည်း သတိချပ်သင့်ပါသည်။ [69] အမှုထမ်းများအနက် ၆၅% မှာ အမျိုးသားများဖြစ်ပြီး ၃၅% မှာ အမျိုးသမီးများဖြစ်ပါသည်။ သို့သော်လည်း အရာထမ်း ဝန်ထမ်းများတွင်မူ ၈၉% မှာ အမျိုးသားများဖြစ်ပြီး ၁၁% သာ အမျိုးသမီးများဖြစ်ပါသည်။ နိုင်ငံ၏ မြို့နယ်ပေါင်း ၃၃၀ တွင် အမျိုးသမီး မြို့နယ်အုပ်ချုပ်ရေးမှူး တစ်ဦးတစ်ယောက်မျှ မရှိပါ။ သို့သော် အနာဂတ်တွင်မူ အမျိုးသမီးအရာထမ်းများ တိုးမြှင့်ထားရှိရန် အစီအစဉ်များ ရှိပြီး အုပ်ချုပ်ရေးကဏ္ဍတွင် ကျား/မတန်းတူညီမျှမှုရှိစေရန် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တွင် ဒုမြို့နယ်ဦးစီးမှူးကို အမျိုးသမီးခန့်ထားပါသည်။ ဥပဒေအရ အမျိုးသမီးများ မပါဝင်နိုင်ရန် သတ်မှတ်ထားခြင်း မရှိသော်လည်း ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၅၉၇၂ ဦးအနက် အမျိုးသမီး ၁၇ဦးသာ ရှိပါသည်။ [70] တိုင်းရင်းသားလူမျိုး ပေါင်းစုံနေထိုင်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် တိုင်းရင်းသားပါဝင်မှုအချိုးအစားသည် အရေးကြီးသော် လည်း သုတေသနပြုလုပ်နိုင်ခြင်း မရှိခဲ့ပါ။ [71] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းအများစုနှင့် အငယ်တန်း ထွေအုပ်အရာရှိများမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ မှနေ၍ စီစစ်ရွေးချယ်ခန့်ထားပါသည်။

## ၃.၂ ထွေအုပ်၏ တာဝန် နှင့် ဖွဲ့စည်းပုံ (ပြည်ထောင်စုအဆင့်)

ပြည်ထောင်စုအဆင့်တွင် ထွေအုပ်အနေဖြင့် ၎င်း၏ မူလတာဝန်များကို အဓိကထား ထမ်းဆောင်လျက်ရှိပါသည်။ [72] ထွေအုပ်၏ မူဝါဒလမ်းညွှန်တွင် ၎င်း၏ ပင်မလုပ်ငန်းတာဝန် (၈) မျိုးအား အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) မြေစီမံခန့်ခွဲရေးလုပ်ငန်း

(ခ) ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်း

(ဂ) အခွန် (၄) မျိုးကောက်ခံခြင်းလုပ်ငန်း

(ဃ) မြို့နယ်၊ ရပ်ကွက်/ကျေးရွာများ ပြင်ဆင်ဖွဲ့စည်းရေးလုပ်ငန်း

(င) ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း

(စ) အသင်းအဖွဲ့များ ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ပြုရေးလုပ်ငန်း

---

[67] အရာထမ်းဝန်ထမ်းများမှာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ နှင့် ဒုတိယဦးစီးမှူးများ ဖြစ်ပါသည်။ အမှုထမ်းများမှာ ရုံးအုပ်၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး၊ အငယ်တန်း စာရေး၊ ရုံးအကူ၊ သန့်ရှင်းရေး နှင့် ယာဉ်မောင်းများဖြစ်ပါသည်။

[68] ထွေအုပ်၏ စာရင်းအချက်အလက်များအရ လူဦးရေ နှင့် ထွေအုပ်ဝန်ထမ်းအချိုးအစားမှာ ချင်းပြည်နယ်တွင် ၁း၅၀၃ နှင့် ကယားပြည်နယ်တွင် ၁း၆၁၉ ဦးရှိသော်ငြားလည်း ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂,၅၆၆ နှင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၂၁၅၄ ဦး ရှိပါသည်။ (စီမံရေးရာ၊ ဝန်ထမ်းရေးရာ နှင့် ထောက်ပံ့ဌာနမှ ညွှန်မှူး နှင့် ဝါရင့်ဝန်ထမ်းများ၏ ပြောကြားချက်)

[69] ထွေအုပ် လူသားအရင်းအမြစ်ဆိုင်ရာ ကိန်းဂဏန်းများ၊

[70] ထွေအုပ်၏ လက်ရှိစည်းကမ်းချက်များအရ ရပ်ကွက် နှင့် ကျေးရွာအုပ်စု စာရေးအဖြစ် အမျိုးသားကိုသာ ခန့်ထားခွင့်ရှိပါသည်။ ၂၀၁၀ ခုနှစ် မတိုင်ခင်က အဆိုပါနေရာများအတွက် အမျိုးသမီးများကို ခန့်ထားခွင့်ရှိပါသည်။

[71] တိုင်းရင်းသားလူငယ်များအလုပ်အကိုင်အခွင့်ရေးရရှိစေရန်အတွက် ထွေအုပ်မှ အလုပ်အကိုင်ခန့်ထားရေး ရွေးချယ်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်မှ ကျောင်းပြီးသော လူငယ်များကို နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ဖြင့် ရွေးချယ်ခန့်ထားပါသည်။

[72] ထွေအုပ်မှတ်တမ်းလက်တွဲ၊ အပိုဒ် ၈၊

(ဆ) ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့်ရေးဆိုင်ရာလုပ်ငန်း

(ဇ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ငန်း[73]

အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သည့်ဌာနတစ်ခု ဖြစ်သည့်အားလျော်စွာ ထွေအုပ်ဌာနသည် အခြားအစိုးရဌာနများ၏ မေတ္တာရပ်ခံချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးပါသည်။ ထွေအုပ်၏ မူဝါဒလမ်းညွှန်တွင် ၎င်း၏တာဝန်များအဖြစ် "နိုင်ငံတော်သမ္မတရုံး နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ချမှတ်ပေးသော တာဝန်များ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ပေးအပ်သောတာဝန်များ၊ ထွေအုပ်၏ အဓိကတာဝန်များ နှင့် အခြားဝန်ကြီးဌာနများမှ ပေးအပ်သော တာဝန်များဟူ၍ ဖော်ပြထားပါသည်။"[74]




များပြားလှသော တာဝန်များကို ထမ်းဆောင်နိုင်ရန် အတွက် ပြည်ထောင်စုအဆင့်တွင် နေပြည်တော်ရှိ ထွေအုပ်ရုံးချုပ်၌ ဌာနခွဲ (၆) ခုဖြင့် စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါဌာနများမှာ (၁) စီမံရေးရာ၊ ဝန်ထမ်းရေးရာ နှင့် ထောက်ပံ့ဌာန၊ (၂) အထွေထွေဌာန၊ (၃) မြေ၊ ယစ်မျိုး နှင့် အခွန်ဌာန၊ (၄) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန (၅) လေ့ကျင့်ရေး နှင့်သုတေသနဌာန (၆) နိုင်ငံတကာရေးရာ ဌာနများဖြစ်ကြပါသည်။ အဆိုပါဌာနများအပြင် ထွေအုပ်ဝန်ထမ်းများ အထူးသဖြင့် မြို့နယ်နှင့်ခရိုင် အုပ်ချုပ်ရေးမှူးများအတွက် သင်တန်းကျောင်းတစ်ခုကို ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပါသည်။ အဆိုပါ အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်းသည် လေ့ကျင့်ရေးနှင့် သုတေသနဌာန၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။[75] ၂၀၀၄ ခုနှစ်အထိ ထွေအုပ်၏ ဌာနတစ်ခုအဖြစ် စာပေစီစစ်ရေးနှင့် မှတ်ပုံတင်ဌာန ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။[76] ၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဌာန (၅) ခုသာ ရှိခဲ့သော်လည်း ၂၀၁၁ ခုနှစ်၊ ဧပြီလနောက်ပိုင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရ ဖွဲ့စည်းပြီးကာလတွင် ကုလသမဂ္ဂအေဂျင်စီများ၊ အလှူရှင် နှင့် NGO အဖွဲ့အစည်းများ စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုများလာသည့် အတွက် နိုင်ငံတကာရေးရာ ဌာန တစ်ခုကို ဖွင့်လှစ်ခဲ့ပါသည်။[77]

**စီမံရေးရာဌာန**

ဤဌာနသည် ဌာနတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပါသည်။[78] အထူးသဖြင့် ရုံးလုပ်ငန်းလည်ပတ်နိုင်ရန် စီမံရေးရာ၊ ငွေစာရင်း နှင့် ဝန်ထမ်းရေးရာတို့ကို စီမံခန့်ခွဲပါသည်။ ပုံမှန်တာဝန်များမှာ အုပ်ချုပ်ရေးမှူးများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ဝန်ထမ်းအရွှေ့အပြောင်း၊ ခွင့် နှင့် အငြိမ်းစား ဝန်ထမ်းများ အတွက် ပင်စင် ကိစ္စရပ်များဖြစ်ပါသည်။

| စီမံရေးရာဌာန ရည်ရွယ်ချက် |
| --- |
| • ဝန်ထမ်းများ၏ မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေးနှင့်နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေရေး၊ |
| • ဝန်ထမ်းကျင့်ဝတ်စည်းကမ်းနှင့် တည်ဆဲဥပဒေများကိုလေးစားလိုက်နာရေး၊ |
| • ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု မြင့်မားရေးနှင့် အရည်အချင်းနှင့် စွမ်းဆောင်ရည် တိုးတက်ရေး၊ |
| • ဝန်ထမ်းများ သက်သာချောင်ချိရေး၊ |
| • နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ပြည်သူ့ဘဏ္ဍာငွေ ယိုဖိတ်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ |

ရာထူးတိုးမြှင့်ခြင်းဆိုင်ရာမူဝါဒများအဖြစ် နိုင်ငံ့ဝန်ထမ်းဥပဒေ အတိုင်း ကျင့်သုံးပါသည်။ ထွေအုပ်ဝန်ထမ်းများအား ပြည်ထောင်စုရာထူးဝန် အဖွဲ့မှနေ၍ ရွေးချယ်ခန့်အပ်ပေးပါသည်။ ထွေအုပ်၏ ဝန်ထမ်းရေးရာကို အဓိက အားဖြင့် ဗဟိုမှ စီမံခန့်ခွဲ ပေးပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ အားလုံးကို နေပြည်တော်မှ ခန့်အပ်ပါသည်။ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ အတွက်ကော်မတီများဖွဲ့စည်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ဒုတိယညွှန်ကြားရေးမှူး

[73] ထွေအုပ်လက်ကမ်းစာစောင်

[74] ထွေအုပ်၏ သမိုင်း နှင့် တာဝန်များ ရုံးတွင်းမှတ်တမ်း

[75] လေ့ကျင့်ရေး နှင့် သုတေသနဌာနဆိုင်ရာ အချက်အလက်များ၊ ထွေအုပ်၊ ပြည်ထဲရေး၊

[76] ၂၀၀၄၊ ထွေအုပ် ရုံးချုပ်ဖွဲ့စည်းပုံ၊ ထွေအုပ်မှတ်တမ်းလက်စွဲ၊ နောက်ဆက်တွဲ (ဂ-၁) နှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ အမိန့် ၂-၁၀ (၃/၂၀၀၅)၊

[77] နေထွန်း၊ နောက်ဆက်တွဲ (ခ) နှင့် နိုင်ငံတကာရေးရာဌာန နှင့်တွေ့ဆုံမေးမြန်းချက်များ၊

[78] နေထွန်း စာမျက်နှာ-၁၁၆၊

နှင့်အထက် ဝန်ထမ်းများနှင့် ညွှန်ချုပ်မှ ဒုတိယ ညွှန်ကြားရေးမှူးနှင့်အောက် ဝန်ထမ်းများနှင့်ပတ်သက်သည့် ကော်မတီ တို့ကို အသီးသီးဦးဆောင်ပါသည်။ ဌာနအနေဖြင့် အုပ်ချုပ်မှု ဆိုင်ရာနှင့် မော်တော်ယာဥ်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာတို့ကို ဆောင်ရွက် ပါသည်။ အခြားဝန်ကြီးဌာနများ၏ တောင်းဆိုချက်များကိုလည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများထံ ဆက်လက်ပေးပို့ပေးရပါသည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အခြားဌာနများအတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာတို့ကို ပံ့ပိုးပေးရပါသည်။

**အထွေထွေဌာန**

ဤဌာနသည် ထွေအုပ်၏ အထွေထွေတာဝန်မျိုးစုံကို ဆောင်ရွက်သည့်ဌာနတစ်ခုဖြစ်ပါသည်။[79] အထူးသဖြင့် ဥပဒေရေးရာနှင့် ပတ်သက်သည့် တာဝန်မျိုးစုံကို ထမ်းဆောင်ရပါသည်။ ထိုသို့ဆောင်ရွက်ရာ တွင် ထွေအုပ်၏ ဥပဒေများနှင့် မူဝါဒများကို ၎င်း၏ဝန်ထမ်းများ လိုက်နာ အကောင်အထည် ဖော်စေရန်နှင့် လွှတ်တော်မှ မေးမြန်းသည်များ ဖြေကြားခြင်း တို့ကို အဓိကထား ဆောင်ရွက်ပါသည်။ ထို့ပြင် ၁၉၈၈ ခုနှစ် ဥပဒေဖြင့် ပြဌာန်းထားသည့် နိုင်ငံခြားသားပိုင်ပစ္စည်းများကို မြန်မာနိုင်ငံသားများ ထံ လွှဲပြောင်းရန်ကိစ္စ တို့လည်း ပါဝင်ပါသည်။[80] အခြားအရေးကြီးတာဝန် တစ်ခု အဖြစ် ပြည်တွင်းနှင့် ပြည်ပတို့မှ NGO များ မြန်မာနိုင်ငံ၌ လူမှုရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး အတွက် မှတ်ပုံတင်ပေးခြင်းပင် ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်း နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီများ ပွင့်လင်းလာချိန်တွင် ဤတာဝန်မှာ ဌာန၏ အဓိကလုပ်ငန်းတစ်ခုဖြစ်လာခဲ့ပါသည်။[81] ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင် ရာဝန်ကြီးဌာနများ၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနနှင့် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများတို့၏ သဘောထား မှတ်ချက်များရယူ၍ ညှိနှိုင်း ဆောင်ရွက်ရပါသည်။ ဒေသနယ်နိမိတ်နှင့် ပတ်သက်၍ ဤဌာနသည် ခရိုင်နှင့် မြို့နယ်များ၏ ပထဝီဝင်ဒေသများကို ပိုင်းခြားပြီး နယ်နိမိတ်သတ်မှတ်သည့် လုပ်ငန်းတစ်ခုလည်းပါဝင်ပါသည်။[82] နောက်ဆုံးတာဝန်တစ်ခု အနေဖြင့် အထွေထွေဌာနသည် နိုင်ငံ့ဝန်ထမ်းများ၊ ရဲနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် သာမက သံဃာတော် နှင့် လူပုဂ္ဂိုလ်များအတွက် နိုင်ငံတော်မှ ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်နိုင်ရေး အတွက်လည်း တာဝန်ယူ ဆောင်ရွက် ရပါသည်။[83]

<u>အထွေထွေဌာန ရည်ရွယ်ချက်</u>

- ဥပဒေရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရေး၊
- မြို့နှင့် ကျေးရွာများ စနစ်တကျဖွဲ့စည်းရေး၊
- ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း
- များ စနစ်တကျ အကောင်အထည်ဖော်ရေး၊
- အသင်းအဖွဲ့ဥပဒေများဥပဒေနှင့်အညီဖွဲ့စည်းရေး၊
- ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်များ ချီးမြှင့် ထိုက်သူကို ချီးမြှင့်ရေး၊
- နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊
- မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စများဆောင်ရွက်ရေး၊

**မြေယာ၊ ယစ်မျိုး နှင့် အခွန်ဌာန**

ဤဌာနသည် မြေ၊ ယစ်မျိုးစီမံခန့်ခွဲမှုနှင့် အခွန်လေးမျိုးဖြစ်သည့် မြေခွန်၊ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်နှင့် တာတမံခွန်တို့ကို စီမံခန့်ခွဲပါသည်။[84] မြေစီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ထွေအုပ်အနေဖြင့် မြို့ပြမြေများနှင့် ယင်းတို့နှင့်ဆက်စပ်သည့် မှတ်ပုံတင်ခြင်း၊ လူနေထိုင်ခွင့် နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ၊ စီးပွားရေးလုပ်ကိုင်နိုင်ရန် မြေများချပေးခြင်းတို့ကို

<u>မြေယာ၊ ယစ်မျိုးနှင့် အခွန်ဌာန</u>

- မြေယာစီမံခန့်ခွဲမှုများ ဥပဒေနှင့် အညီဖြစ်ရေး၊
- ယစ်မျိုးစီမံခန့်ခွဲမှုများ စနစ်တကျ ဖြစ်ရေး၊
- အခွန် (၄)မျိုး လျာထားချက် ပြည့်မီကျော်လွန်အောင် ကောက်ခံရေး၊

[79] အထွေထွေဌာနမှ ညွှန်မှူးနှင့် အရာထမ်းများနှင့် တွေ့ဆုံမေးမြန်းချက်နှင့် ထွေအုပ်လက်ကမ်းစာစောင်၊

[80] မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုကန့်သတ်သည့်ဥပဒေ

[81] အပြောင်းအလဲများမတိုင်မီ NGO (၂၃၅) ဖွဲ့ နှင့် INGO (၂) ဖွဲ့သာ မှတ်ပုံတင်ထားသော်လည်း ၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းတွင် (၆၀၀) ကျော်အထိ များပြားလာခဲ့ပါသည်။ အထွေထွေဌာန ညွှန်မှူးနှင့် တွေ့ဆုံမေးမြန်းချက်၊

[82] ၁၉၇၂ ခုနှစ်တွင် ခရိုင်ပေါင်း (၄၇) ခု နှင့် မြို့နယ်ပေါင်း (၂၈၆) ခုရှိခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ခရိုင်ပေါင်း (၆၅) ခု နှင့် မြို့နယ်ပေါင်း (၃၂၅) ခုရှိလာပြီး ၂၀၁၄ ခုနှစ်တွင် ခရိုင်ပေါင်း (၇၃) ခု နှင့် မြို့နယ်ပေါင်း (၃၃၀) ရှိလာပါသည်။ U Kyaw, စာမျက်နှာ-၅၈ နှင့် ၆၃၊

[83] ဘွဲ့ထူးဂုဏ်ထူးများမှာ အများအားဖြင့် ဝန်ထမ်းကောင်းဆု၊ နိုင်ငံ့ဝန်ထမ်းဆုနှင့် အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးဆုတံဆိပ်များ ဖြစ်ပါသည်။

[84] မြေ၊ ယစ်မျိုးနှင့် အခွန်ဌာနမှ ညွှန်မှူးနှင့် အရာထမ်းများအား တွေ့ဆုံမေးမြန်းချက်၊

ဆောင်ရွက်ပါသည်။ [85] ထို့ပြင် ဘာသာရေးအဖွဲ့အစည်းများဖြစ်သည့် ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန်ဘုရားကျောင်းများ နှင့် ဗလီများအတွက် ဝတ္တကမြေများကို စီမံခန့်ခွဲပေးပါသည်။ လိုအပ်ပါက ထွေအုပ်အနေဖြင့် ကျောင်းများ၊ လမ်းများနှင့် အထူးစီးပွားရေးဇုန် စသည်တို့ အတွက် အများပြည်သူ့အကျိုးငှာ မြေသိမ်းခြင်းတို့ကို ဆောင်ရွက်ပေးရပါသည်။ ဤဌာန အနေဖြင့် မြေအငြင်းပွားမှုများ ဖြေရှင်းရာတွင်လည်း ပါဝင်ပတ်သက်မှုရှိပါသည်။ လုပ်ထုံးလုပ်နည်းအရ ထွေအုပ် ရုံးချုပ်အနေဖြင့် မြေနှင့်ပတ်သက်သည့် တိုင်စာလက်ခံရရှိပါက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး ထွေအုပ်သို့ စုံစမ်းဖော်ထုတ်ရန် ဆက်လက်ညွှန်ကြားပြီး ကော်မတီမှ ဆုံးဖြတ်ပေးပါသည်။ [86] သေးငယ်သည့် မြေအငြင်းပွားမှုများကိုမူ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်မှူးများမှ ဖြေရှင်းပေးကြပါသည်။ ယစ်မျိုးစီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ထွေအုပ်မှ အခြေခံယစ်မျိုး (၄) ခုဖြစ်သည့် အရက်၊ ဘီယာ၊ ကဖော် နှင့် ဝိုင်တို့မှ ယစ်မျိုးလိုင်စင် (၄၁) မျိုးကို ထုတ်ပေးပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် ယခုအခါ သီးခြားစီပြဋ္ဌာန်းလာပါသည်။ (နောက်ဆက်တွဲ - ၄ ကိုရှု) [87] ယစ်မျိုးစီမံခန့်ခွဲမှုမှာ Burma Excise Manual of 1917 ကို အခြေခံ ပါသည်။ ထွေအုပ်ရုံးချုပ်မှ လိုင်စင်အတွက် အတည်ပြုချက်ပြုလုပ်ပေးပြီး မြို့နယ်ထွေအုပ်ရုံးများမှ အခွန်ကောက်ခံခြင်းတို့ကို ဆောင်ရွက်ပါသည်။

အခွန်ကောက်ခံခြင်းသည် ထွေအုပ်၏ အဓိကတာဝန်များအနက် တစ်ခုဖြစ်ပါသည်။ [88] မြေ၊ ယစ်မျိုးနှင့် အခွန်ဌာနအနေဖြင့် အခွန်ကောက်ခံခြင်းတာဝန်ကို ဆောင်ရွက်ရသော်လည်း မြို့နယ်နှင့် ခရိုင်ရုံးများမှ ကောက်ခံပေးရပါသည်။ ထွေအုပ်မှ အခွန် (၄) မျိုးကို ကောက်ခံပေးပါသည်-[89]

- **ယစ်မျိုးခွန်**
  အရက်၊ ဘီယာ၊ ကဖော် နှင့် ဝိုင်အတွက် ထုတ်ပေးသည့် ယစ်မျိုးလိုင်စင် (၄၁) မျိုးပေါ်တွင် ကောက်ခံခြင်း ဖြစ်ပါသည်။[90]

- **မြေခွန်**
  မြို့ပြနှင့် စိုက်ပျိုးမြေအချို့ပေါ်တွင် အသုံးပြုခ ကောက်ခံခြင်း ဖြစ်ပါသည်။

- **တာတမံခွန်**
  ဆည်ရေသောက် စပါးစိုက်ခင်းများနှင့် မြစ်ရေတင်၍ ရေသွင်းစိုက်ပျိုးသည့် စိုက်ခင်းများအတွက် ဆည်မြောင်းများ အသုံးပြုခဖြစ်ပါသည်။ ဆည်ရေသောက်ဒေသများတွင် အဓိကထား ကောက်ခံပါသည်။

- **ဓါတ်သတ္တုခွန်**
  နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် ဓါတ်သတ္တုတူးဖော်ခြင်းမှ ကောက်ခံခြင်းဖြစ်ပါသည်။ ထိုသို့ကောက်ခံရာတွင် မြူနီစပါယ် သို့မဟုတ် မြို့ပြလမ်းများဆောက်လုပ်ခြင်း၊ အခြားရည်ရွယ်ချက်၊ ဆည်မြောင်းသွယ်တန်းခြင်း၊ ရထားလမ်း သို့မဟုတ် လမ်းဖောက်လုပ်ခြင်း၊ ရွံ့စေး၊ စကျင်ကျောက်၊ ဂျစ်ပဆမ် နှင့် သီးခြားဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်းမရှိသော ဓါတ်သတ္တုများ အပေါ်တွင် ကောက်ခံခြင်းဖြစ်ပါသည်။[91]

---

[85] လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ လယ်ယာမြေများစာရင်းကို ထိန်းသိမ်းပြီး ထွေအုပ်မှ စားကျက်မြေများကို စီမံခန့်ခွဲပါသည်။

[86] ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်အမှတ် (၅၉/၂၀၁၃) ဖြင့် မြေယာစီမံခန့်ခွဲရေးဗဟိုကော်မတီအား ဒုတိယသမ္မတမှ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ပါသည်။ ဗဟိုမှသည် ကျေးရွာအဆင့်အထိ ကော်မတီများကို အဆင့်ဆင့်ဖွဲ့စည်းထားပြီး ယင်းကော်မတီများ၏ တာဝန်များမှာ မြေယာအငြင်းပွားမှု ဖြေရှင်းပေးရေး၊ မြေသိမ်းယာသိမ်း ကိစ္စရပ်များနှင့်ပတ်သက်၍ တိုင်ကြားစာများကို ဖြေရှင်းပေးခြင်း တို့ဖြစ်ပါသည်။ ဒေသအဆင့်တွင် အဆိုပါကော်မတီများကို လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၏ လက်အောက်တွင် ထည့်သွင်းထားပါသည်။

[87] မူလ ယစ်မျိုးလိုင်စင် (၄၁) မျိုးမှာ ဗြိတိသျှကိုလိုနီခေတ်ကတည်းကရှိခဲ့သည့် ယစ်မျိုးလိုင်စင်များဖြစ်ပြီး လက်ရှိအနေအထားတွင် ထွေအုပ်မှ ယစ်မျိုး လိုင်စင် (၂၈) မျိုးကို ထုတ်ပေးလျက်ရှိပါသည်။ ယခုအခါ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များမှ ယစ်မျိုး လိုင်စင်နှင့် ဥပဒေများကို သီးခြားစီ ပြဋ္ဌာန်းပေးလျက်ရှိပါသည်။

[88] ထွေအုပ်လုပ်ထုံးလုပ်နည်းများအရ ခရိုင်အုပ်ချုပ်ရေးမှူးသည် ကော်လိတ်တော်အရာရှိ အဖြစ်လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် လက်ထောက်ကော်လိတ်တော်အရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ရပါသည်။ (မွန်ပြည်နယ်ခရိုင်မှူးနှင့် တွေ့ဆုံမေးမြန်းချက်)

[89] ထွေအုပ် ၂၀၁၂ ခုနှစ် မှတ်တမ်း၊ စာမျက်နှာ-၇၀၊

[90] မူလက ယစ်မျိုးလိုင်စင် (၄၁) ခုရှိထားသော်လည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ လုပ်ပိုင်ခွင့်ကြောင့် ယခုအခါ ပြောင်းလဲမှုရှိပါသည်။

[91] နေထွန်း, စာမျက်နှာ ၁၂၇-၁၂၈၊

အဆိုပါအခွန်စနစ်များမှာရှုပ်ထွေးပြီး ဤစာတမ်း၏သုတေသနပြုလုပ်သည့် ရည်ရွယ်ချက်ထက် ကျော်လွန်နေပါသည်။ အခွန်ဥပဒေ များမှာ ကိုလိုနီစနစ်ကပင် ပြဌာန်းထားသည့် ဥပဒေများဖြစ်ပါသည်-

(က) ၁၈၇၆ခုနှစ်၊ မြေနှင့် အခွန် အက်ဥပဒေ၊

(ခ) ၁၈၈၀ခုနှစ်၊ ခရိုင်ခိုင်ကြေး ဥပဒေ၊

(ဂ) ၁၈၈၉ခုနှစ်၊ အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်း ဥပဒေ၊

(ဃ) ၁၉၉၀ခုနှစ်၊ အခွန်တော်အရ ကောက်ခံမှု ဥပဒေ၊

(င) ၁၉၁၇ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုး အက်ဥပဒေ၊

(စ) ၁၉၂၈ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုး နည်းဥပဒေ၊

(ဆ) ၁၉၈၂ခုနှစ်၊ ရေနှင့် တာတမံခွန် ဥပဒေ၊ [92]

အခွန်ကောက်ခံခြင်းကို နှစ်စဉ်ပြုလုပ်ပြီး အခွန်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား-၅ အရ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီး ငွေစာရင်းထဲသို့ ပေးသွင်းရပါသည်။ တစ်ဖက်တွင်မူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောက်ခံ ရရှိသည့် အခွန်များကို ပြည်ထောင်စုငွေစာရင်းသို့ ပေးသွင်းရပါသည်။ အဆိုပါအခွန်များကို ထွေအုပ်မှ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ကောက်ခံခြင်းဖြစ်ပြီး ယင်းမတိုင်မီက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံပါသည်။ [93] ယစ်မျိုးခွန်များသည် အခွန်ဝင်ငွေများ တွင် အများဆုံးဖြစ်ပါသည်။ မြေခွန်နှင့် ဓာတ်သတ္တုခွန်များမှာလည်း တဖြည်းဖြည်း တိုးမြှင့်ကောက်ခံရလျက်ရှိသော်လည်း ပမာဏ နည်းပါးပါသည်။ ၂၀၁၇ ခုနှစ်၊ မေလအထိ ရေခွန်များကောက်ခံမှုကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ဆည်မြောင်းဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် တာတမံခွန် ကောက်ခံရရှိမှု ကျဆင်းသွားပါသည်။

**ဇယား (၁)၊ အခွန် (၄) မျိုးအတွက် ထွေအုပ်မှ အခွန်ကောက်ခံမှုအခြေအနေ (ကျပ်သန်းပေါင်း)[94]**

| အခွန်အမျိုးအစားများ | ၁၉၈၉-၉၀ | ၂၀၀၉-၁၀ | ၂၀၁၂-၁၃ |
|---|---|---|---|
| **ယစ်မျိုးခွန်** | 12.76 | 6,066.54 | 8,533.01 |
| **မြေယာခွန်** | 44.82 | 130.36 | 144.69 |
| **တာတမံခွန်** | 19.17 | 12.31 | 10. 45 |
| **ဓါတ်သတ္တုခွန်** | 4.69 | 48.65 | 196.92 |

**ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန**

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ မရှိသေးခင် ၂၀၁၁ ခုနှစ် မတိုင်မီ ကာလများ အတွင်း ထွေအုပ်ရုံးချုပ်ရှိ ဘတ်ဂျက်နှင့်ငွေစာရင်းဌာနမှ ပြည်နယ်နှင့် တိုင်းအားလုံး

ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန ရည်ရွယ်ချက်

- ရငွေများကို လျာထားချက် ပြည့်မီကျော်လွန်ရေးနှင့်အသုံးစရိတ် များ ခြိုးခြံချွေတာသုံးစွဲရေး၊
- အသုံးစရိတ်တိုင်း ဘဏ္ဍာရေး ကျင့်စဉ်နှင့် စည်းမျဉ်းစည်းကမ်းနှင့် ညီညွတ်ရေး။

[92] ထွေအုပ် ၂၀၁၂ ခုနှစ်မှတ်တမ်း၊ စာမျက်နှာ-၇၁၊

[93] အဆိုပါတာဝန်များအား ထွေအုပ်သို့ ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်များတွင် လွှဲပြောင်းပေးခဲ့ပါသည်။ ထွေအုပ်မှ အဆိုပါအခွန်များကို ၁-၄-၁၉၈၉ ရက်နေ့မှ စတင်ကောက်ခံခဲ့ပါသည်။ ယခင်ကတည်းကပင် ထွေအုပ်အနေဖြင့် အခွန်ကောက်ခံသည့်တာဝန်များကို ထမ်းဆောင်ခဲ့ရပါသည်။ ၁၉၇၂ ခုနှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ယစ်မျိုးခွန်များ ကောက်ခံရန် တာဝန်များလွှဲပြောင်းပေးခြင်း မပြုမီကာလအထိ ထွေအုပ်မှ ကောက်ခံပေးခဲ့ပါသည်။

[94] ထွေအုပ် ၂၀၁၂ ခုနှစ်မှတ်တမ်း၊ စာမျက်နှာ-၇၁၊ ငွေဖောင်းပွမှုနှုန်း ကိုထည့်သွင်းတွက်ချက်ညှိနှိုင်းထားပြီးဖြစ်သည်ဟု ယူဆပါသည်။

အတွက် ဘတ်ဂျက်လျာထားချက်များကို တွက်ချက်ပေးပါသည်။ [95] ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထွေအုပ်၏ ဘတ်ဂျက်အသုံးစရိတ်အား ပြည်ထောင်စု နှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ထွေအုပ်ရုံးများဟူ၍ (၂) ပိုင်းခွဲခြားထားပါသည်။ ပြည်ထောင်စုအဆင့် ထွေအုပ်ဘတ်ဂျက်တွင် (၁) ထွေအုပ်ရုံးချုပ်၏ အသုံးစရိတ်၊ (၂) အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၏ ဘတ်ဂျက်နှင့် (၃) နေပြည်တော် ကောင်စီ ၏ ဘတ်ဂျက်များပါဝင်ပါသည်။ ထွေအုပ်ရုံးချုပ်မှ ပြည်ထောင်စုအဆင့် ဘတ်ဂျက် အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရပါသည်။ ခွင့်ပြုချက်ရရှိပြီးနောက် ဘတ်ဂျက်နှင့်ငွေစာရင်းဌာနမှ ပြည်ထောင်စု ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြနိုင်ရေးအတွက် ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်မှ နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပြဌာန်းပေးပါသည်။ ဥပမာအားဖြင့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့် ထွေအုပ် အသုံးစရိတ်မှာ ကျပ်သန်းပေါင်း ၂,၀၉၃.၃၈၄ ဖြစ်ပြီး အများစုမှာ ဝန်ထမ်းလစာနှင့် စရိတ်များ ဖြစ်ပါသည်။[96]

(၁-၁၀-၂၀၁၁) ရက်နေ့မှစတင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဘတ်ဂျက်အား သက်ဆိုင်ရာထွေအုပ်ရုံးများမှတစ်ဆင့် စတင်စီမံခန့်ခွဲသည့်စနစ်ကို ကျင့်သုံးခဲ့ပါသည်။[97] ထိုသို့စီမံခန့်ခွဲရာတွင် ဗဟိုမှ ထိန်းချုပ်ထားသည့် ဒေသအဆင့်ဆင့်ရှိ (ရပ်ကွက် နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးများအပါအဝင်) ထွေအုပ်ဝန်ထမ်းများ၏ လစာနှင့် စရိတ်များလည်း ပါဝင်ပါသည်။ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အစိုးရအဖွဲ့အတွင်းရေးမှူးများဖြစ်သည့် ထွေအုပ်အကြီးအမှူးများမှ ထွေအုပ်၏ ဘတ်ဂျက် လိုအပ်ချက်အား သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်များတွင် လျာထား၍ သက်ဆိုင်ရာဝန်ကြီးချုပ်များမှ နေပြည်တော်သို့ နှစ်စဉ်တင်ပြရပါသည်။ ကိန်းဂဏန်း အတိအကျ မသိရှိရသော်လည်း ဒေသအဆင့်ဆင့်ရှိ ထွေအုပ်ရုံးများ၏ အသုံးစရိတ်ကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဘတ်ဂျက်တွင် ထည့်သွင်းထားသဖြင့် ထွေအုပ်ရုံးချုပ်တွင် ၎င်းတို့အတွက် ဘတ်ဂျက်ပမာဏ အနည်းငယ်ကိုသာ ထည့်သွင်းလျာထားပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အခွန်ကောက်ခံ ရရှိငွေလည်း ပါဝင်ပြီး ယခုအခါ ထွေအုပ်၏ ဘတ်ဂျက်နှင့် ငွေစာရင်းဌာနသည် နေပြည်တော်ကောင်စီအတွက်သာ အခွန် ကောက်ခံရငွေများကို ပြည်ထောင်စု ငွေစာရင်းထဲသို့ ထည့်သွင်းပေးရပါသည်။

ဤဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်ပတ်သက်၍ စီမံချက်များရေးဆွဲ ပေးရပါသည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအမျိုးသားကော်မတီအား ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ထွေအုပ်ညွှန်ချုပ်မှ တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။ ပြည်နယ်နှင့်တိုင်းများတွင် ဝန်ကြီးချုပ်မှ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၏ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖွဲ့ ဉက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါသည်။ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ခရိုင်တို့တွင်လည်း လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးတို့ကို လုပ်ကိုင်ပါသည်။

**နိုင်ငံတကာရေးရာဌာန**

နိုင်ငံတကာရေးရာဌာနသည် ထွေအုပ်ရုံးချုပ်တွင် ဖွင့်လှစ်ခဲ့သည့် ဌာနသစ်တစ်ခုဖြစ်ပြီး ထွေအုပ်အတွက် အရေးကြီးသည့် ဌာနတစ်ခုဖြစ်ပါသည်။ [98] ထွေအုပ်၏ မူလတာဝန်များနှင့်နှိုင်းယှဉ်ပါက အဆိုပါတာဝန်များမရှိသော်လည်း မြန်မာအစိုးရ ကိုယ်စား နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် တာဝန်အမျိုးမျိုးကို ထမ်းဆောင်ရပါသည်။ ကုလသမဂ္ဂအေဂျင်စီများနှင့် ပိုမိုထိတွေ့ ဆက်ဆံရပြီး ဥပမာအားဖြင့် UNICEF နှင့် ကာကွယ်ရေးဝန်ကြီးဌာနအကြား ကလေးစစ်သားကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ The International Labour Organization နှင့် အလုပ်သမားဝန်ကြီးဌာနတို့အကြား အတင်းအဓမ္မခိုင်းစေမှုနှင့် လူမှောင်ခိုကူးမှု ကိစ္စရပ်များတွင်လည်းကောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး ကဏ္ဍအလိုက်အလုပ်အဖွဲ့ (SWG) တွင် UNDP နှင့် EU တို့နှင့်လည်းကောင်း ထဲထဲဝင်ဝင် ပါဝင်ပတ်သက်မှုများရှိပါသည်။ ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းအချို့ဖြစ်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ကဲ့သို့သော အဖွဲ့အစည်းများမှ လိုအပ်ချက်များနှင့် တောင်းဆိုချက်များကို ပြန်လည်တုံ့ပြန်ပေးရပါသည်။ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များနှင့်လည်း ထိတွေ့ဆက်ဆံရပါသည်။

---

[95] ဘတ်ဂျက်နှင့် ငွေစာရင်းဌာနမှ ညွှန်မှူး နှင့် အရာထမ်းများအား တွေ့ဆုံမေးမြန်းချက်၊

[96] ထွေအုပ် ၂၀၁၂ ခုနှစ် မှတ်တမ်း၊ စာမျက်နှာ-၁၀၁၊

[97] ဘတ်ဂျက်အား ကိုင်တွယ်၍ သုံးစွဲရန်ဖြစ်ပြီး လျာထားခြင်း သို့မဟုတ် သတ်မှတ်ခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဝန်ထမ်းများအား ဗဟိုမှ ချုပ်ကိုင်ထား၍ ဖြစ်ပါသည်။ ဘတ်ဂျက်အား ဗဟိုမှ အမှန်တကယ်လျှော့ချခြင်းထက် အမည်ခံလျှော့ချလိုက်ခြင်းဖြစ်ပါသည်။

[98] နိုင်ငံတကာရေးရာဌာနမှ ညွှန်မှူး နှင့် အရာထမ်းများအား တွေ့ဆုံမေးမြန်းချက်၊

| နိုင်ငံတကာရေးရာဌာန၏ ရည်ရွယ်ချက်များ |
|---|
| ➢ နိုင်ငံတော် ဖွံ့ဖြိုးတိုးတတ်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားရမည်။<br>➢ နိုင်ငံသားအားလုံး၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတတ်ရေးကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်သွားရမည်။<br>➢ နယ်နမိတ်ကိစ္စရပ်များနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတတ်ရေးကိစ္စရပ်များကို အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားရမည်။<br>➢ ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားရမည်။<br>➢ နိုင်ငံတော်အတွင်း အခမ္မခိုင်းစေမှုပပျောက်ရေး၊ လူ့အခွင့်အရေးကာကွယ်ရေးနှင့် တိုးမြှင့်ရေးကိစ္စများကို သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ နှင့် ၎င်း၏ လက်အောက်ခံအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အုပ်ချုပ်ရေးကဏ္ဍမှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ |

အခြားတာဝန်တစ်ခုမှာ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ရေးရာအငြင်းပွားမှုများ ဖြေရှင်းပေးခြင်းပင်ဖြစ်ပါသည်။ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံနှင့် ဖြေရှင်းရာတွင် အဓိကတာဝန်ယူသော်လည်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့် ဖြေရှင်းရာတွင် ထွေအုပ်မှ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား အရှေ့မြောက်ဘက် နယ်စပ်ပြဿနာများဖြေရှင်းရန် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားပြီး ထွေအုပ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီး ဌာနနှင့် ရခိုင်နယ်စပ် တရားမဝင် ဖြတ်သန်းမှု ကာကွယ်ရေးနှင့်ပတ်သက်၍ ထိတွေ့ဆက်ဆံမှုများ ရှိပါသည်။

**လေ့ကျင့်ရေးနှင့်သုတေသနဌာန**

လေ့ကျင့်ရေးနှင့် သုတေသနဌာနအား ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ထွေအုပ်၏ အခြေခံလိုအပ်ချက် (၂) ခုဖြစ်သည့် လေ့ကျင့်ရေး နှင့် သုတေသနလုပ်ငန်းများကို ဖြည့်ဆည်းပေးပါသည်။[99] သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးစာရင်းချုပ်နှင့် မြို့နယ်စာရင်းချုပ်များကို ပြုစု၍ နှစ်စဉ်ပြန်တမ်းများထုတ်ပြန်ရပါသည်။ အစိုးရ ရုံးတွင်းသုံး အတွက် ထုတ်ပြန်ခြင်းဖြစ်ပြီး စုစုပေါင်း မြို့နယ်(၃၃၀) အနေဖြင့် လူဦးရေအခြေအနေ၊ အစိုးရလုပ်ငန်းများနှင့် ဒေသတွင်း အဓိက လှုပ်ရှားမှုများ၊ အကျိုးဆောင်များစာရင်းကို ပြန်တမ်းများပြုစု၍ အသီးသီးထုတ်ပြန်ကြပါသည်။ အခြားသုတေသနလုပ်ငန်းအဖြစ် လွှတ်တော်၏ မေးမြန်းချက်များကို ဖြေကြားခြင်း၊ အစည်းအဝေးများကို မှတ်တမ်းတင်ခြင်း၊ ထွေအုပ် အဆင့်မြင့်ဝန်ထမ်းများအတွက် မိန့်ခွန်းများ ရေးသားပေးခြင်းတို့ ဆောင်ရွက်ပါသည်။ ထို့ပြင် မှတ်သားစရာအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်များအကြား ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးသည့်လုပ်ငန်းများကို ဆက်သွယ် ဆောင်ရွက်ပေးရပါသည်။

| လေ့ကျင့်ရေးနှင့် သုတေသနဌာန |
|---|
| • နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရား သွက်လက်ထက်မြက်စေရန်အတွက် စံ(၅)ရပ်နှင့် ပြည့်စုံသော ဝန်ထမ်းကောင်းများ ဖြစ်အောင် အမြဲမပြတ် လေ့ကျင့်ပေးရေး၊<br>• နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒ(Policy)၊ အခြေခံသဘောတရား(Principle)၊ လုပ်ထုံးလုပ်နည်း (Procedure)များနှင့် အညီ ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရေး၊<br>• သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လုပ်ငန်းစွမ်းဆောင်ရည်များ တစ်ပြေးညီ တိုးတက်လာရေး၊<br>• အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ခေါင်းဆောင်မှု ပညာရပ်များကို နိုင်ငံတကာအဆင့်မီ လေ့ကျင့်ပေးနိုင်ရေးအတွက် သုတေသနပြု ဆောင်ရွက်ရေး၊ |

လေ့ကျင့်ရေးနှင့်ပတ်သက်၍ ထွေအုပ်ဝန်ထမ်းများအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အခြားဝန်ကြီးဌာနများနှင့် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ဖွင့်လှစ်သည့်သင်တန်းများသို့ စေလွှတ်ခြင်းတို့ကိုဆောင်ရွက်ပါသည်။ ထွေအုပ်အတွက် ရည်ရွယ်၍

[99] လေ့ကျင့်ရေးနှင့်သုတေသနဌာန ညွှန်မှူး နှင့် အရာထမ်းများ ပြောကြားချက်၊

ဖွင့်လှစ်ထားသည့်သင်တန်းကျောင်းမှာ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားပါသည်။ အုပ်ချုပ်မှုပညာဖွံ့ဖြိုးရေး သင်တန်းကျောင်း သည် လေ့ကျင့်ရေးနှင့်သုတေသနဌာနအောက်တွင် မရှိပါ။ သင်တန်းကျောင်းမှာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ အထိ လေ့ကျင့်ရေးနှင့် သုတေသနဌာနအောက်တွင် ရှိခဲ့သော်လည်း ယခုအခါ ရုံးချုပ်ရှိ ဌာနများနည်းတူ သီးခြားဌာနတစ်ခု ဖြစ်သော်လည်း လေ့ကျင့်ရေးနှင့် သုတေသနဌာနအနေဖြင့် သင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် ပါဝင်ဆောင်ရွက်ပေးနေပါသည်။[100] ထို့ပြင် ပြည်နယ် နှင့် တိုင်းဒေသကြီးများရှိ ထွေအုပ်ဝန်ထမ်းများနှင့် ဝန်ကြီးဌာနဆိုင်ရာ ဝန်ထမ်းများအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း တို့ဆောင်ရွက်ပါသည်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ်တွင် ဒေသန္တရ အုပ်ချုပ်ရေးစနစ် အပြောင်းအလဲပြုလုပ်ပြီးနောက် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ထွေအုပ်မှ သင်တန်းပို့ချပေးခဲ့ရာ ဤဌာနမှ သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းနှင့် သင်ထောက်ကူပစ္စည်းများ မြို့နယ်များသို့ ပံ့ပိုးပေးခြင်း တို့ ပြုလုပ်ပေးခဲ့ပါသည်။

**အုပ်ချုပ်မှုပညာဖွံ့ဖြိုးရေးသင်တန်းကျောင်း**

<u>အုပ်ချုပ်မှုပညာ ဖွံ့ဖြိုးရေးသင်တန်းကျောင်း</u>

- ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် စံ(၅)ရပ်နှင့် ပြည့်စုံသော အုပ်ချုပ်ရေးမှူး ကောင်းများကို မွေးထုတ်ပေးရန်၊
- ခေါင်းဆောင်မှုပညာ၊ အုပ်ချုပ်ရေးပညာနှင့် စီမံခန့်ခွဲမှုပညာများကို နိုင်ငံတကာအဆင့်မီ လေ့ကျင့်သင်ကြား ပေးရန်၊
- အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၏ ရည်မှန်းချက်လုပ်ငန်းတာဝန်(၄)ရပ်အား အောင်မြင်စွာဆောင်ရွက်နိုင် ရန်အတွက် လေ့ကျင့်သင်ကြားပေးရန်၊
- အုပ်ချုပ်ရေးမှူးကောင်းဖြစ်ရမည်၊
- ဦးစီးအရာရှိကောင်း ဖြစ်ရမည်၊
- နည်းပြကောင်း ဖြစ်ရမည်၊

ထွေအုပ်ရုံးချုပ်ရှိ ဌာန (၆) ခုအပြင် သင်တန်းကျောင်းတစ်ခုလည်းရှိပါသည်။ ထွေအုပ် အုပ်ချုပ်ရေးမှူးများကို အဓိက လေ့ကျင့် သင်ကြားပေးသည့်ကျောင်းမှာ အုပ်ချုပ်မှုပညာဖွံ့ဖြိုးရေးသင်တန်းကျောင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်၊ ဇူလိုင်လတွင် ရန်ကုန်မြို့၏ပြင်ပရှိ မင်္ဂလာဒုံမြို့နယ်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ဝန်ထမ်း၏ ရာထူးအဆင့်အလိုက်ပေါ်မူတည်၍ သင်တန်းကျောင်းမှ သင်တန်း အမျိုးမျိုးကို ဖွင့်လှစ်ပြီး သင်တန်းတစ်မျိုးကို တစ်နှစ်လျှင် (၃) ကြိမ် ဖွင့်လှစ်ပါသည်။ သင်တန်းကျောင်းအနေဖြင့် ကျေးလက်ဒေသရှိ အုပ်ချုပ်ရေးမှူးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။[101]

သင်တန်းကျောင်းအား ညွှန်မှူးအဆင့်ရှိ ကျောင်းအုပ်ကြီးမှ ဦးစီးပြီး ထွေအုပ် ညွှန်ချုပ် နှင့် ဒုညွှန်ချုပ်တို့အား တာဝန်ခံရပါသည်။ သင်တန်းကျောင်းအုပ်ကြီးအောက်တွင် ဒုတိယညွှန်ကြားရေးမှူး (၂) ဦးရှိပြီး အုပ်ချုပ်ရေးတာဝန်နှင့် သင်ကြား/လေ့ကျင့်ရေးတို့ကို တာဝန်ယူ ကြပါသည်။ ၎င်းတို့အောက်တွင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးစီရှိပါသည်။ သင်တန်းကျောင်းအနေဖြင့် အရာထမ်း ဝန်ထမ်းများ အတွက်သာဖြစ်ပါသည်။ ထွေအုပ်ဝန်ထမ်းများအနေဖြင့် ဖောင်ကြီး၊ အောက်မြန်မာပြည် နှင့် ဇီးပင်ကြီး၊ အထက်မြန်မာပြည်တို့ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ် (၂) ခုသို့ တက်ရောက်ကြပါသည်။ သင်တန်းကျောင်းတွင် ဘာသာရပ်ဌာနများ သီးခြားဖွင့်လှစ်ထားရှိမရှိဘဲ ဘာသာရပ်ပိုင်း ဆိုင်ရာပေါ်မူတည်၍ ကျွမ်းကျင်သူဆရာများကို ဌာနတွင်းမှလည်းကောင်း၊ အခြားဝန်ကြီး ဌာနများမှလည်းကောင်း ဖိတ်ခေါ်၍ ပို့ချပါသည်။ သင်တန်းကျောင်းတွင် အရာထမ်းအင်အား ၂၇ ဦး နှင့် အမှုထမ်း ၁၂၉ ဦးတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

သင်တန်းကျောင်းမှပို့ချသည့် သင်တန်းများမှာ ရည်ရွယ်ချက်နှင့် ကာလ အမျိုးမျိုးကွာခြားကြပါသည်။ ယေဘူယျအားဖြင့် ရာထူး အဆင့် တိုးမြင့်လာချိန်တွင် တာဝန်အများအပြားကိုထမ်းရွက်ရမည့် အရာထမ်းများအတွက် ရည်ရွယ်ပါသည်။ အမှုထမ်းများ အတွက်

---

[100] သင်တန်းကျောင်း၏ သင်ရိုးညွှန်းတမ်းတွင် (၁) နိုင်ငံရေးသိပ္ပံ၊ (၂) အုပ်ချုပ်ရေး၊ (၃) စီးပွားရေး၊ (၄) ဥပဒေ၊ (၅) နိုင်ငံတော်လုံခြုံရေး၊ (၆) အင်္ဂလိပ်စာ၊ (၇) အမျိုးသားကာကွယ်ရေး၊ (၈) သဘာဝဘေးအန္တရာယ်ကာကွယ်ရေး နှင့် ပြန်လည်ထူထောင်ရေး (၉) ထွေအုပ်၏ ရုံးလုပ်ငန်းများ၊ (၁၀) ဝန်ထမ်းစည်းကမ်းနှင့် (၁၁) အုပ်ချုပ်ရေးမှူး၏တာဝန်များ ပါဝင်ပါသည်။ (၂၆-၂-၂၀၁၄) သင်တန်းကျောင်းစာစောင်၊ စာမျက်နှာ - ၁၄၊

[101] ရက်တိုသင်တန်းများအဖြစ် မြို့နယ်တရားရေးစာရေးဝန်ထမ်းသင်တန်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းသင်တန်း၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် ငွေစာရင်းသင်တန်း၊ မြေယာ ယစ်မျိုး နှင့် အခွန်စီမံခန့်ခွဲမှုသင်တန်း နှင့် ဆရာအတတ်သင် သင်တန်းများပို့ချပြီး ရက်ရှည်သင်တန်းများအဖြစ် စီမံရေးရာ (၁) သင်တန်း (၄) ပတ် နှင့် စီမံရေးရာ (၂) သင်တန်း (၁၂ ပတ်) တို့ပို့ချပါသည်။

ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာများ ဥပမာ-ငွေစာရင်း သင်ကြားပေးရန် ရည်ရွယ်ပါသည်။[102] သင်တန်းကာလ အမျိုးမျိုးရှိပါသည်။ အနည်းဆုံး (၂) ပတ် သင်တန်းများရှိသော်လည်း အချို့သင်တန်းများမှာ (၄) ပတ်မှ (၁၂)ပတ် ထိကြာမြင့်ပါသည်။ ဥပမာအားဖြင့် ဦးစီးအရာရှိ အဆင့်မှစတင်ကြသည့် အရာထမ်းဝန်ထမ်းသစ်များအနေဖြင့် (၄) ပတ်ကြာ မိတ်ဆက်သင်တန်းကို တက်ရောက်ရပြီး မြို့နယ်အုပ်ချုပ်ရေးမှူး အဖြစ် အဆင့်တိုးမြှင့်ခံရသူများအနေဖြင့် (၁၂) ပတ်ကြာ သင်တန်းကို တက်ရောက်ရပါသည်။ ကျွမ်းကျင်ပညာရပ်ဆိုင်ရာသင်တန်းများမှာ ရက်တိုတောင်း ပါသည်။ အဆိုပါ သင်တန်းများမှာ ထွေအုပ်၏ ရာထူးငယ်ဝန်ထမ်းများအတွက် ရည်ရွယ်ပါသည်။ ထွေအုပ် အဆင့်မြင့်ဝန်ထမ်းများအတွက် သင်တန်းများ အများအပြား မရှိသည့် အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွင့်လှစ်သည့် သင်တန်းများကို တက်ရောက်ကြပါသည်။ အမှုထမ်းများအနေဖြင့် လေ့ကျင့်ရေးနှင့်သုတေသနဌာနမှ လာရောက်ဖွင့်လှစ်သည့် သင်တန်းများကို တက်ရောက် ကြပါသည်။

သင်တန်းကျောင်း၏ သင်ကြားချိန်များမှာ ရှည်လျားပါသည်။ ထွေအုပ် တာဝန်နှင့် ဝတ္တရားများပို့ချသည့် ဘာသာရပ် သင်တန်းမှာ တစ်ချိန်လျှင် မိနစ် (၅၀) ကြာမြင့်ပါသည်။ တစ်ရက်လျှင် (၇) ချိန် သင်ကြားရပါသည်။ သို့ဖြစ်၍ (၁၂) ပတ် သင်တန်းတစ်ခုသို့ တက်ရောက်သည့် သင်တန်းသားတစ်ဦးအနေဖြင့် သင်တန်းချိန် (၄၂၀) သို့မဟုတ် (၃၅၀) နာရီ တက်ရောက်ရပါသည်။ သင်တန်းသားများသည် မနက် (၅း၃၀)နာရီ အိပ်ယာမှထရပြီး ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အလံတိုင်ရှေ့တွင် သစ္စာဓိဌာန်ရွတ်ဆိုခြင်းတို့ ပြုလုပ်ပြီးနောက် မနက် (၈း၀၀) နာရီမှ နေ့လည် (၃း၃၀) နာရီအထိ သင်တန်း တက်ရောက်ရပါသည်။ ညနေချိန်တွင် ကိုယ်ကာယလေ့ကျင့်ခန်း ပြုလုပ်ရပြီး ည (၁၀း၀၀) နာရီအထိ စာကြည့်ချိန်အဖြစ် သတ်မှတ်ထားပါသည်။[103]

[102] သင်တန်းကျောင်း၏ (၁၁-၉-၂၀၁၃) ရက်နေ့တွင် ကျင်းပသည့် စီမံရေးဝန်ထမ်း အဆင့်-၂ (အမှုထမ်း) သင်တန်း အမှတ်စဉ် (၁/၂၀၁၃)၊


[103] ဥပမာအားဖြင့်၊ ပြည်နယ်/တိုင်းဒေသကြီးအစည်းအဝေးမှတ်တမ်းများကို အစိုးရအဖွဲ့ရုံးတာဝန်ယူရသည့် ထွေအုပ်မှ မှတ်တမ်းတင်ရပါသည်။

# အခန်း (၄) ထွေအုပ်၏ တာဝန်နှင့်ဖွဲ့စည်းပုံ (ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်)

## ၄.၁ ထွေအုပ်၏ တာဝန် နှင့်ဖွဲ့စည်းပုံ (ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်)

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ် နှင့် တိုင်းဒေသကြီး (၁၄) ခုတို့တွင် အစိုးရများဖွဲ့စည်းခဲ့ပြီး ထွေအုပ်မှ လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။ ထွေအုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ၊ လွှတ်တော်များနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများအတွက် အခြေခံအုပ်ချုပ်မှုနှင့် ညှိနှိုင်းမှုဆိုင်ရာတာဝန်များကို ဆောင်ရွက်ပေးပါသည်။ [104] ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ထွေအုပ်အကြီးအမှူး (ဒုတိယ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူ) သည် သက်ဆိုင်ရာအစိုးရအဖွဲ့၏ ရာထူးအလျောက် အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ရပြီး အစိုးရအဖွဲ့ရုံး နှင့် လွှတ်တော်ရှိ ထွေအုပ်ဝန်ထမ်း ၂၂၃ ဦးကို စီမံခန့်ခွဲရပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ တစ်ခုနှင့်တစ်ခု အရွယ်အစားမတူညီသော်လည်း ထွေအုပ်ဝန်ထမ်းဖွဲ့စည်းပုံ နှင့် တာဝန်များမှာ အတူတူပင် ဖြစ်ပါသည်။

**ပုံ (၃)၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ထွေအုပ်ဖွဲ့စည်းပုံ**




**GAD Officer Personnel**
Deputy Director General - 1
Director – 3
Deputy Director - 3
Assistant Director - 7
Officer - 19
Total – 33 staff

**Functionary Personnel**

| | |
|---|---|
| Admin - 33 | Senior Clerk - 43 |
| Driver - 29 | Junior Clerk - 76 |
| Guard - 5 | Cleaner - 6 |
| Unit Clerk - 26 | Office Helper/Post man- 31 |
| Registrar - 5 | |
| Total - 251 staff | |

[104] တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ၊ ပုဒ်မ ၅၀၊

*State and Region Governments in Myanmar* အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) တွင်ဖော်ပြထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ တာဝန်များကို အကောင်အထည်ဖော်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးဌာနများ သီးခြားဖွဲ့စည်းထားခြင်း မရှိပါ။ [105] ယင်းအစား ဌာနများအနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအကြား ရောထွေး၍ တာဝန်ခံဆောင်ရွက်သည့်ဌာနများနှင့် ဗဟိုမှချုပ်ကိုင်ထားသည့် ပြည်ထောင်စု ဝန်ကြီးဌာနများ၏ ပြည်နယ်/တိုင်းဒေသကြီးရုံးများမှ ဆောင်ရွက်ခြင်းတို့ကို ပူးတွဲကျင့်သုံးပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးမဏ္ဍိုင်များသည် နိုင်ငံတော်၏ အဓိကအုပ်ချုပ်ရေးယန္တရားကို အကောင်အထည် ဖော်သည့် ထွေအုပ်ကို ဆက်လက်မှီခို အားထားခဲ့ရပါသည်။

ထွေအုပ်၏ အစိုးရအဖွဲ့ရုံးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဝန်ကြီးချုပ်များနှင့် ဝန်ကြီး (၉) ပါးတို့ပါဝင်သည့် အစိုးရအဖွဲ့ အတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာ ပံ့ပိုးမှုများကို ပေးအပ်ပြီး လွှတ်တော်ရုံးအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လွှတ်တော်ဆိုင်ရာ အုပ်ချုပ်မှုများကို ပံ့ပိုးပေးပါသည်။ ထွေအုပ် အုပ်ချုပ်ရေးမှူးရုံးမှ ငွေစာရင်းနှင့် လူသားအရင်းအမြစ်လိုအပ်ချက် စသည့်အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ပါသည်။ ထွေအုပ်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် "အလျားလိုက်" ပါဝင်ဆောင်ရွက်နေပြီး စာပေးစာယူ၊ အုပ်ချုပ်ရေး၊ ဘတ်ဂျက် နှင့် အုပ်ချုပ်ရေး နှင့် ဥပဒေပြုရေးဌာနများ၏ နေ့စဉ်ကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများသည် ထွေအုပ်၏ဆောက်ရွက်ချက်များပေါ်တွင် အဓိက မှီခိုနေရပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးယန္တရားတွင် အစိုးရအဖွဲ့အတွင်းရေးမှူးသည် ပြည်ထဲရေးဝန်ကြီးဌာနကို တိုက်ရိုက် တာဝန်ခံရသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးချုပ်ကိုလည်း အစီရင်ခံရပါသည်။ [106] *State and Region Governments in Myanmar* အစီရင်ခံစာတွင် ဖော်ပြထားသကဲ့သို့ ဤဆက်သွယ်မှုမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခု မတူညီဘဲ လူပုဂ္ဂိုလ် တစ်ဦးချင်းစီပေါ်မူတည်နေသောကြောင့် ခန့်မှန်းရခက်ပါသည်။[107] ဒေသန္တရအုပ်ချုပ်ရေး ရုံးတွင်း၌ သာမက ရုံးပြင်ဘက်တွင်လည်း ထွေအုပ်၏ အရေးပါမှုမှာ ကြီးမားလှပါသည်။ ဥပမာအားဖြင့် ပြည်နယ်တစ်ခုရှိ လူမှုအရပ်ဖက် အဖွဲ့အစည်းများ၏ ပြောကြားချက်အရ ဝန်ကြီးချုပ်အနေဖြင့် အာဏာအတိုင်းအတာတစ်ခု (အစိုးရအဖွဲ့အတွင်း ဝန်ထမ်းများ ခန့်အပ်ခြင်း) အထိ ရှိသော်လည်း ထွေအုပ်မှ ပြည်နယ် နှင့် တိုင်းဒေသကြီး၏ ဘတ်ဂျက်အသုံးစရိတ်ကို ချပေးရပါသည်။[108]

အထက်တွင်တင်ပြထားခဲ့သော ထွေအုပ်၏ ကဏ္ဍ (၂) ရပ်တွင် တာဝန်ထမ်းဆောင်နေခြင်း နှင့်ပတ်သက်၍ ထွေအုပ်ရုံးမှ မူလတာဝန်များ (အခွန်ကောက်ခံခြင်း၊ လူဦးရေအခြေအနေ စာရင်းအချက်အလက်များ၊ အစိုးရဌာနများ အကြား ဆက်သွယ်ညှိနှိုင်းပေးမှု၊ မှတ်ပုံတင်ခြင်းနှင့် အမျိုးမျိုးသော ဒေသတွင်းဆိုင်ရာ ခွင့်ပြုမိန့်များစသည်) ကိုထမ်းဆောင်ပြီး ထွေအုပ်ရုံးချုပ်ရှိ ဌာန (၆) ခုသို့ အစီရင်ခံရပါသည်။ ထွေအုပ်ရုံးတွင် ဌာနခွဲ (၂) ခုရှိပြီး တစ်ခုမှာ ထွေအုပ်၏ အထွေထွေ တာဝန်များ နှင့် နောက်တစ်ခုမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအား အုပ်ချုပ်ရေးနှင့် ဘတ်ဂျက်ရေးရာ ကိစ္စရပ်များ ပံ့ပိုးနိုင်ရန် ဖြစ်ပါသည်။[109]

အစိုးရအဖွဲ့ရုံးနှင့် လွှတ်တော်ရုံးများမှာ အသစ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဒေသန္တရအစိုးရများကို ပံ့ပိုးပေးရမည့် ထွေအုပ်၏ တာဝန်သစ်များကို ထမ်းဆောင်နိုင်ရန်ဖြစ်ပါသည်။ အစိုးရအဖွဲ့ရုံးတွင် ဌာနခွဲ (၂) ခုရှိပြီး ဝန်ကြီးချုပ်၏ နေ့စဉ်လုပ်ရှားမှုများ အစိုးရအဖွဲ့၏ စီးပွားရေးနှင့် လူမှုရေးမူဝါဒများကို ပံ့ပိုးခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ လွှတ်တော်ရုံးတွင်လည်း ဌာနခွဲ (၂) ခုရှိပြီး တစ်ခုမှာ ဥပဒေမူကြမ်းများပြုစုခြင်းစသည့် ဥပဒေရေးရာကိစ္စရပ်များကို ကိုင်တွယ်ပြီး နောက်တစ်ခုမှာ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ပါသည်။

ထွေအုပ်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဘတ်ဂျက်နှင့် ငွေစာရင်းစီမံခန့်ခွဲမှုတို့တွင် အရေးကြီးသည့်နေရာမှ ပါဝင် ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ထွေအုပ်ရုံးများအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်တွင် အကျုံးမဝင်ဘဲ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ ဘတ်ဂျက်တွင် အကျုံးဝင်ပါသည်။ အဆိုပါအသုံးစရိတ်များတွင် သာမန်အသုံးစရိတ်များဖြစ်သည့် ဝန်ထမ်း လစာနှင့် ပြင်ဆင်စရိတ်များ

[105] State and Region Governments in Myanmar, စာမျက်နှာ-၂၅-၃၅၊

[106] State and Region Governments in Myanmar, စာမျက်နှာ ၃၂-၃၃၊

[107] State and Region Governments in Myanmar, စာမျက်နှာ ၃၃၊

[108] မွန်ပြည်နယ်ရှိ လူမှုအရပ်ဖက်အဖွဲ့အစည်းတစ်ခုနှင့် တွေ့ဆုံမေးမြန်းချက်၊

[109] ပြည်ထဲရေးဝန်ကြီးဌာန၊ ထွေအုပ် ၂၀၁၂ ခုနှစ်၊ မှတ်တမ်း၊

အပါအဝင် ငွေလုံးငွေရင်း အသုံးစရိတ်များဖြစ်သည့် အဆောက်အဦးသစ်များ ဆောက်လုပ်ခြင်းတို့လည်း ပါဝင်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ထွေအုပ်၏ ၂၀၁၃-၁၄ ခုနှစ် ဘဏ္ဍာရေးနှစ် အသုံးစရိတ်များမှာ ကျပ်သန်းပေါင်း ၈၃,၄၀၉ ဖြစ်ပါသည်။[110]

**ဇယား (၂) ပြည်နယ်/တိုင်းဒေသကြီးများရှိ ထွေအုပ်အသုံးစရိတ်များ (၂၀၁၃-၁၄)**

| | **သာမန်အသုံးစရိတ်** | **ငွေလုံးငွေရင်းအသုံးစရိတ်** |
|---|---|---|
| **မန္တလေး** | 5,774.49 | 1,596.97 |
| **စစ်ကိုင်း** | 7,829.71 | 2,800.77 |
| **ကချင်** | 3,530.91 | 3,247.13 |
| **ရန်ကုန်** | 4,394.99 | 9.33 |
| **ဧရာဝတီ** | 7,388.10 | 1,314.57 |
| **ရှမ်း** | 9,157.03 | 2,191.84 |
| **မကွေး** | 5,441.94 | 1,054.75 |
| **ချင်း** | 3,244.44 | 1,329.00 |
| **မွန်** | 1,619.12 | 807.60 |
| **ရခိုင်** | 4,168.78 | 2,260.46 |
| **ပဲခူး** | 5,741.13 | 507.13 |
| **ကရင်** | 2,047.89 | 905.64 |
| **တနင်္သာရီ** | 2,113.74 | 613.19 |
| **ကယား** | 1,304.42 | 1,014.06 |

ထွေအုပ်၏ သာမန်အသုံးစရိတ် နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များအပြင် ထွေအုပ်အနေဖြင့် ၎င်း၏ မူလတာဝန် တစ်ခုဖြစ်သည့် ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေအချို့ကိုလည်း သုံးစွဲပိုင်ခွင့်ရရှိထားပါသည်။ "ကျေးလက် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ" တွင် ထွေအုပ်မှ ခေါင်းစဉ် (၅) ခုတွင် ပါဝင်ပါသည်။ ၎င်းတို့မှာ (က) စိုက်ပျိုးရေး၊ (ခ) လမ်းတံတား၊ (ဂ) သောက်သုံးရေ၊ (ဃ) ပညာရေးနှင့် နယ်မြေဖွံ့ဖြိုးရေးတို့ ဖြစ်ပါသည်။ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်မှ ရရှိသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှာ ကျပ်သန်း ၃၀၀ ဖြစ်ပါသည်။ [111] ထိုမျှမက ထွေအုပ် အနေဖြင့် နယ်စပ်ဒေသရေးရာဝန်ကြီးဌာန၏ ငွေစာရင်းနှင့် အခြားဒေသတွင်း ဖွံ့ဖြိုးရေးရန်ပုံငွေများကိုလည်း စီမံခန့်ခွဲပေးပါသည်။[112]

- **နယ်စပ်ဒေသရေးရာဝန်ကြီးဌာန၏ ဒေသဖွံ့ဖြိုးရေးဘတ်ဂျက်**
  ထွေအုပ်မှ ဒေသအလိုက် ဖွံ့ဖြိုးရေးလိုအပ်ချက်ပေါ် မူတည်၍ ဘတ်ဂျက်ရေးဆွဲပေးရပါသည်။ ဝန်ကြီးဌာနမှ အပြည့်အဝ တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။[113]

- **ဆင်းရဲမွဲတေမှုလျှော့ချရေးရန်ပုံငွေ**
  ပြည်ထောင်စုငွေစာရင်းမှ သတ်မှတ်ပေးထားသည့် ရန်ပုံငွေဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွက်ဖြစ်ပြီး ထွေအုပ်မှ စီမံခန့်ခွဲပါသည်။ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအနေဖြင့် မည်သို့မည်ပုံ သုံးစွဲရန် ဆုံးဖြတ်ပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထွေအုပ်မှ စီမံခန့်ခွဲမှုအပိုင်းတွင် ပါဝင်ပါသည်။[114]

---

[110] နိုင်ငံတော်ပြန်တမ်း ၂၀၁၃-၁၄ ခုနှစ်၊ ဘတ်ဂျက်

[111] ထွေအုပ် ၂၀၁၂ ခုနှစ်၊ မှတ်တမ်း၊

[112] အသေးစိတ်သိရှိလိုပါက Fiscal Decentralization discussion paper by Hamish Nixon and Cindy Joelene ကိုရှု၊

[113] မွန်ပြည်နယ်ထွေအုပ် နှင့် တွေ့ဆုံမေးမြန်းချက်၊ ၂၀၁၄၊

[114] မွန်ပြည်နယ်ထွေအုပ် နှင့် တွေ့ဆုံမေးမြန်းချက်၊

- **ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ**
  နှစ်စဉ်လျာထားသည့် ရန်ပုံငွေဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် (၄) ဦး၏ စီမံခန့်ခွဲမှုဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ စီမံကိန်းတစ်ခုလျှင် ကျပ်သိန်း (၅၀) ထက်မကျော်လွန်ရပါ။[115] ဤရန်ပုံငွေအတွက် အကောင်အထည်ဖော်ရန် ဝန်ထမ်းအင်အားမရှိသည့်အတွက် မြို့နယ်ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်ကြပါသည်။ [116] ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီမှ အဆိုပြုလာသည့် စီမံကိန်းများအား ရွေးချယ် အတည်ပြုပေးပြီး သက်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေး (မြူနီစပါယ်) ကော်မတီများမှ အကောင်အထည် ဖော်ကြပါသည်။[117] ထွေအုပ်မှ ရန်ပုံငွေအား ကြီးကြပ်ပေးပြီး စီမံကိန်းများအား ဦးစားပေးအလိုက် ရွေးချယ်သတ်မှတ် ပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီများကို ကူညီပံ့ပိုးပေးပါသည်။

ပြည်နယ် နှင့် တိုင်းဒေသကြီးအစိုးရများအနေဖြင့် အသုံးစရိတ်ကန့်သတ်ချက်များရှိလင့်ကစား ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဇယား (၅) တွင်ဖော်ပြထားသည့် အခွန်အခများကို ကောက်ခံ၍ ဝင်ငွေများ ရရှိပါသည်။ အဆိုပါ အခွန်အခများတွင် မြေခွန်၊ ယစ်မျိုးခွန်၊ တာတမံခွန်၊ မော်တော်ယာဉ် နှင့် ရေယာဉ်လိုင်စင်ခွန်၊ သစ်တာများမှ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခများနှင့် ဆားခွန်တို့ဖြစ်ပါသည်။ ထို့ပြင်ဝန်ဆောင်ခများ၊ ဒဏ်ကြေးငွေများနှင့် မြို့ခွန်၊ လမ်းခွန်တို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးပိုင် စီးပွားရေးလုပ်ငန်းများမှ ရရှိသည့်ဝင်ငွေများလည်း အကျုံးဝင်ပါသည်။ ထိုသို့ ဝင်ငွေများကောက်ခံရာတွင် မြူနီစပါယ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ယူသည့် အခွန်အခများမှလွဲ၍ အများစုအား ထွေအုပ်မှ ကောက်ခံပေး ရပါသည်။

ထွေအုပ်၏ အခွန်ကောက်ခံမှုမှာ မြို့နယ်အဆင့်တွင် (ဥပမာ မြေခွန် နှင့် ယစ်မျိုးခွန်) ကောက်ခံခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ငွေစာရင်းထဲသို့ တိုက်ရိုက်ပေးသွင်းရပါသည်။ [118] မြေခွန်နှုန်းမှာ (တစ်ဧကလျှင် ၇ ကျပ်) နည်းလွန်းလှသော်လည်း ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ အဆ ၁၀၀ ခန့် ပြည်နယ်နှင့်တိုင်းဒေသကြီး (ဥပမာ မွန်ပြည်နယ် မြေခွန်ဥပဒေ) အများစုတွင် မြှင့်တင်ခဲ့ကြပါသည်။[119] အဆိုပါဥပဒေများအား ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များမှ ပြဌာန်းပေးခဲ့ခြင်းဖြစ်ပြီး ထွေအုပ်မှ ကောက်ခံပေးသည့် အခွန်အများစုမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်တွင်ရှိနေပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၄) ခု၏ ၂၀၁၃-၁၄ ခုနှစ် မြေခွန်ကောက်ခံရရှိမှုမှာ ကျပ်သန်းပေါင်း ၁၃,၉၅၀.၅၄ ဖြစ်ပြီး ၂၀၁၂-၁၃ ခုနှစ်တွင် ရရှိခဲ့သည့် ကျပ်သန်းပေါင်း ၁၄၄.၆၉ နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ယစ်မျိုးခွန်နှုန်းထားများကိုလည်း မြှင့်တင်ခဲ့ ကြပါသည်။ မွန်၊ ကရင်၊ ချင်း၊ ပဲခူး နှင့် ဧရာဝတီ ပြည်နယ်/ တိုင်းဒေသကြီးတို့တွင် ယစ်မျိုးခွန် ဥပဒေသစ်များ ရေးဆွဲခဲ့ကြပြီး မူလလိုင်စင်အမျိုးအစားများကို ပြန်လည် မွမ်းမံခဲ့ကြ ပါသည်။ (နောက်ဆက်တွဲ-၅ ကိုရှု)

[115] လွှတ်တော်ကိုယ်စားလှယ် (၄) ဦးမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်အမတ် (၂) ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁) ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁) ဦးတို့ဖြစ်ပါသည်။

[116] ပြည်ထောင်စုလွှတ်တော်အမိန့်အမှတ် (၈၂/၂၀၁၃)၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ အပိုဒ် (၇)၊

[117] ပြည်ထောင်စုလွှတ်တော်အမိန့်အမှတ် (၈၂/၂၀၁၃)၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ၊ အပိုဒ် (၇)၊

[118] ကျေးလက်ဒေသများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အခွန်ကောက်ခံ၍ ထွေအုပ်သို့ ပေးသွင်းရပါသည်။ ရရှိသည့်အခွန်ငွေထဲမှ ၁၀% အား ဝန်ဆောင်ခအဖြစ် သတ်မှတ်ပေးပါသည်။ (မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံမေးမြန်းချက်)

[119] အခွန်တိုးမြှင့်နှုန်းမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခု မတူညီကြပါ။ အချို့ဒေသများတွင် ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် အခွန်နှုန်းထား တိုးမြှင့်ခြင်း မရှိသေးပါ။

ဇယား (၃)၊ ၂၀၁၃-၁၄ ခုနှစ်တွင် ပြည်နယ်/တိုင်းဒေသကြီး အခွန် (၄) မျိုး ထွေအုပ်မှ ကောက်ခံမှု အခြေအနေ (ကျပ်သန်းပေါင်း)[120]

| အခွန်အမျိုးအစား | ယစ်မျိုးခွန် | မြေယာခွန် | တာတမံခွန် | ဓါတ်သတ္တုခွန် |
|---|---|---|---|---|
| **မန္တလေး** | 2746.8 | 1789.385 | n/a | 11.08 |
| **စစ်ကိုင်း** | 610.96 | 2721.221 | 0.138 | 31.727 |
| **ကချင်** | 190.932 | 458.63 | n/a | 1.122 |
| **ရန်ကုန်** | 2338.888 | 1062.312 | 1.589 | 27.718 |
| **ဧရာဝတီ** | 712.812 | 33.356 | 7.781 | 11.787 |
| **ရှမ်း** | 415.681 | 1139.507 | 28.18 | 11.798 |
| **မကွေး** | 441.768 | 1698.305 | 0.003 | 11.085 |
| **ချင်း** | 35.863 | 109.221 | n/a | 0.088 |
| **မွန်** | 381.24 | 748.95 | 0.683 | 6.475 |
| **ရခိုင်** | 167.149 | 905.737 | 0.172 | 2.337 |
| **ပဲခူး** | 624.378 | 2354.629 | 1.619 | 15.938 |
| **ကရင်** | 83.133 | 409.043 | 0.045 | 1.75 |
| **တနင်္သာရီ** | 134.13 | 519.207 | 0.051 | 0.832 |
| **ကယား** | 23.96 | 1.039 | n/a | 0.3 |

ဒေသန္တရအုပ်ချုပ်ရေးတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်အောက်၌ ခရိုင်များဖွဲ့စည်းထားပြီး ယခင်အခန်းများတွင် တင်ပြထားသကဲ့သို့ အဆင့်မြင့်ထွေအုပ်ဝန်ထမ်းမှ အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဒုတိယညွှန်ကြားရေးမှူးအဆင့်ရှိသူ တစ်ဦးဖြစ်ပြီး ခရိုင်အထွေအထွေအုပ်ချုပ်ရေးမှူးရုံး (ခရိုင်ရုံး) ကို ဦးစီးပါသည်။ ခရိုင်ရုံးအနေဖြင့် ၎င်း၏လက်အောက်ခံ အုပ်ချုပ်ရေးစနစ်၏ အဓိကယူနစ်များဖြစ်သည့် မြို့နယ်ရုံးများကို ကွပ်ကဲပါ သည်။[121] သို့ဖြစ်၍ ခရိုင်များသည် ပြည်နယ်နှင့်တိုင်းဒေသကြီး နှင့် မြို့နယ်တို့ကြားအဆင့်တွင်ရှိပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူး အောက်တွင် ဦးစီးအရာရှိ (၂) ဦးမှ ဌာနခွဲ (၂) ခုကို အသီးသီးဦးဆောင်ကြပါသည်။ ခရိုင်ရုံးတွင် ဝန်ထမ်းအင်အား (၂၇) ဦးဖြင့် ဖွဲ့စည်းထားပြီး အများစုမှာ စာရေးဝန်ထမ်းများဖြစ်ကြပါသည်။[122]

ခရိုင်ရုံး၏ အဓိကတာဝန်မှာ သက်ဆိုင်ရာမြို့နယ်ရုံးများနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများအကြား ညှိနှိုင်း ဆက်သွယ်ပေးခြင်းဖြစ်ပါသည်။[123] ထိုသို့ဆောင်ရွက်ရာတွင် စာရင်းဇယားများ၊ စီမံကိန်းနှင့် ဘတ်ဂျက်ဆိုင်ရာ အချက် အလက်များအား ပေါင်းစည်းပေးခြင်း၊ အစိုးရ၏ အမိန့်ညွှန်ကြားချက်များအား ဆက်လက်ပေးပို့ခြင်းတို့ ဆောင်ရွက်ရပါသည်။ ခရိုင်အုပ်ချုပ်ရေးမှူးများအနေဖြင့် အောက်ခြေအဆင့်တွင် ဖြေရှင်းနိုင်ခြင်းမရှိသည့် မြေ၊ မြို့နယ်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အာဏာအလွဲသုံးစားမှုများကဲ့သို့သော အငြင်းပွားမှုများကို ဖြေရှင်းပေးရပါသည်။

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီများ အရေးပါလာမှုတို့ကြောင့် ခရိုင်ရုံးအနေဖြင့် ကြားခံဆောင်ရွက် ပေးရပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးကဲ့သို့ပင် ခရိုင်အုပ်ချုပ်ရေးမှူးသည် ခရိုင်စီမံခန့်ခွဲရေး နှင့် ဖွံ့ဖြိုးရေးကော်မတီများနှင့် ညှိနှိုင်း ဆောင်ရွက်ရပါသည်။ ခရိုင်ရုံးများအနေဖြင့် အရက်လိုင်စင်ထုတ်ပေးခြင်းကို တိုက်ရိုက် ကိုင်တွယ်ဆောင်ရွက်ပါသည်။ မြေနေရာချထားခြင်းကိစ္စရပ်များကိုလည်း ခရိုင်အုပ်ချုပ်ရေးမှူးများ၏ သဘောတူညီမှု ရရှိရန်လိုအပ်ပါသည်။[124]

ဤအပိုင်းအား နိဂုံးမချုပ်မီ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်တွင် ထွေအုပ်မှ မည်သို့မည်ပုံပါဝင်သည်ကို ဖော်ပြသွား ပါမည်။ အခြားနိုင်ငံများကဲ့သို့ပင် နေပြည်တော်အား မြို့တော်အဖြစ် မြန်မာနိုင်ငံမှ သတ်မှတ်ထားပါသည်။ အခြား ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် မတူဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော် နှင့် ဝန်ကြီးချုပ်များ မရှိပါ။ အဖွဲ့ဝင် (၁၀) ဦးပါ

---

[120] နိုင်ငံတော်ပြန်တမ်း၊ ၂၀၁၃-၁၄ ခုနှစ်၊ ဘတ်ဂျက်၊

[121] မွန်နှင့်ရှမ်းပြည်နယ်များမှ ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမေးမြန်းချက်၊

[122] ဒုတိယညွှန်ကြားရေးမှူး (၁) ဦး၊ ဦးစီးအရာရှိ (၂) ဦး၊ ဌာနခွဲစာရေး (၁) ဦး၊ အကြီးတန်းစာရေး (၅) ဦး၊ အငယ်တန်းစာရေး (၂) ဦး၊ ယာဉ်မောင်း (၁) ဦး၊ လုံခြုံရေး (၁) ဦး နှင့် ရုံးအကူ (၂) ဦး၊

[123] မွန်ပြည်နယ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံမေးမြန်းချက်၊

[124] Subnational Governments and Business in Myanmar၊ စာမျက်နှာ-၁၁၊

နေပြည်တော်ကောင်စီမှ သမ္မတရုံးဝန်ကြီးဌာန (၂) ကို အစီရင်ခံရပါသည်။ နိုင်ငံတော်သမ္မတမှ နေပြည်တော်ကောင်စီဝင် (၉) ဦးအား ရွေးချယ်ပြီး တပ်မတော်မှ (၁) ဦးကို ရွေးချယ်ခန့်အပ်ပါသည်။

နေပြည်တော်အုပ်ချုပ်ရေးတွင် ထွေအုပ်မှ အဓိကကဏ္ဍမှပါဝင်ပါသည်။[125] ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၇ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ထွေအုပ်၏ အခန်းကဏ္ဍကဲ့သို့ပင် "နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးအမှူးသည် ရာထူးအလျောက် နေပြည်တော်ကောင်စီအတွင်းရေးမှူးဖြစ်သည်။ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သည် နေပြည်တော် ကောင်စီရုံးဖြစ်သည်။" နေပြည်တော်တွင် ထွေအုပ်သည် မြို့တော်အတွင်းရှိ ခရိုင်(၂) ခုနှင့် မြို့နယ်(၈)ခု၊ ကျေးရွာပေါင်း ၂၄၁ ခုတို့၏ အထွေထွေအုပ်ချုပ်ရေးကို တာဝန်ယူရပါသည်။ နေပြည်တော်ရှိ ဝန်ကြီးအကြီးအမှူးမှာ ထွေအုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသူဖြစ်ပြီး ထွေအုပ်ဝန်ထမ်း ၂၀၄ ဦးအားဖြင့် ဦးစီးဆောင်ရွက်ပါသည်။[126] ခရိုင်နှင့် မြို့နယ်ရုံးများ၏ ဖွဲ့စည်းပုံနှင့် တာဝန်များမှာ အခြားထွေအုပ်ရုံးများနှင့် တူညီသည့်အပြင် ဒေသဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေး ကော်မတီများလည်း အခြားဒေသများနည်းတူ ဖွဲ့စည်းထားရှိပါသည်။

ထူးခြားချက်အဖြစ် နေပြည်တော်ကောင်စီတွင် ကောင်စီဝင် (၉) ဦးရှိပြီး (၈) ဦးမှာ မြို့နယ်များကိုတာဝန်ခံရပါသည်။ ၎င်းတို့မှာ ရွေးချယ်တင်မြှောက်ခြင်းခံရသူများ မဟုတ်သော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လွှတ်တော်ကိုယ်စားလှယ် များကဲ့သို့ပင် သက်ဆိုင်ရာမြို့နယ်များနှင့် ထိတွေ့ဆက်ဆံရပါသည်။ ကျန်ကောင်စီဝင် (၁) ဦးမှာ အကြီးစား အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူရပြီး တပ်မတော်သား ကိုယ်စားလှယ်မှ လုံခြုံရေးကဏ္ဍကို တာဝန်ယူရပါသည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ပင် ထွေအုပ်မှကောက်ခံရရှိသည့် အခွန်ငွေများအားလုံးသည် နေပြည်တော် ကောင်စီငွေစာရင်းသို့ ပေးသွင်းရခြင်း မဟုတ်ဘဲ ပြည်ထောင်စု ငွေစာရင်းသို့ ပေးသွင်းရပါသည်။ နေပြည်တော်၏ အခြားအရေးကြီးသည့် ကဏ္ဍတစ်ခုမှာ နိုင်ငံတော်သမ္မတရုံး အတွက် အခမ်းအနားများ (ဥပမာ ပြည်ထောင်စုနေ့) စီစဉ်ကျင်းပရခြင်းဖြစ်ပြီး ထွေအုပ်၏ ပံ့ပိုးမှုများ လိုအပ်ပါသည်။

## ၄.၂ ထွေအုပ်၏ တာဝန်နှင့်ဖွဲ့စည်းပုံ (မြို့နယ်အဆင့်)

မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း (၃၃၀) သည် အုပ်ချုပ်ရေးစနစ်၏ အခြေခံအုတ်မြစ်များဖြစ်ပါသည်။ မြို့နယ်ထွေအုပ်ရုံးများ (မြို့နယ်ရုံးများ) သည် မြန်မာနိုင်ငံသားများအတွက် အဓိကထိတွေ့ဆက်ဆံရသည့် ရုံးကနားတစ်ခုဖြစ်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးများဦးဆောင်သည့် မြို့နယ်ထွေအုပ်ရုံးများသည် အစိုးရ၏ အခြေခံဝန်ဆောင်မှုများဖြစ်သည့် လူဦးရေ မှတ်ပုံတင်ခြင်း၊ မြေမှတ်ပုံတင်ခြင်း နှင့် အခွန်များကို ကောက်ခံပေးပါသည်။

၂၀၁၁ ခုနှစ်မှစတင်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အုပ်ချုပ်ရေးစနစ်ပြောင်းလဲမှုများရှိခဲ့သော်လည်း မြို့နယ် အဆင့်တွင်မူ မြို့နယ်ထွေအုပ် အုပ်ချုပ်ရေးမှူး၏ တာဝန်များမှာ ဆက်လက်တည်မြဲနေပြီး ရွေးကောက်ခံ ကိုယ်စားလှယ်များပါဝင်ခြင်း မရှိပါ။[127] မြို့နယ်ရုံးများသည် မြို့နယ်အဆင့် အစိုးရဌာနများ အထူးသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ မြို့နယ်ရုံးခွဲများအတွက် ပေါင်းစပ်ညှိနှိုင်းပေးရသည့်တာဝန်ကို ထမ်းဆောင်ရပါသည်။ မြို့နယ်ရုံးများသည် အချက်အလက်များ ကောက်ခံခြင်း၊ စုစည်းခြင်း၊ ကျေးရွာအုပ်စုများအား စီမံခန့်ခွဲခြင်းမှသည် မြေစီမံခန့်ခွဲမှု၊ အငြင်းပွားမှုနှင့် အခွန်အရပ်ရပ်ကောက်ခံသည့် တာဝန်များဖြင့် တာဝန်များ များပြားလှပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးများသည် မြို့နယ်၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အခြားအစိုးရဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးပါသည်။[128] ဥပမာအားဖြင့် ဒေသခံများအတွက် ရည်ရွယ်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ နှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ခြင်းမှာ ထွေအုပ်၏ အရေးကြီးသည့် တာဝန်တစ်ခုဖြစ်ပါသည်။ ယခင်က ထွေအုပ်တစ်ခုတည်းမှ စီမံခန့်ခွဲသော်လည်း ယခုအခါ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများနှင့် တိုင်ပင်ညှိနှိုင်း၍ မြို့နယ် အုပ်ချုပ်ရေးမှူးများမှ အကောင်အထည်ဖော် ဆောင်ရွက်ရပါသည်။

---

[125] နေပြည်တော်ကောင်စီ ထွေအုပ်ရုံးမှ ညွှန်မှူးနှင့်တွေ့ဆုံမေးမြန်းချက်၊


[126] ထွေအုပ် ၂၀၁၂ ခုနှစ်၊ မှတ်တမ်း၊ စာမျက်နှာ-၂၇၊

[127] ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသက်ဝင်လာပြီးနောက်ပိုင်း ၂၀၁၀ ခုနှစ် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ဥပဒေ နှင့် ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာဥပဒေ တို့ပြဋ္ဌာန်းခဲ့သော်လည်း ခရိုင်နှင့်မြို့နယ်အဆင့်များအတွက် ပြဋ္ဌာန်းထားခြင်း မရှိပါ။

[128] မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံမေးမြန်းချက်များ

မြို့နယ်ရုံးများတွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ရှိသည့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဦးဆောင်သည့် ထွေအုပ်ဝန်ထမ်း (၃၁) ဦးရှိပါသည်။[129] အခြားထွေအုပ်ရုံးများကဲ့သို့ပင် မြို့နယ်လူဦးရေနှင့် အရွယ်အစားများ မတူညီလင့်ကစား မြို့နယ်ရုံးများ၏ ဖွဲ့စည်းပုံ များမှာ တူညီကြပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးအောက်တွင် ဦးစီးအရာရှိအဆင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေး မှူး တစ်ဦးရှိပါသည်။ အရာရှိ (၂) ဦးမှ မြို့နယ်ရုံးရှိ စာရေးနှင့် စာရင်းကိုင်ဝန်ထမ်းများကို ဦးစီးရပါသည်။ *Subnational Governments and Business* တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း ဒေသစီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မြို့နယ်ထွေအုပ်ရုံးမှ တာဝန်အချို့ကို ထမ်းဆောင်ရပါသည်။[130] မြို့နယ်အဆင့် စီးပွားရေးလုပ်ငန်းများတွင် ထွေအုပ်၏ အဓိကထိတွေ့ဆက်ဆံမှုမှာ အငယ်စား နှင့် အသေးစားစီးပွားရေး လုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံရခြင်း ဖြစ်ပါသည်။ အရက်သေစာရောင်းချခြင်းနှင့် အိမ်ခြံမြေရောင်းဝယ်ခြင်း လုပ်ငန်းများတွင် ထွေအုပ်မှ လိုင်စင်များ ထုတ်ပေးရပါသည်။ ထို့ပြင် မြေလွှဲပြောင်းခြင်း၊ ဆောက်လုပ်ရေးခွင့်ပြုချက်နှင့် တည်ဆောက်ခွင့်စသည့် ခွင့်ပြုမိန့် လိုင်စင်များကိုလည်း ထုတ်ပေးပြီး မြေနှင့်ယစ်မျိုးခွန်များကိုလည်း ကောက်ခံပါသည်။ Bissinger and Linn Maung တို့မှ သုံးသပ်ထားသည့်အတိုင်း မြို့နယ်ရုံးများသည် လူမှုရေးအရ အကျိုးသက်ရောက်မှုရှိစေသည့် စီးပွားရေး လုပ်ငန်းများပေါ်တွင် ပါဝင်ပတ်သက်မှုရှိပါသည်။[131]

**ပုံ (၃)၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ ဖွဲ့စည်းပုံ[132]**




**ဖွဲ့စည်းပုံ**
လက်ထောက်ညွှန်ကြားရေးမှူး - ၁
ဦးစီးအရာရှိ - ၁
ဒုဦးစီးအရာရှိ - ၃

စုစုပေါင်းဂန်ထမ်း - ၃၄

**အမှုထမ်းများ**
အကြီးတန်းလက်နှိပ်စက် - ၁
အငယ်တန်းလက်နှိပ်စက် - ၂
ယဉ်မောင်း - ၃
လုံခြုံရေး - ၁

အကြီးတန်းစာရေး - ၅
အငယ်တန်းစာရေး - ၈
စာရင်းကိုင် - ၃
သန့်ရှင်းရေး - ၁
ရုံးအကူ - ၃
စာပို့ - ၁

မြို့နယ်အုပ်ချုပ်ရေးစနစ်တစ်ခုလုံးကို ခြုံငုံကြည့်မည်ဆိုပါက ထွေအုပ်အပြင် အခြားအရေးကြီးသည့် အစိုးရဌာန တစ်ခုဖြစ်သည့် မြူနီစပါယ်ရုံးများ သို့မဟုတ် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ တရားဝင်အခေါ်အဝေါ်အားဖြင့် မြို့နယ်စည်ပင်သာယာရေးရုံးများရှိပါသည်။ ထွေအုပ်မှ မြို့နယ်အဆင့် စီမံခန့်ခွဲရေးနှင့် ညှိနှိုင်းရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် မြူနီစပါယ်ရုံးများမှ အခွန်အခအချို့ကို ကောက်ခံခြင်း၊ စီးပွားရေးနှင့် ဆောက်လုပ်ရေးလိုင်စင် ခွင့်ပြုမိန့်များ ထုတ်ပေးခြင်း၊ မြို့ပြဝန်ဆောင်မှုများဖြစ်သည့် ရေ၊ မိလ္လာ၊ အမှိုက်၊ လမ်းပြုပြင်

---

[129] ထွေအုပ် ၂၀၁၂ ခုနှစ်၊ မှတ်တမ်း၊ စာမျက်နှာ-၃၄၊

[130] Subnational Governments and Business in Myanmar၊ စာမျက်နှာ ၁၁-၁၂၊

[131] လူမှုရေးသက်ရောက်မှုများဆိုသည်မှာ လူမှုရေးတည်ငြိမ်မှု နှင့် ငြိမ်ဝပ်ပိပြားရေးကို အကျိုးသက်ရောက်စေသည့် လုပ်ငန်းများ၊ ဥပမာ- အရက်သေစာရောင်းဝယ်ခြင်း နှင့် ပညာရေးဝန်ဆောင်မှုများ ဖြစ်ပါသည်။ Subnational Governments and Business in Myanmar၊ စာမျက်နှာ-၁၂၊

[132] ထွေအုပ် ၂၀၁၂ ခုနှစ်၊ မှတ်တမ်း၊

ထိန်းသိမ်းခြင်း နှင့် မြို့ပြလျှပ်စစ်မီးပေးဝေရေး ကိစ္စရပ်များကို ဆောင်ရွက်ပါသည်။[133] အဆိုပါ တာဝန်အချို့မှာ ထပ်နေပါသည်။ ဥပမာအားဖြင့် ထွေအုပ်နှင့် မြူနီစပါယ်ရုံးများမှ မြေခွန်များ ကောက်ခံကြပါသည်။ မြေခွန်များကို တစ်နှစ်တစ်ခါ ကောက်ခံပြီး မြူနီစပါယ်ဝန်ထမ်း နှင့် မြို့နယ်ထွေအုပ်ရုံးများမှ မြို့ပြ၊ကျေးလက် နေရာဒေသပေါ်မူတည်၍ ကောက်ခံကြပါသည်။ မြို့နယ်ထွေအုပ်ရုံးအနေဖြင့် လုပ်ပိုင်ခွင့်ပိုရှိသည်ဟုယူဆရသော်လည်း မြူနီစပါယ်ရုံးများသို့ တိုက်ရိုက်ညွှန်ကြားခွင့်မရှိပါ။

မြို့နယ်ထွေအုပ်ရုံးများနှင့် မြူနီစပါယ်ရုံးများမှာ အရေးကြီးသည့် ကွာခြားချက်များလည်း ရှိပါသည်။ အရေးကြီးဆုံးအချက်မှာ မြူနီစပါယ်ရုံးများသည် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရလက်အောက်နှင့် ၎င်း၏ဘတ်ဂျက်အသုံးစရိတ်တွင် ရှိပါသည်။ ထွေအုပ်ရုံးများမှာမူ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအောက် အထူးသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ရှိပါသည်။ နယ်ကခေတ်ကတည်းက ရှိခဲ့သော မြူနီစပါယ်ရုံးများသည် ဗဟိုမှချုပ်ကိုင်မှုကိုဖယ်ရှားပြီး ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများသို့ လွှဲပြောင်းပေးခဲ့သည့် တစ်ခုတည်းသော ဌာနတစ်ခုဖြစ်ပြီး ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နယ်စပ်ဒေသရေးရာဝန်ကြီးဌာနမှ လွှဲပြောင်းပေးခဲ့သည့် အရေးကြီးသည့်ဖြစ်စဉ်တစ်ခု ဖြစ်ပါသည်။ မြူနီစပါယ်ရုံးများ၏ ထူးခြားချက်မှာ ကောက်ခံရရှိသည့် အခွန်အခများဖြင့် ကိုယ်ခြေထောက်ပေါ်ကိုယ်ရပ်တည်ရခြင်း ဖြစ်ပြီး ပြည်ထောင်စု၏ ခွင့်ပြုချက်မလိုအပ်ပါ။ ဦးစီးအရာရှိအဆင့်အောက်တွင်ပင် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ဒေသန္တရ အုပ်ချုပ်ရေးစနစ်တွင် ဖွံ့ဖြိုးမှုအရှိဆုံးဌာနတစ်ခု ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ "ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး" ပြုပြင်ပြောင်းလဲရေး၏အခြေခံမှာ မြို့နယ်အဆင့်တွင် ဖြစ်ပါသည်။ ထို့ပြင် တောင့်တင်းခိုင်မာသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ UNDP စသည်တို့သည် မြို့ရွာ နှင့် ကျေးရွာအုပ်စုအဆင့်ကို အလေးထား၍ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ စတင် ဆောက်ရွက် လာနေပြီဖြစ်ပါသည်။ ထွေအုပ်၏ မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို ခိုင်မာစွာထိန်းချုပ်ထားနိုင် သော်လည်း ယခုအခါ ကော်မတီအမျိုးမျိုးမှ ဒေသဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲလမ်းညွှန်ပေးလျက် ရှိပါသည်။ မြို့နယ်အဆင့်တွင် ထွေအုပ်မှ ထိန်းချုပ်ထားခြင်းဖြစ်ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များတွင်သာမက နိုင်ငံတကာ ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ထွေအုပ်၏ အခန်းကဏ္ဍမှာ အဓိကပါဝင်လျက် ရှိပါသည်။

## ၄.၃ ထွေအုပ်၏ တာဝန်နှင့်ဖွဲ့စည်းပုံ (ကျေးရွာအုပ်စုအဆင့်)

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ အပြောင်းအလဲများ ပြုလုပ်ခဲ့သည့် ကျေးရွာအဆင့် အုပ်ချုပ်ရေးတွင် ထွေအုပ်သည် အဓိကကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ၂၀၁၂ ခုနှစ်နှောင်းပိုင်း ကာလများတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသစ်များကို ရွေးချယ်တင်မြှောက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှ တိုက်ရိုက် ခန့်အပ်သူများနေရာတွင် အစားထိုးခဲ့ပါသည်။[134] ယခုအခါ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို အစိုးရဝန်ထမ်းများဟု မသတ်မှတ်ဘဲ ထွေအုပ်မှ လစာငွေအစား "ချီးမြှင့်ငွေ" များပေးအပ်ပါသည်။[135] ထွေအုပ်ဝန်ထမ်းများ မဟုတ်သည့်အတွက် ရာထူးတိုးမြှင့်ခံရခြင်းမရှိသော်လည်း လုပ်ပိုင်ခွင့် အလွဲသုံးစားပြုလုပ်ခြင်း၊ စွမ်းဆောင်ရည်ညံ့ဖျင်းခြင်း၊ အကျင့်ပျက်ခြစားခြင်းတို့ ဖြစ်ပွားပါက မြို့နယ်အုပ်ချုပ်ရေးမှူးမှ ၎င်းတို့အား တာဝန်မှ ရပ်ဆိုင်းနိုင်ပါသည်။[136] ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား သက်ဆိုင်ရာ ကျေးရွာအုပ်စု ထွေအုပ်၏ အချိန်ပြည့်ဝန်ထမ်းဖြစ်သည့် စာရေးတစ်ဦးစီမှ ပံ့ပိုးကူညီပြီး ၎င်းအနေဖြင့် လစာငွေရရှိပြီး ရာထူးတိုးမြှင့် ခံရနိုင်ပါသည်။

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် အစိုးရနှင့် ၈၀% ခန့်ရှိသည့် ကျေးလက်နေပြည်သူလူထုအကြား ဆက်သွယ် ပေးသည့်အတွက် ၎င်းင်တို့၏ အခန်းကဏ္ဍမှာ အရေးကြီးပါသည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ထွေအုပ်၏ အုပ်ချုပ်ရေးကဏ္ဍတွင်

---

[133] မြူနီစပါယ်ရုံးများအကြောင်း အသေးစိတ်သိလိုပါက Subnational Governments and Business in Myanmar, စာမျက်နှာ၁၃-၁၅၊

[134] ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ အရ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား သွယ်ဝိုက်၍ ရွေးကောက်တင်မြှောက်ပါသည်။ ဥပဒေအရ၊ ဆယ်အိမ်ခေါင်းများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ရွေးချယ်ရပြီး မြို့နယ်အုပ်ချုပ်ရေးမှူးမှ အတည်ပြုခန့်အပ်ပေးရပါသည်။ အသေးစိတ်သိလိုပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ အခန်း (၇) – (၉) ကိုရှု၊

[135] ၂၀၁၂ ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ အခန်း (၁၄)၊ ပုဒ်မ-၃၂-၃၃၊ ပုဒ်မ-၂၈ တွင် "ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအတွက် အောက်ပါချီးမြှင့်ထောက်ပံ့ငွေများကို သတ်မှတ်ပေးရမည်- (က) လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၊ (ခ) သက်တမ်းကာလအပြည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်းချီးမြှင့်ငွေ။'

[136] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် ထွေအုပ်မှ ခန့်အပ်စာပေးပို့ခြင်းကြောင့် ပိုမိုရှုပ်ထွေးသွားစေပါသည်။

အဓိကကျောရိုးများအဖြစ် ပါဝင်ပြီး ၎င်းတို့အား စီမံခန့်ခွဲသည့် မြို့နယ် အုပ်ချုပ်ရေးမှူးများကို အထောက်အကူပြုကြပါသည်။ [137] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် ၎င်းတို့ အစဉ်အဆက် ထမ်းဆောင်ခဲ့သည့် မူလတာဝန်များဖြစ်သည့် အခွန်ကောက်ခံခြင်း၊ မြေယာမှတ်ပုံတင်ပေးခြင်း၊ လူဦးရေအခြေအနေတို့ကို အစီရင်ခံခြင်းတို့ ဆောင်ရွက်ပါသည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားချေးငွေများ ရယူလိုသည့် အခြေအနေမျိုးတွင် ၎င်းတို့မှ လက်မှတ်ရေးထိုးပေးရန် လိုအပ်ပါသည်။ ၎င်းတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံရာတွင် အကန့်အသတ်ရှိပြီး များသောအားဖြင့် လိုင်စင်နှင့် ခွင့်ပြုမိန့်များအတွက် ထောက်ခံစာများ ထုတ်ပေးခြင်းတို့ကိုသာ ဆောင်ရွက်ရ ပါသည်။[138] ကျေးရွာစာရေးများအနေဖြင့် အုပ်ချုပ်မှု၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များ မှတ်တမ်းတင်ခြင်း၊ ရုံးလုပ်ငန်းနှင့် လုံခြုံရေးမှတ်တမ်းများကို သတ်မှတ်ထားသည့် ပုံစံ (၃၃) မျိုးတွင် ဖြည့်စွက်ပေးသည့် တာဝန်များကို ထမ်းဆောင် ရပါသည်။[139]

မြို့နယ်ရုံးများသည် ထွေအုပ်၏မူလတာဝန်များ (အချက်အလက်များ စုစည်းခြင်း၊ မြေယာစီမံခန့်ခွဲခြင်း၊ အငြင်းပွားမှုများ ဖြေရှင်းခြင်း နှင့် အခွန်ကောက်ခံခြင်း) အများအပြားကို ဆောင်ရွက်နေချိန်တွင် ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအဆင့် ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရသည့် တာဝန်များပိုမိုလာခဲ့ပါသည်။ လတ်တလောအခြေအနေတွင် မြို့နယ်နှင့်ခရိုင်များ၌ ရွေးကောက်ခံ အဖွဲ့အစည်း ထားရှိရန် အစီအစဉ်မရှိသေးပါ။[140] ထိုအတောအတွင်း ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးများသည် အမျိုးမျိုးသော လူထုကိုယ်စားလှယ်များ ပါဝင်သည့် စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီများတွင် အဓိကဇာတ်ကောင်များဖြစ်နေပါသည်။ ယခုအခါ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် ဒေသဖွံ့ဖြိုးရေး စီမံကိန်း များကို ရွေးချယ်ခြင်း နှင့် အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်နေသည့် အဆိုပါကော်မတီများအတွက် ၎င်းတို့၏ အချိန်တော်တော်များများကို ပေးထားနေရပါသည်။ [141] ကော်မတီများ၏အခန်းကဏ္ဍကို မြှင့်တင်ခြင်းမှာ နိုင်ငံတော်သမ္မတထံမှ ညွှန်ကြားချက်ဖြစ်ပြီး ၂၀၁၂ ခုနှစ်နှောင်းပိုင်းတွင် စတင်ခဲ့သည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ခြင်း (ဆယ်အိမ်ခေါင်းများမှ သွယ်ဝိုက်ရွေးချယ်ခြင်း) တို့သည်လည်း ယင်းလုပ်ငန်းစဉ်ကိုအထောက်အကူပြုရန် ဖြစ်ပါသည်။[142]

---

[137] ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများဖြင့် တွေ့ဆုံမေးမြန်းခဲ့ရာတွင် ၎င်းတို့သည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေမှူးနှင့် ပုံမှန်ဆက်သွယ်ရပြီး လုပ်ငန်းမျိုးစုံ ဥပမာအားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အတည်ပြုခွင့်ပြုချက်များ ရယူရကြောင်း ပြောကြားခဲ့ကြပါသည်။

[138] Subnational Governments and Business in Myanmar၊ စာမျက်နှာ-၁၁၊


[139] အဆိုပါ အချက်အလက်ကောက်ယူမှုမှာ အမျိုးစုံလင်လှပြီး လူဦးရေအခြေအနေ၊ ကျောင်းအပ်မှု၊ လူဦးရေရွှေ့ပြောင်းမှု၊ ဖွားသေမှု၊ ဧည့်စာရင်း၊ ကြက်ခြေနီလုပ်ရှားမှု၊ ဆောက်လုပ်ရေး နှင့် ဒေသအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများ စသည်တို့ဖြစ်ပါသည်။ အသေးစိတ် Bart Robertson ၏ 'A vital, little-known cog in Myanmar's reform process,'Myanmar Times, (၂၇-၁၀-၂၀၁၃), http://www.mmtimes.com/index.php/opinion/8606-a-vital-little-known-cog-in-myanmar-s-reform-process.html၊

[140] လက်ရှိအာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) မြို့နယ် နှင့် ခရိုင်အဆင့်များတွင် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုထားသည်ဆိုသော်လည်း အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိပါ။ ထက်နိုင်ဇော် ၏ 'USDP Announces Surprise Constitutional Amendment Proposal', The Irrawaddy, (၃၁-၁၂-၂၀၁၃)၊ http://www.irrawaddy.org/burma/usdp-announces-surprise-constitutional-amendment-proposal.html

[141] အဆိုပါဒေသစီမံကိန်းများမှာ ဒေသ၏ ကျန်းမာရေး၊ သောက်သုံးရေ၊ ပညာရေး နှင့် စိုက်ပျိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်ပါသည်။ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံမေးမြန်းချက်၊

[142] နိုင်ငံတော်သမ္မတမှ "အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေး အတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စသည့် အင်အားစုများ၏ ပူးပေါင်းပါဝင်မှုကို ရယူ၍ ပြည်သူတို့၏ လူမှုစီးပွားရေးနှင့်နေထိုင်မှု အဆင့်အတန်း မြှင့်တင်ရေးကို ရေးရှုဆောင်ရွက်နိုင်ရန် မြို့နယ်နှင့် ကျေးရွာအုပ်စုအဆင့်များတွင် ကော်မတီများဖွဲ့စည်းရန် လိုအပ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီတွင် ရွေးကောက်ခံ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများတို့ပါဝင်ပါသည်။ ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီများသည်လည်း ကျေးရွာမှရွေးချယ်တင်မြှောက်သူများနှင့် ဖွဲ့စည်းသွားရန် ဖြစ်ပါသည်။' နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် (၂၇/၂၀၁၃)၊

**ပုံ (၄)၊ ဒေသန္တရ ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲရေး ကော်မတီများ**




၂၀၁၂ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ဖြင့် ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စု ကော်မတီများ အသီးသီး ဖွဲ့စည်းခဲ့ကြပါသည်။ ထိုကော်မတီများမှာ အဓိကအားဖြင့် စီမံခန့်ခွဲရေးကော်မတီ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ ဖြစ်ပါသည်။ မြို့နယ်အဆင့်တွင် ကော်မတီ (၂) ထပ်မံဖွဲ့စည်းထားပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီ (မြူနီစပါယ်ရေးရာ) နှင့် မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေး ကော်မတီတို့ ဖြစ်ပါသည်။

ဒေသလူထု၏ပါဝင်မှုကို မြှင့်တင်ရာတွင် နိုင်ငံတော်သမ္မတအနေဖြင့် ထွေအုပ်၏ လုပ်ပိုင်ခွင့်အာဏာ နှင့် လူထုပူးပေါင်း ပါဝင်မှုတို့ကို မျှတစေလိုသည့် ရည်ရွယ်ချက်ကို ပေါ်လွင်စေပါသည်။ ၎င်း၏မျှော်လင့်ချက်များကို ရှင်းလင်းပြောကြားခဲ့ရာတွင် "ရှေးယခင် တစ်ဦး တစ်ယောက်တည်း အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ပေါ်ခဲ့သော ပြည်သူလူထု မလိုလားတဲ့ ပြဿနာတွေ လျော့နည်းလာမှာ ဖြစ်ပါတယ်။" လို့ပြောကြားခဲ့ပါသည်။[143] အဆိုပါကော်မတီအသီးသီးတို့သည် နိုင်ငံတော်သမ္မတ၏ "ပြည်သူ ဗဟိုပြုဖွံ့ဖြိုးတိုးတက်မှု" ၏ အဓိကမဏ္ဍိုင်များဖြစ်လာပြီး အုပ်ချုပ်ရေးစနစ်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် "အောက်မှအထက်သို့ တင်ပြသည့်စနစ်" ကိုတိုးတက်လာစေရန် ဖြစ်ပါသည်။

> မြို့နယ်တစ်ခုမှာ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ၊ လူမှုရေး စီးပွားရေး လူထုလူတန်းစား ကိုယ်စားလှယ်ပါဝင်တဲ့ မြို့နယ်ကော်မတီ ဖွဲ့စည်းပြီး မြို့နယ်ရဲ့ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အရေးအရာကိစ္စ အရပ်ရပ်အတွက် မြို့နယ်ကော်မတီ အောက်မှာ ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြို့နယ်ရဲ့အရေးအရာကိစ္စအားလုံးကို မြို့နယ် ကော်မတီအစည်းအဝေးဖြင့် စုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းဦးဆောင် အကောင်အထည်ဖော် ဆောင်ရွက်သည့် စနစ်ဖြင့် ဖွဲ့စည်းပြင်ဆင် ဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ခရိုင်ကော်မတီ အဆင့်မှာလည်း အလားတူ ဆောင်ရွက်သွားစေမှာ ဖြစ်ပါတယ်။[144]

အဆိုပါကော်မတီများမှာ ဖွဲ့စည်းပုံ၊ တာဝန်နှင့် ဝတ္တရားများ တစ်ခုနှင့်တစ်ခု မတူညီကြပါ။ (နောက်ဆက်တွဲ ၁ မှ ၃ အထိ ၎င်းတို့၏ ဖွဲ့စည်းပုံ နှင့် တာဝန်များအပြည့်အစုံဖော်ပြထားပါသည်။)[145] ကော်မတီအစည်းအဝေးများ ကျင်းပခြင်း၊ ညှိနှိုင်းခြင်း၊ ဆက်သွယ်ခြင်း၊ အကြံပြုခြင်းနှင့် ဆုံးဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများထံ တာဝန်ခံရာတွင် ထွေအုပ်မှ အဓိကပါဝင်နေပါသည်။


[143] နိုင်ငံတော်သမ္မတ၏ (၂၆-၁၂-၂၀၁၂) ရက်နေ့တွင် နေပြည်တော်၊ နိုင်ငံတော်သမ္မတရုံး၌ ပြောကြားသည့် မိန့်ခွန်း၊ http://www.president-office.gov.mm/en/?q=briefing-room/speeches-and-remarks/2012/12/26/id-1320

[144] နိုင်ငံတော်သမ္မတ၏ (၂၆-၁၂-၂၀၁၂) ရက်နေ့တွင် နေပြည်တော်၊ နိုင်ငံတော်သမ္မတရုံး၌ ပြောကြားသည့် မိန့်ခွန်း၊ http://www.president-office.gov.mm/en/?q=briefing-room/speeches-and-remarks/2012/12/26/id-1320

[145] ဖွဲ့စည်းပုံ နှင့် တာဝန်များအသေးစိတ်၊ နောက်ဆက်တွဲ (၁)၊ (၂) နှင့် (၃)၊

ယင်းတာဝန်မှာ ရှုပ်ထွေးပြီး ကော်မတီများသည် ဦးစားပေးစီမံကိန်းများကို အမျိုးမျိုးသော ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများမှ သုံးစွဲခြင်းနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ အခြားကော်မတီများနှင့် ဆွေးနွေးခြင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ အတည်ပြုချက်ရယူခြင်းတို့ပါဝင်ပါသည်။[146]

**ပုံ (၅)၊ ဒေသန္တရ ကော်မတီအဆင့်ဆင့်၏ ဆက်သွယ်မှုအခြေအနေ**[147]




ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီများတွင် ထွေအုပ် အုပ်ချုပ်ရေးမှူးများမှ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ကြပြီး လုပ်ပိုင်ခွင့်ရှိသည့် ကော်မတီများဖြစ်ကြပါသည်။[148] ဒေသတစ်ခုတွင် ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေး ကော်မတီမှာ အာဏာအရှိဆုံးဖြစ်ပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေး၊ လုံခြုံရေး နှင့် လူမှုရေး ဝန်ဆောင်မှုများနှင့် ဆက်စပ်သည့် အစိုးရအဖွဲ့အစည်းများမှလည်း အဖွဲ့ဝင်အဖြစ် ပါဝင်နေကြပါသည်။[149] ထွေအုပ်၏ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးသည် အခြား ကော်မတီများဖြစ်သည့် မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီ နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ (မြူနီစပါယ်) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။ တစ်နည်းအားဖြင့် စီမံခန့်ခွဲရေးကော်မတီနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီများတွင် အစိုးရ၏ အကြီးတန်းအရာရှိများမှ ဦးဆောင်ပြီး ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီ (မြူနီစပါယ်) များတွင် လူထုမှ ရွေးချယ်သူများမှ ဦးဆောင်ကြပါသည်။[150]

---

[146] မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံမေးမြန်းချက်၊

[147] မွန်ပြည်နယ်ထွေအုပ်ဝန်ထမ်းများနှင့် တွေ့ဆုံမေးမြန်းချက် နှင့် ကော်မတီများလက်စွဲ၊

[148] မွန်ပြည်နယ် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံမေးမြန်းချက်၊

[149] မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံမေးမြန်းချက်များ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်မှာ "မြို့နယ်၏ အေးချမ်းသာယာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး နှင့် လူမှုရေးကိစ္စရပ်များ၊" ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်း၊

[150] မွန်ပြည်နယ် ထွေအုပ် အဆင့်မြင့်ဝန်ထမ်းများနှင့်တွေ့ဆုံမေးမြန်းချက်၊ ရွေးချယ်မှုစနစ်မှာ တိုက်ရိုက်မဲဆန္ဒဖြင့် ရွေးချယ်ခြင်းမဟုတ်ဘဲ အိမ်ထောင်ဦးစီးများမှတစ်ဆင့် ရွေးချယ်ခြင်းဖြစ်ပါသည်။

ကျေးရွာအဆင့်တွင် ဆယ်အိမ်ခေါင်းများမှ ရွေးကောက် တင်မြှောက်ထားသည့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာအဆင့် ကော်မတီများ အားလုံးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ပါသည်။[151] ကျေးရွာအုပ်စုစာရေးမှာ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်ပါသည်။

ထွေအုပ်၏ မြေယာစီမံခန့်ခွဲခြင်းနှင့် အခွန်ကောက်ခံခြင်းတာဝန်များကြောင့် လယ်ယာမြေစီမံခန့်ခွဲရေးတွင် ထွေအုပ်မှ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လျက်ရှိပါသည်။ ဒေသအဆင့်ဆင့်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များမှတစ်ဆင့် မြေမှတ်ပုံတင်ခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်း စသည်တို့ကို ဆောင်ရွက်ပါသည်။ မြို့နယ်အဆင့်၌ အဆိုပါအဖွဲ့တွင် ဒေသဆိုင်ရာ အစိုးရဝန်ထမ်းများသာ ပါဝင်သော်လည်း ကျေးရွာအဆင့်တွင် ဒေသခံမှ ရွေးချယ်သူ (၂) ဦးမှာ အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။ ယင်းအဖွဲ့များ၏ အဓိက တာဝန်တစ်ခုမှာ လယ်ယာမြေနှင့် အခြားမြေများအတွက် မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း ဖြစ်ပါသည်။ ကျေးရွာအဆင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များသည် မှတ်ပုံတင်ထုတ်ပေးရန် မြို့နယ်အဖွဲ့၏ ခွင့်ပြုချက် ရရှိရန်လိုအပ်ပြီး အငြင်းပွားမှုအချို့အား ခရိုင်အဖွဲ့သို့ တင်ပြကြပါသည်။ [152] ထွေအုပ်အနေဖြင့် မြေသိမ်းအမှုများတွင် ပါဝင်ခဲ့သည့်အတွက် ဒေသခံများပါဝင်သည့် အဆိုပါ အဖွဲ့များတွင် ထွေအုပ်၏ ပါဝင်နေမှုမှာ အငြင်းပွားဖွယ်ဖြစ်ပါသည်။ ထို့ပြင် ဤမှတ်ပုံတင်ထုတ်ပေးခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း တို့မှာ ဝန်ထမ်းများအတွက် အချိန်အလွန် ပေးရသည့် အလုပ်တစ်ခု ဖြစ်လာပါသည်။[153]

မြန်မာနိုင်ငံအနေဖြင့် ပြဿနာများကိုဖြေရှင်းရာတွင် အထူးပြုကော်မတီများဖွဲ့စည်း၍ ဖြေရှင်းတတ်သည့် အစဉ်အလာရှိပါသည်။ ဥပမာအားဖြင့် နဝတ၊ နယက လက်ထက်တွင် ဒေသန္တရစနစ်အုပ်ချုပ်ရေးအတွက် ထွေအုပ် အုပ်ချုပ်ရေးမှူးများမှ ကော်မတီပေါင်း (၃၉) ခုတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့ကြပါသည်။ [154] ကော်မတီများ၏ စွမ်းဆောင်ရည်မှာ တိတိကျကျ မပြောနိုင်သော်လည်း ပုံမှန်လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်ပါသည်။ ဒေသအဆင့်တွင် လက်ရှိဖွဲ့စည်းထားသည့် ကော်မတီအရေအတွက် အတိအကျ မသိရှိနိုင်သော်လည်း ဒါဇင်နှင့်ချီ၍ရှိနိုင်ကြောင်း ခန့်မှန်းရပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် ကော်မတီများမှာ ထင်ရှားသည့် ကော်မတီများဖြစ်ပြီး အခြားကော်မတီများမှာလည်း ဒေသအဆင့် တွင် ပေါ်ထွက်လာနေပါသေးသည်။

---

[151] မွန်ပြည်နယ်၊ ခရိုင် နှင့်မြို့နယ်စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ ခရိုင်နှင့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေး နှင့် မြို့နယ်ဖွံ့ဖြိုးရေးကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ လက်စွဲ၊

[152] လယ်ယာမြေစီမံခန့်ခွဲမှုဗဟိုကော်မတီသည် (က) အောက်ပါ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်တို့ကို ဖွဲ့စည်းနိုင်သည် - (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ (၂) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ (၃) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ နှင့် (၄) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊

[153] ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ ပုဒ်မ ၂၂၊

[154] ကော်မတီများအနေဖြင့် လုပ်ငန်းတာဝန်မျိုးစုံထမ်းဆောင်ရပါသည်။ ဥပမာအားဖြင့် အဝေးသင်တက္ကသိုလ် ကြီးကြပ်ရေး၊ ဗွီဒီယိုလုပ်ငန်းများ စီစစ်ခြင်းနှင့် ငှားရမ်းတို့ကို ကြီးကြပ်ခြင်း ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ ပညာရေးရန်ပုံငွေ၊ ကြက်ခြေနီအသင်းကြီးကြပ်ရေး၊ သစ်တော ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး နှင့် ပြန်လည်နေရာချထားရေး၊ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ နှင့် ဘိန်းစိုက်ပျိုးမှု အချက်အလက် စုဆောင်းခြင်း၊ စာမျက်နှာ၊ ၁၂၉-၁၃၁၊

# ကျမ်းကိုးစာရင်း


Bissinger, Jared and Linn Maung Maung*, Subnational Governments and Business in Myanmar*, Discussion Paper No. 2, MDRI-CESD and The Asia Foundation, February 2014.

J.S. Furnivall, *The Governance of Modern Burma*, The Institute of Pacific Relations, New York, 1958.

Min Shwe (Kabar Aye), 'GAD's crucial role in implementing reform process'*, Myanmar Shwe Pyi Wun* Magazine, No.3/March 2014, p. 109.

Daw Mya Sein, *The Administration of Burma*, With an Introduction by Josef Silverstein, Oxford University Press, 1973

Myint Thein*, Changes of Myanmar Administration System*, Seik Ku Cho Cho Printing House, February, 2006

Mutebi, Alex. 'Muddling Through' Past Legacies: Myanmar's Civil Bureaucracy and the Need for Reforms', Lee Kuan Yew School of Public Policy paper, 2005. Also found in Hlaing, et. al. (eds). *Myanmar: Beyond Politics to Social Imperatives*, Institute of Southeast Asian Studies, Singapore, 2005.

Nakanishi, Yoshihiro. *Strong Soldiers, Failed Revolution: The State and Military in Burma, 1962-88.* National University of Singapore Press, Singapore, 2013.

Ne Tun, *Changes in Administrative System and the Role of General Administration in Myanmar*, June 2010, EMPA thesis submitted to Yangon Institute of Economics (unpublished).

Nixon, Hamish, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn and Matthew Arnold. *State and Region Governments in Myanmar,* MDRI-CESD and The Asia Foundation, September 2013.

Robert Taylor, *The State in Myanmar*, University of Hawaii Press, Honolulu, 2009.

U Ba U*, Myanmar Administration*, edited by Ashin Nanda Marlar, PyinSaGan Publishing, 2011

U Kyaw, *Changes in Territorial Administrative Structures and Role of Public Administrators in Myanmar*, December 2004, MPA thesis submitted to Yangon Institute of Economics (unpublished).

Zobrist, Brooke and McCormick, Patrick. *The Education Sector and Decentralization*, Discussion Paper No. 1, MDRI-CESD and The Asia Foundation, January 2014.

**ဥပဒေများ၊ လမ်းညွှန်များ နှင့် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်များ**

နိုင်ငံတော်သမ္မတ၏ (၂၆-၁၂-၂၀၁၂) ရက်နေ့တွင် နေပြည်တော်၊ နိုင်ငံတော်သမ္မတရုံး၌ ပြောကြားသည့် မိန့်ခွန်း၊ http://www.president-office.gov.mm/en/?q=briefing-room/speeches-and-remarks/2012/12/26/id-1320

နိုင်ငံတော်သမ္မတ၏ (၂၇-၁၂-၂၀၁၄) ရက်နေ့ ဒုတိယအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်တွင် ပြောကြားသည့် မိန့်ခွန်း၊ http://www.presidentoffice.gov.mm/en/?q=briefing-room/news/2014/01/28/id-3231

နိုင်ငံတော်သမ္မတရုံး၏ ကြေငြာချက်အမှတ် (၂၇/၂၀၁၃)၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီများ နှင့် မြို့နယ် နှင့် ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများဖွဲ့စည်းခြင်း၊ (၂၆-၂-၂၀၁၃)

http://www.president-office.gov.mm/?q=briefing-room/notifications/2013/02/26/id-2800

ခရိုင် နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ ခရိုင်နှင့်မြို့နယ် လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့များ နှင့် မြို့နယ်ဖွံ့ဖြိုးရေးကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများဆိုင်ရာ လမ်းညွှန်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ

၂၀၁၂ လယ်ယာမြေဥပဒေ၊ unofficial translation by UN-Habitat,

http://www.burmalibrary.org/docs15/2012-Farmland_Act-Habitat-en-red-t&p.pdf

၂၀၁၂ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေhttp://www.burmalibrary.org/docs15/2012-Ward_or_Village_Tract_Administration_Bill-2012-02-24-en.pdf

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ကမ်းစာစောင်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှတ်တမ်းများ လမ်းညွှန်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၂ ခုနှစ် နှစ်ပတ်လည်မှတ်တမ်းများ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သတင်းလွှာ

အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းဆိုင်ရာ စာအုပ်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံရေးစနစ်အပြောင်းအလဲကာလများ (၁၉၆၂-၁၉၇၄)၊ သမိုင်းသုတေသနဦးစီးဌာန၊ ၂၀၁၂ ခုနှစ်၊ နိဝင်ဘာလ

ပြည်ထောင်စုလွှတ်တော် အမိန့်အမှတ် (၈၂/၂၀၁၃)၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ

၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်း ကဏ္ဍအလိုက် မူဝါဒများ၊ ရည်မှန်းချက်များ နှင့် ဆောင်ရွက်ချက်များ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# နောက်ဆက်တွဲ (၁)၊ ခရိုင်အဆင့် ဖွံ့ဖြိုးရေး နှင့် စီမံခန့်ခွဲရေးကော်မတီများ

**<u>ခရိုင်စီမံခန့်ခွဲမှုကော်မတီ</u>**

| ဖွဲ့စည်းပုံ | |
|---|---|
| ၁။ ခရိုင်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| ၃။ ခရိုင်အတွင်းရှိ သက်ဆိုင်ရာဌာနတစ်ခု၏ အကြီးအမှူးများ | အတွင်းရေးမှူး |
| ၃။ ခရိုင်အတွင်းရှိ သက်ဆိုင်ရာဌာနများမှ အကြီးအမှူးများ | အဖွဲ့ဝင်များ |

**<u>တာဝန်နှင့်ဝတ္တရားများ</u>**

၁။ ခရိုင်အတွင်းရှိ မြို့နယ် စီမံခန့်ခွဲကော်မတီများမှ တင်ပြလာသည့် ကိစ္စရပ်များအား စီစစ်၍ ခရိုင်အဆင့်က ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးရမည့် ကိစ္စရပ်များကို ဖြေရှင်းပေးခြင်း။

၂။ ခရိုင်အဆင့်က ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသည့် ကိစ္စရပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများသို့ ဆက်လက်တင်ပြ၍ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း။

၃။ ခရိုင်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး ကြပ်မတ်ခြင်းနှင့် တွေ့ရှိချက်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသို့ ဆက်လက်တင်ပြခြင်း။

၄။ ခရိုင်အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ယှဉ်ပြိုင်မှုဖြင့် အပြိုင်အဆိုင် တိုးတက်လာအောင် အားပေး မြှင့်တင်ခြင်း၊

၅။ မြို့နယ်အဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်ရန် အခက်အခဲရှိ၍ ခရိုင်အဆင့်သို့ တင်ပြလာသည့် ကိစ္စရပ်များ ခရိုင်အတွင်း မြို့နယ်များဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအကူအညီ လိုအပ်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျွမ်းကျင်ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံအတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များထံမှ အကြံဉာဏ်များ ဆွေးနွေးညှိနှိုင်း ရယူခြင်း။

၆။ ခရိုင်အဆင့် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကို သီးခြားဖွဲ့စည်းမည် မဟုတ်သည့်အတွက် ခရိုင်စီမံခန့်ခွဲမှု ကော်မတီသည် ညှိနှိုင်းဆွေးနွေး အကြံပြုချက်ရယူသည့် ကိစ္စများရှိပါက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ညှိနှိုင်းဆွေးနွေးခြင်း။

## ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့

ဖွဲ့စည်းပုံ

| | |
|---|---|
| ၁။ ခရိုင်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| ၂။ လယ်/ဆည်ဝန်ကြီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင်များ |
| ၃။ စီမံကိန်းဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင်များ |
| ၄။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင်များ |
| ၅။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဦးစီးမှူး | အတွင်းရေးမှူး |

**တာဝန်နှင့်ဝတ္တရားများ**

၁။ ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွားလာသော အိမ်ထောင်စုများ အိမ်ရာ တည်ဆောက်နိုင်ရန် ကျေးလက်နှင့် မြို့ပြစီမံကိန်းများအတွက် လယ်ယာမြေကို အသုံးပြုရန် ကိစ္စနှင့်စပ်လျဉ်း၍ နေပြည်တော်ကော်စီ/တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ စီစစ်တင်ပြခြင်း။

၂။ ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်နှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ နေပြည်တော်ကော်စီ/ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စီစစ်တင်ပြခြင်း။

၃။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများ ထားရှိခြင်း၊ ဆန်စက်များ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ၊ လိုအပ်သော ကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့စီစစ်တင်ပြခြင်း။

၄။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေ ပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ စီစစ်တင်ပြခြင်း။

၅။ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ မြေယာ အယူခံ ဝင်ရောက်လာသော ကိစ္စများနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ၊ ဆုံးဖြတ်ချက် အမိန့်ချမှတ်ခြင်း။

၆။ လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က တင်ပြသည့် လယ်ယာမြေ လုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ ထပ်ဆင့် စီစစ်၍ လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး သတ်မှတ်ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း။

၇။ လယ်ယာမြေ လုပ်ပိုင်ခွင့် ပြန်လည်သိမ်းယူသော လယ်ယာမြေနှင့် နိုင်ငံတော်က အခါအားလျော်စွာ အသစ်ဖော်ထုတ် သော လယ်ယာမြေများနှင့် စပ်လျဉ်း၍ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိလိုသူက လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရေး လျှောက်ထားမှုများနှင့် ပတ်သက်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က စီစစ်တင်ပြချက်များအပေါ် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း။

၈။ မြေနကျွန်းမြေလုပ်ပိုင်ခွင့် ချထားရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့၏ ညှိနှိုင်းစီစစ်တင်ပြချက်များအပေါ် အတည်ပြု သတ်မှတ်ပေးခြင်း။

၉။ မြေနကျွန်းမြေ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ မြို့နယ်တစ်ခုအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အချင်းချင်း အငြင်းပွားခြင်း ဖြစ်ပါက ရပ်ကွက်/ကျေးရွာ အုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့၏ ညှိနှိုင်းစိစစ်တင်ပြချက်များ အပေါ် ထပ်ဆင့်စိစစ်၍ နေပြည်တော်ကော်စီ/တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ရယူခြင်း။

၁၀။ နိုင်ငံတော်အတွက် နိုင်ငံတော်အကျိုးငှာ လယ်ယာမြေသိမ်းယူသည့် ကိစ္စရပ်များတွင် နစ်နာကြေးနှင့် လျော်ကြေးရထိုက်ခွင့် ရှိသည့် လယ်ယာမြေလုပ်ကိုင်ခွင့် ရရှိသူအား နစ်နာကြေးနှင့် လျော်ကြေးပေးရေးတို့အတွက် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်တွက်ချက်တင်ပြလာမှုများအပေါ် ထပ်ဆင့်စိစစ်ပြီး နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

၁၁။ မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုး ခွင့်ပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လယ်ယာမြေတွင် သီးနှံပြောင်းလဲ စိုက်ပျိုးရန် သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

၁၂။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်တင်ပြချက်များအပေါ် သဘောထားမှတ်ချက်ပြု၍ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ သို့တင်ပြခြင်း။

၁၃။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး၊ စစ်ဆေးတွေ့ရှိချက်ကို ဓါတ်ပုံမှတ်တမ်းများနှင့်အတူ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၄။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိထားသူသည့် ခွင့်ပြုသည့် နေ့ရက်မှ (၆)လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင် အသုံးမပြုခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိခြင်းကြောင့် သော်လည်းကောင်း၊ အဆင့်ဆင့် စိစစ်တွေ့ရှိချက်များအပေါ် အရေးယူဆောင်ရွက်နိုင်ရန် လယ်ယာမြေကို နေပြည်တော် ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၅။ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသူက လယ်ယာမြေအဖြစ် ပြောင်းလဲ သတ်မှတ်ပေးရန် တင်ပြလျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း နေပြည်တော် ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ အကြောင်းကြားသည့်အခါ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့တို့မှ တဆင့် မြို့နယ်ဦးစီးဌာနရုံး သို့ အကြောင်းကြားခြင်း။

၁၆။ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစု တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့် ရရှိထားသူများမှ သတ်မှတ် စည်းကမ်းများနှင့်အညီ မြေဧရိယာအားလုံးကို ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ပြီးနောက် လယ်ယာမြေအဖြစ် ပြောင်းလဲ သတ်မှတ်ပေးရန်အတွက် တင်ပြလျှောက်ထားမှုနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို ရရှိသည့်အခါ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တို့မှ တဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း။

၁၇။ ရွှေ့ပြောင်းတောင်ယာခုတ်ထွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များ၏ ဆောင်ရွက်မှုများအား စိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

၁၈။ လယ်ယာမြေပေါ်တွင် ဝန်ကြီးဌာန သို့မဟုတ် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်မရရှိဘဲ ကျူးကျော်အသုံးချ လုပ်ကိုင်မှုများနှင့် အဆောက်အဦ ဆောက်လုပ်မှုများအတွက် အရေးယူဆောင်ရွက်ရန် မြို့နယ် သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်မှုအဖွဲ့များအား ကြီးကြပ်လမ်းညွှန်ခြင်းနှင့် နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

၁၉။ ဗဟို လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့က အခါအားလျော်စွာ ပေးသင့်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

# နောက်ဆက်တွဲ (၂)၊ မြို့နယ်အဆင့် ဖွံ့ဖြိုးရေးနှင့်စီမံခန့်ခွဲရေးကော်မတီများ

**မြို့နယ်စီမံခန့်ခွဲမှုကော်မတီ**

| ဖွဲ့စည်းပုံ | |
|---|---|
| ၁။ မြို့နယ်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| ၂။ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး | အတွင်းရေးမှူး |
| ၃။ မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| ၄။ မြို့နယ်စီမံကိန်းဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| ၅။ သစ်တောဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| ၆။ မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၇။ မြို့နယ်စည်ပင်သာယာရေး၊ အမှုဆောင်အရာရှိ | အဖွဲ့ဝင် |
| ၈။ မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၉။ မြို့နယ်အခွန်ဦးစီးမှူး | အဖွဲ့ဝင် |

**တာဝန်နှင့်ဝတ္တရားများ**

၁။ မြို့နယ်စီမံခန့်ခွဲရေးကော်မတီသည် လုပ်ငန်းကော်မတီအသီးသီးနှင့် ဌာနဆိုင်ရာများမှ ဆွေးနွေးညှိနှိုင်း တင်ပြလာသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများအား အပတ်စဉ် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ကျင်းပ၍ ပေါင်းစပ်ညှိနှိုင်း ဆုံးဖြတ်စီမံခြင်း။

၂။ မြို့နယ်စီမံခန့်ခွဲရေးကော်မတီသည် ဘေးတိုက်ပေါင်းစပ်ညှိနှိုင်းမှု အဖွဲ့အစည်းဖြစ်သည့် မြို့မိမြို့ဖများ လူမှုရေးနှင့် စီးပွါးရေးအဖွဲ့အစည်း ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် တွေ့ဆုံ၍ ရပ်ကွက်/ကျေးရွာ အုပ်စုတို့မှ တင်ပြလာသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား တစ်လလျှင် အနည်းဆုံး တစ်ကြိမ် တွေ့ဆုံဆွေးနွေးညှိနှိုင်း အကြံဉာဏ်ရယူခြင်း။

၃။ မြို့နယ်၏ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ထိခိုက်ပျက်ပြားစေသော အခြေအနေများ ပေါ်ပေါက် လာပါက အပတ်စဉ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၌ ဌာနဆိုင်ရာများနှင့် ညှိနှိုင်း ဆွေးနွေးစီမံဆောင်ရွက်ခြင်း။

၄။ အမျိုးသားစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများအတွက် စာရင်းဇယားများ ကောက်ယူခြင်း၊ ကိန်းဂဏန်းစာရင်း ဇယားများ မှန်ကန်ရေး စီစစ်ကြီးကြပ်ခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး လျာထားချက် ကိုက်ညီအောင် ညှိနှိုင်းကိုက်ညှိပေးခြင်း၊ မြို့ပြကျေးရွာစီမံကိန်းများ၊ မြေအသုံးချမှုနှင့် မြေယာပြဿနာများအား သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်း ဖြေရှင်းပေးခြင်း။

၅။ မြို့နယ်၏ လယ်ယာကဏ္ဍတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေတိုးတက်ရေးတို့ကို ရပ်ကွက်နှင့် ကျေးရွာတစ်ခုချင်း တိုးတက်လာအောင် အသေးစိတ်ညှိနှိုင်းဆွေးနွေး အားပေးကူညီဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့် အခြားစက်မှုလက်မှုလုပ်ငန်းများ ကဏ္ဍအလိုက်တိုးတက်အောင် မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် ကဏ္ဍတစ်ခုချင်း တိုးတက်အောင် ဆွေးနွေးညှိနှိုင်း အကြံဉာဏ်ရယူခြင်း။

၆။ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမှုစီးပွားရေး ညွှန်ကိန်းများ တိုးတက်အောင် ဆောင်ရွက်သကဲ့သို့ မြေပြင်တွင် လက်တွေ့တိုးတက်အောင် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၇။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက် ရာ၌ ရည်မှန်းချက်များအတိုင်း ဆင်းရဲနွမ်းပါးမှု ကျဆင်းစေရန်အတွက် ဒေသခံပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရေး တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ပြီး တိုးတက်မှု အစီရင်ခံခြင်း။

၈။ နိုင်ငံတကာအထောက်အပံ့များအရ ဆောင်ရွက်သောလုပ်ငန်းများတွင် စနစ်တကျ အသုံးပြုနိုင်ရန်၊ ရာနှုန်းပြည့် အောင်မြင်ရန် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများအား ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လုပ်ငန်းပြီးစီးမှုတင်ပြခြင်း။

၉။ ဌာနဆိုင်ရာများ၏ စွမ်းဆောင်ရည် ပိုမိုသွက်လက်မြင့်မားလာစေရန် ပြည်သူလူထုနှင့် ထိတွေ့ဆောင်ရွက်နေရသည့် ဌာနများက ပြည်သူလူထုအား ယဉ်ကျေးပျူငှာစွာ ဆက်ဆံပြီးလျှင် ချောမွေ့အောင် ဆောင်ရွက်ပေးရေး စစ်ဆေးကြပ်မတ်ခြင်း။

၁၀။ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများသည် တရားဥပဒေကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု ပိုမိုကောင်းမွန်လာစေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ခြင်း။

၁၁။ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ရှိသည့် သန့်ရှင်းသောအစိုးရဖြစ်ရေး ရည်မှန်းချက်အောင်မြင်စေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၁၂။ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ချက်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ ပုံမှန်တင်ပြ ဆောင်ရွက်ခြင်း။

၁၃။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက အများဆန္ဒအရဟု ဆွေးနွေး တင်ပြလာသော ကိစ္စရပ်သည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် မဆန့်ကျင်ပါက မြို့နယ်အဆင့်မှ ဆောင်ရွက်နိုင်ခွင့်ရှိသော လုပ်ငန်းဖြစ်က ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် မြို့နယ်အဆင့်မှ ဆောင်ရွက်ခွင့်မရှိသော လုပ်ငန်းဖြစ်က အထက်အဆင့်ဆင့် တင်ပြခြင်း။

၁၄။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီက တင်ပြလာသည့် အချို့ကိစ္စရပ်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့် ဆန့်ကျင်၍သော်လည်းကောင်း၊ မြို့နယ်အဆင့်က လုပ်ကိုင်နိုင်သည့် မူဘောင်နှင့် ကျော်လွန်၍သော်လည်းကောင်း၊ ညှိနှိုင်းတင်ပြလာပါက သိရှိနားလည်အောင် ပြန်လည်ရှင်းပြပြီးနောက် ထိုဒေသခံပြည်သူများအတွက် အမှန်တကယ်ဖြစ်နေသော ကိစ္စဖြစ်ပါက တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များအား အကြံပြုချက်များနှင့် တစ်ကွ အထက်အဆင့်သို့ ပြန်လည်တင်ပြခြင်း၊

၁၅။ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ကျန်းမာရေးအရ လိုအပ်ချက်ဖြစ်သော သောက်သုံးရေ လုံလောက်ရေး၊ ကျေးရွာတိုင်း မီးလင်းရေးတို့ကို နိုင်ငံတော်ဘဏ္ဍာငွေ ဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာ အထောက်အပံ့ဖြင့်သော်လည်းကောင်း၊ ကိုယ်ထူကိုယ်ထဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၆။ လူတိုင်းအသိဉာဏ်၊ ဗဟုသုတ ရရှိရန်အတွက် စာဖတ်အရှိန်မြှင့်တင်ရေး စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်း။

၁၇။ ဆက်သွယ်ရေးကဏ္ဍတွင် ဖုန်း၊ အင်တာနက်များ ကျေးရွာလူထု သုံးစွဲရေးဆောင်ရွက်ပေးခြင်း။

၁၈။ ပြည်သူများ သွားလာရေး လွယ်ကူချောမွေ့စေရန် လိုအပ်သည့် လမ်းတံတားများကို ဘဏ္ဍာငွေအခြေအနေပေါ် မူတည်၍ နှစ်အလိုက် တိုးတက်ဆောင်ရွက်ခြင်း။

## မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ

### ဖွဲ့စည်းပုံ

| | |
|---|---|
| ၁။ ရွေးချယ်တင်မြှောက်ထားသည့် ဩဇာညောင်းသူတစ်ဦး | ဥက္ကဋ္ဌ |
| ၂။ မြို့မိမြို့ဖ၊ လူမှုရေး၊ စီးပွားရေးကိုယ်စားလှယ်များမှ အများဆန္ဒဖြင့်တာဝန်ပေးအပ်သူတစ်ဦး | အတွင်းရေးမှူး |
| ၃။ ရွေးချယ်ထားသည့်လယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၄။ အရပ်ဘက်လူမှုအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၅။ စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၆။ အလုပ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၇။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၈။ အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |

**တာဝန်နှင့်ဝတ္တရားများ**

၁။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားရေး တိုးတက်မှုအတွက် အကျိုးဆောင်ခြင်း၊ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအား ဝိုင်းဝန်းဆွေးနွေး အဖြေရှာခြင်း၊ ရပ်မိရပ်ဖ ဒေသခံများနှင့်ပူးပေါင်း၍ မြို့ပြကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၂။ မြို့နယ်ဌာနဆိုင်ရာများအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ အပ်နှင်းထားသော လုပ်ငန်းတာဝန်များကို မထိခိုက်စေဘဲ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးလိုအပ်ချက်တို့ကို ဆွေးနွေးညှိနှိုင်းအကြံပြုခြင်း၊ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူပြုပူးပေါင်းဆောင်ရွက်ခြင်း။

၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုမှ ပြည်သူများ၊ လူထုလူတန်းစား အလွှာအသီးသီးမှ တင်ပြလာသည့် လူမှုစီးပွားရေး တိုးတက်ရန် လိုအပ်ချက်များနှင့် မြို့ပြကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များအား မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ နှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းပူးပေါင်း ဖြေရှင်းဆောင်ရွက်ခြင်း။

၄။ မြို့ပြဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲရာ၌ လိုအပ်ချက်များ ဆွေးနွေးအကြံပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် နေရာများရှိပါက လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှု ရှိ/မရှိ စိစစ်ရာ၌ ဆွေးနွေးညှိနှိုင်းအကြံပြုခြင်း။

၅။ မြို့နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်မှုသည် အဓိကဖြစ်သည့်အတွက် စီးပွားရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်လာစေရန် တီထွင်ကြံဆပူးပေါင်းဆောင်ရွက်ခြင်း၊ သမဝါယမ အသင်းများ၊ ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများ၊ စီးပွားရေးအသင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အားပေးမြှင့်တင်ပူးပေါင်း ဆောင်ရွက်ခြင်း။

၆။ ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကော်မတီအတွင်း ညှိနှိုင်း၍ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို အကြံပြုညှိနှိုင်းဆောင်ရွက်ခြင်း။

၇။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်း။

၈။ မြို့နယ်အတွင်း၌ နိုင်ငံတကာ အထောက်အပံ့ဖြင့် ဆောင်ရွက်သော လုပ်ငန်းများတွင် ပြည်သူများ၏ လူမှုအကျိုး စီးပွားကို ထိရောက်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်ခြင်း။

၉။ မြို့နယ်အတွင်းရှိ ပြည်သူများ၏ အမှန်တကယ်နစ်နာဆုံးရှုံးမှုများ ရှိလာပါက မြို့နယ်စီမံခန့်ခွဲမှု ကော်မတီသို့ တင်ပြ၍ ဝိုင်းဝန်းကူညီဖြေရှင်းဆောင်ရွက်ခြင်း။

## မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့

| ဖွဲ့စည်းပုံ | |
|---|---|
| ၁။ မြို့နယ်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| ၂။ လယ်/ဆည်ဝန်ကြီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင်များ |
| ၃။ စီမံကိန်းဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင်များ |
| ၄။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင်များ |
| ၅။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဦးစီးမှူး | အတွင်းရေးမှူး |

**တာဝန်နှင့်ဝတ္တရားများ**

၁။ မြို့နယ်ဦးစီးဌာနရုံးမှ တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲများ စီစစ်၍ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့သို့ သဘောထားမှတ်ချက်ဖြင့်တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့် အညီ လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်းအကြောင်းကြားစာ ပေးပို့ခြင်း၊

၂။ ပြန်လည်သိမ်းယူသောလယ်မြေ ၊ အသစ်ဖော်ထုတ်သော လယ်ယာမြေများနှင့် စပ်လျဉ်း၍ လျှောက်ထားနိုင်ကြောင်း၊ အများပြည်သူသိရန်ကြေညာခြင်း၊ လျှောက်ထားခြင်းများအပေါ် မြို့နယ်ဦးစီးဌာနရုံးက စီစစ်တင်ပြသော လုပ်ငန်း၊ စာတွဲများကိုထပ်မံစီစစ်ပြီး ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခံရသူထံ ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပေးပို့ခြင်း။

၃။ လယ်ယာမြေလုပ်ပိုင်ခွင့်ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းဖြင့် လွှဲပြောင်းလက်ခံခြင်းများနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးမှ စစ်ဆေးတင်ပြသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စီစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

၄။ လယ်ယာမြေလုပ်ပိုင်ခွင့်အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ဖြင့် တင်ပြလာသော လုပ်ငန်းစာတွဲများကို ထပ်ဆင့်စိစစ်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူအမည်ပေါင်း လဲခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့်အညီ မှတ်တမ်းတင်ပြီးကြောင်း တင်ပြချက်ကို လက်ခံရရှိသောအခါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း၊ ဆောင်ရွက်ပြီးစီးမှုကို ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြခြင်း။

၅။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် ရရှိသူ၏ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် လျှောက်ထားချက်များအား စီစစ်ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးမှ နည်းဥပဒေနှင့် အညီ ဆောင်ရွက်၍ တင်ပြချက်များအရ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုသတ်မှတ်ထုတ်ပေးခြင်း။

၆။ ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးအတွက် လုပ်ပိုင်ခွင့်ရရှိထားသူများက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းမှ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးရန် ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားပြီးနောက် စီစစ်ခွင့်ပြုကြောင်း အကြောင်းကြားချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံးများမှ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်၍ ပြန်လည်တင်ပြချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးခြင်း။

၇။ ပေါင်နံ့သောလယ်ယာမြေများနှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ စစ်ဆေးတင်ပြလာသောလုပ်ငန်း စာတွဲများကို စီစစ်၍ ခွင့်ပြုကြောင်း မြို့နယ်ဦးစီးဌာနရုံးသို့ အကြောင်းကြားခြင်း၊ မြို့နယ်ဦးစီးဌာနရုံး၏ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက် ပြီးနောက် တင်ပြချက်အရ လျှောက်ထားသူအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း ဆောင်ရွက်ချက်အား ခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း။

၈။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းမပြုနိုင်ရေး ကြီးကြပ်ခြင်း။

၉။ လယ်ယာမြေကို အခြားနည်း အသုံးပြုရန်ခွင့်ပြုချက်ရရှိသူက သတ်မှတ်ကာလအတွင်း သတ်မှတ်သည့် နည်းလမ်းများအတိုင်း အသုံးမပြုခြင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှု မရှိကြောင်းတွေ့ရှိရခြင်း ၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃၇ အရ ပြစ်မှုထင်ရှား စီရင်ခံရကြောင်း၊ တွေ့ရှိရခြင်းများအတွက် သက်ဆိုင်ရာ လယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်ရေး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၀။ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉ ၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၁။ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၁၂။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သိမ်းယူသော လယ်ယာမြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကပေးအပ်ရမည့် နစ်နာကြေးနှင့်လျော်ကြေးတွက်ချက်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၃။ မြို့နယ်ဦးစီးဌာနရုံးမှ သဘောထားမှတ်ချက်ပြုတင်ပြလာသော လယ်ယာမြေကို မူလရာသီ သီးနှံအမျိုးအစားမှ နှစ်ရှည်ပင် အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ထပ်ဆင့်စီစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၄။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနရုံးမှ သဘောထား မှတ်ချက်ဖြင့် စီစစ်တင်ပြသောလုပ်ငန်းစာတွဲများကို ထပ်ဆင့်စီစစ်ပြီးသဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၅။ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် ခွင့်ပြုသည့်နေ့ရက်မှ (၆)လ အတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးမပြုကြောင်းနှင့် သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိကြောင်း တွေ့ရှိပါက သီးခြားကိစ္စတစ်ရပ်အဖြစ် အမှုတွဲ ဖွင့်လှစ်၍ ကွင်းဆင်းစစ်ဆေးပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဓာတ်ပုံမှတ်တမ်းများနှင့်အတူ တင်ပြခြင်း။

၁၆။ လယ်ယာမြေကို ခေတ်မီစံပြ စက်မှုလယ်ယာအဖြစ် ပြုပြင်ပြောင်းလဲ ဖော်ထုတ်ရာတွင် နယ်နိမိတ်နှင့်ဧရိယာ အတိုး အလျော့ ဖြစ်ပေါ်လာပါက ကွင်းဆင်းစီစစ်ခြင်း၊ မှန်ကန်မျှတစွာ ညှိနှိုင်းဆုံးဖြတ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပြန်လည်သတ်မှတ် ခွင့်ပြုပေးနိုင်ရန် စီစစ်တင်ပြဆောင်ရွက်ခြင်း။

၁၇။ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များ အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်သူအား ပုဒ်မ ၁၉ အရ အမိန့်ချမှတ်ခြင်း၊ အမိန့်လိုက်နာခြင်းမရှိသူအား ပုဒ်မ ၃၅ အရ အရေးယူနိုင်ရေးအတွက် တရားစွဲဆိုခြင်း၊ ထိုသို့တရားစွဲဆိုမှုကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၈။ လယ်ယာမြေလုပ်ပိုင်ခွင့်ကို နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေပုဒ်မ ၃၇ အရ အရေးယူနိုင်ရန် ရဲတပ်ဖွဲ့သို့တိုင်ကြားခြင်း။

၁၉။ မြေနေကျွန်းစီမံခန့်ခွဲရာတွင် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ညှိနှိုင်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ဖြင့် အနီးကပ်ဆုံးကျေးရွာကို သတ်မှတ်ခြင်း၊ မြေနေကျွန်းမြေအား လယ်ယာမြေနည်းဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ချထားခြင်း၊ မြေနေကျွန်းမြေ လုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်းပြုစုခြင်း၊ မြေနေကျွန်းလုပ်ပိုင်ခွင့် အငြင်းပွားမှုများအား ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဖြေရှင်းခြင်း။

၂၀။ ဗဟို၊ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်နှင့်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

## မြို့နယ်စည်ပင်သာယာရေးကော်မတီ

| ဖွဲ့စည်းပုံ | |
|---|---|
| ၁။ မြို့မိမြို့ဖ၊ လူမှုရေး၊ စီးပွားရေးကိုယ်စားလှယ်များမှ အများဆန္ဒဖြင့်တာဝန်ပေးအပ်သူတစ်ဦး | ဥက္ကဋ္ဌ |
| ၂။ အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |
| ၃။ လူမှုရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၄။ စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၅။ ပညာရေးကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၆။ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၇။ ကျေးလက်ဒေသဦးစီးဌာန၊ ဒုတိယဦးစီးမှူး | အဖွဲ့ဝင် |

**တာဝန်နှင့်ဝတ္တရားများ**

၁။ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ပြည်ထောင်စုအစိုးရ ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံမှ ဖြစ်စေ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ ၊ ဤဥပဒေ ၊ တည်ဆဲဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်း ၊ အထောက်အပံ့များရယူခြင်း ၊

(ခ) ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ခြင်း ၊

၂။ ကိုယ်ပိုင်အမည် ၊ ကိုယ်ပိုင်တံဆိပ်တုံးဖြင့် ဆောင်ရွက်ပိုင်ခွင့် ၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့် ၊ တရားစွဲဆိုနိုင်ခွင့် ၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်၊

၃။ မိမိရံပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေး လုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလော အသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၄။ ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ကြီးမှတစ်ဆင့် ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

၅။ ပုဂ္ဂလိကဘဏ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်သည်။

၆။ အပိုဒ် ၃ (ဂ) ပါရန်ပုံငွေထားရှိရာတွင် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေထိန်းသိမ်းခြင်း ၊ ငွေစာရင်းပြုစုခြင်း ၊ စာရင်း စစ်ဆေးခြင်း ၊ စာရင်းစစ်ဆေးခံခြင်း တို့ကိုဆောင်ရွက်ရမည်။

၇။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြည်သူလူထုများမှ တင်ပြလာသည့် စည်ပင်သာယာရေးလုပ်ငန်း ဆိုင်ရာ အစီအစဉ်များကို ဦးစားပေးအဆင့်များသတ်မှတ်၍ မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီသို့ တင်ပြ၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ရမည်။

၈။ ဥပဒေ ၊ နည်းဥပဒေနှင့်အညီ အပ်နှင်းထားသောလုပ်ငန်းတာဝန်များကို မထိခိုက်စေဘဲ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ဆွေးနွေးညှိနှိုင်းအကြံပြုခြင်း ၊ ပြည်သူလူထုမှ အထောက်အကူပြု ပူးပေါင်း ပါဝင်လာအောင် စည်းရုံး ဆောင်ရွက်ပေးရမည်။

၉။ မြို့နယ်အတွင်းရှိပြည်သူများ စည်ပင်သာယာရေးဥပဒေများ သိရှိလိုက်နာဆောင်ရွက်စေရန် စည်းကမ်းစနစ်တကျ ရှိစေရေးအတွက် ပညာပေးဟောပြောခြင်း ၊ စည်းရုံးဆောင်ရွက်ခြင်း တို့ကို ဆောင်ရွက်ရမည်၊

၁၀။ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် မွန်ပြည်နယ် စည်ပင်သာယာရေးကော်မတီတို့မှ အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များအား ဆောင်ရွက်ရမည်။

၁၁။ အများပြည်သူ အကျိုးပြု အခြားစည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ စည်ပင်သာယာလုပ်ငန်း ပိုမိုထိရောက်စွာ ဆောင်ရွက်စေရန် ခေတ်မီတိုးတက်သောနည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်နိုင်ရန် မွန်ပြည်နယ် စည်ပင်သာယာရေး ကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည်။

၁၂။ ကော်မတီ၏ အတွင်းရေးမှူးဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိသည် ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအရလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်ရန် ကိစ္စရပ်များအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ရမည်၊

၁၃။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးနှစ်အလိုက် ရ/သုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရာတွင် (၅)နှစ်စီမံကိန်းပါ လုပ်ငန်းရပ်များ ၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ငန်းလမ်းညွှန်ချက်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များအား ထိခိုက်မှုမရှိစေဘဲ ပြည်သူလူထု အတွက် လတ်တလောဆောင်ရွက်ရန် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေး၊ အကြံပေး၊ ညှိနှိုင်း၍ ရ/သုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းနိုင်သည်၊

၁၄။ တည်ဆဲဥပဒေ ၊ လုပ်ထုံးလုပ်နည်း ၊ အမိန့်ညွှန်ကြားချက်များနှင့် ဆန့်ကျင်မှုမရှိသည့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဆွေးနွေးညှိနှိုင်း အကြံပြုချက်များသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နိုင်ခွင့်ရှိသော လုပ်ငန်းဖြစ်ပါက ဖြေရှင်းဆောင်ရွက် ပေးပြီး ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နိုင်စွမ်းမရှိသော လုပ်ငန်းဖြစ်ပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြရမည်၊

၁၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့် ပြဋ္ဌာန်းထားသော ဝန်ထမ်းရေးရာလုပ်ငန်းများ ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းရပ်များ ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ထုတ်ပြန်ထားသော လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးခြင်း ဆိုင်ရာလုပ်ငန်းရပ်များ ၊ မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေနှင့် မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်ပါ ဝန်ထမ်းရေးရာလုပ်ငန်းရပ်များ ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းရပ်များနှင့် လုပ်ငန်းနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများသည် မွန်ပြည်နယ်အစိုးရအဖွဲ့၏ စစ်ဆေးခြင်း ၊ ကြီးကြပ်ခြင်း၊ အတည်ပြုခြင်း၊ ခွင့်ပြုခြင်း တို့ဖြင့် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းရပ်များ ဖြစ်ပါသည်။

၁၆။ မြို့နယ် စည်ပင်သာယာရေး ကော်မတီ၏ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ချက်များနှင့် ပြည်နယ်စည်ပင်သာယာရေး ကော်မတီသို့ တင်ပြရမည်၊

# နောက်ဆက်တွဲ (၃)၊ ရပ်ကွက်/ကျေးရွာအဆင့် ဖွံ့ဖြိုးရေးနှင့် စီမံခန့်ခွဲမှုကော်မတီများ

**ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ**

| ဖွဲ့စည်းပုံ | |
|---|---|
| ၁။ ရပ်ကွက်၊ ကျေးရွာ အများဆန္ဒဖြင့်ရွေးချယ်တင်မြှောက်သူ | ဥက္ကဋ္ဌ |
| ၂။ ကျေးရွာခွဲများရှိလျှင် ကျေးရွာသားများက အများဆန္ဒဖြင့် အကြီးအမှူးအဖြစ်ရွေးချယ်တင်မြှောက်ထားသူများ | အဖွဲ့ဝင် |
| ၃။ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးများမှ အများဆန္ဒဖြင့်ရွေးချယ်သည့်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၄။ ရပ်ကွက်၊ ကျေးရွာအများဆန္ဒဖြင့် ရွေးချယ်ခြင်းခံရသည့်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၅။ အဖွဲ့ဝင်များက မိမိတို့ထဲမှ အများဆန္ဒဖြင့်ရွေးချယ်သူ | အတွင်းရေးမှူး |
| ၆။ ရပ်ကွက်၊ ကျေးရွာစာရေး | တွဲဖက်အတွင်းရေးမှူး |

**တာဝန်နှင့်ဝတ္တရားများ**

၁။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပါ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုကူညီခြင်း၊ အကြံဉာဏ်ပြုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

၂။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုနေ ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးပြီး ကျေးရွာအဆင့်ဖြင့် ဆောင်ရွက်နိုင်သည့် ကိစ္စရပ်များကို စုပေါင်းဆောင်ရွက်ခြင်း။

၃။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခြင်း မရှိသည့် ကိစ္စများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးသို့ တင်ပြခြင်း။

၄။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း။

၅။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း နှင့် သောက်သုံးရေ၊ စိုက်ပျိုးရေးများ ခန်းခြောက်ရှားပါးခြင်း မရှိစေရေးအတွက် သီးနံ့သစ်တောရောနှောစိုက်ခင်း၊ ထင်းစိုက်ခင်းထူထောင်ရန် လိုအပ်သည့် ကျေးရွာအုပ်စုများ၌ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးသို့ အကြံပြုတင်ပြခြင်း။

၆။ လူတိုင်းစာတတ်မြောက်ရေး၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် ဘွဲ့ရပညာတတ်များ တိုးပွားအောင် ဆောင်ရွက်ခြင်း နှင့် ကျန်းမာရေး အသိပညာဖြန့်ဖြူးပြီး ကြံ့ခိုင်ကျန်းမာသည့် လူသားအရင်းအမြစ်များ လေ့ကျင့် ပျိုးထောင်ခြင်း၊ မျိုးဆက်သစ်လူငယ်များအား စာပေယဉ်ကျေးမှုဓလေ့ထုံးစံများ လေးစားလိုက်နာထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်ခြင်း။

၇။ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုနေ ပြည်သူများ တရားဥပဒေကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ ပြုမူကျင့်ကြံနေထိုင်နိုင်စေရန် စည်းရုံးပညာပေးခြင်း နှင့် လက်တွေ့ပါဝင်ဆောင်ရွက်ခြင်း။

## ရပ်ကွက်/ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့

| ဖွဲ့စည်းပုံ | |
|---|---|
| ၁။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး | ဥက္ကဌ |
| ၂။ ရပ်ကွက်၊ ကျေးရွာစာရေးဝန်ထမ်း | အတွင်းရေးမှူး |
| ၃။ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စာရေးဝန်ထမ်း | အဖွဲ့ဝင် |
| ၄။ လယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၅။ သြဇာညောင်းသည့် ရပ်မိရပ်ဖတစ်ဦး | အဖွဲ့ဝင် |

**တာဝန်နှင့်ဝတ္တရားများ**

၁။ လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်း မြို့နယ်ဦးစီး ရုံးသို့ စီစစ်ထောက်ခံချက်ဖြင့် ပေးပို့ခြင်း။

၂။ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းများအား ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုစေခြင်း။

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူနှင့် လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေများအား မှတ်တမ်းပြုစုထားရှိရန်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအလိုက် လယ်ယာမြေ လုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်း( ပုံစံ-၁၁) ကို ဖွင့်လှစ်ခြင်း။

၄။ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များကို လိုက်နာစေရန် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်း မရှိစေရန် ကြီးကြပ်ခြင်း၊ မလိုက်နာပါက မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ အရေးယူနိုင်ရန် တင်ပြခြင်း။

၅။ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွါးမှုများကို မူလမြေယာမှုခင်း ဖွင့်လှစ်၍ စစ်ဆေး ဆုံးဖြတ်ခြင်း။

၆။ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွါးမှုများနှင့် စပ်လျဉ်း၍ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရောက်နေစဉ်ကာလအတွင်း ယင်းဆုံးဖြတ်ချက်အား လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း။

၇။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းသို့ လွှဲပြောင်းခြင်း မပြုနိုင်ရေး၊ ကြီးကြပ်ခြင်း၊ ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အရေးယူနိုင်ရန် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ချက်ချင်း တင်ပြခြင်း။

၈။ လယ်ယာမြေတွင် ရာသီသီးနှံမှ နှစ်ရှည်သီးနှံ ပြောင်းလဲ စိုက်ပျိုးရန် လျှောက်ထားခြင်းများကို စီစစ်တင်ပြခြင်း။

၉။ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားခြင်းများကို စီစစ်တင်ပြခြင်း။

၁၀။ ကျွဲ၊ နွား စားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း။

၁၁။ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့် ချထားခြင်းနှင့် စပ်လျဉ်းပြီး အနီးကပ်ဆုံးဖြစ်သော ကျေးရွာများကို သတ်မှတ်နိုင်ရေးအတွက် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း။

၁၂။ မြို့နယ်အတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အချင်းချင်း မြေနကျွန်းမြေလုပ်ပိုင်ခွင့် အငြင်းပွါးမှုများ ပေါ်ပေါက်လာပါက မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့နှင့်အတူ ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်း ဖြေရှင်းခြင်း။

၁၃။ ဗဟို၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တို့က အခါအား လျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

# နောက်ဆက်တွဲ (၄)၊ မွန်ပြည်နယ်၏ ယစ်မျိုးခွန်လိုင်စင်များ

| *အမှတ်စဉ်* | *လိုင်စင်အမျိုးအစား* | *လိုင်စင်ကြေး(ကျပ်)* |
|---|---|---|
| *D.1* | အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့် လိုင်စင် (တစ်နေ့ထွက်ရှိ ဂါလန်)<br>▪ 50- 500 liters<br>▪ 500- 1,000 liters<br>▪ Above 1,000 liters | <br>▪ 1,700,000<br>▪ 3,000,000<br>▪ 5,000,000 |
| *D.2* | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့် မရှိသည့် လိုင်စင် | 200,000 |
| *W.1* | ဝိုင်အရက်များ ထုတ်လုပ်ခွင့် လိုင်စင် | 20,000 |
| *FL.4* | ပြည်ပမှ တင်သွင်းလာသော နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် အရောင်ဆိုးခွင့်နှင့် အရောင်ဆိုးခွင့် လိုင်စင် | 300,000 |
| *FL.5* | ပြည်ပမှ တင်သွင်းလာသော နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ်ခွင့် လိုင်စင် | 300,000 |
| *FL.6* | ပြည်ပမှ တင်သွင်းလာသော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့် လိုင်စင်၊ မြန်မာနိုင်ငံအတွင်းရှိ အရက်ချက်စက်ရုံများမှ ထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် (သို့) ဥပစာပြင်ပသို့ ယူဆောင်ရန် ၊ လက်လီရောင်းချခွင့် လိုင်စင်၊ | 1,600,000 |
| *B.1* | ဗျစ်ရည် စက်ရုံပိုင်ဆိုင်ခွင့် နှင့် ချက်လုပ်ခွင့်လိုင်စင်<br>▪ 50- 500 liters<br>▪ 500- 1,000 liters<br>▪ Above 1,000 liters | <br>▪ 1,000,000<br>▪ 1,500,000<br>▪ 2,500,000 |
| *B.2* | ဗျစ်ရည် စက်ရုံပိုင်ဆိုင်ခွင့် နှင့် ချက်လုပ်ခွင့်သာရှိပြီး ချက်လုပ်ခွင့် မရှိသည့် လိုင်စင် | 300,000 |
| *FL.8* | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံမှ ထုတ်လုပ်သော ဗျစ်ရည်များကို လက်ကားရောင်းချခွင့် လိုင်စင် | 2,000,000 |
| *FL.9* | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံများမှ ထုတ်လုပ်သော ဗျစ်ရည်များကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် လက်လီရောင်းချခွင့် လိုင်စင် | 800,000 |
| *FL.11* | နိုင်ငံခြားအရက်များ ( foreign alcoholic Spirit ) ကို လက်ကားရောင်းချခွင့် လိုင်စင် | 1,000,000 |
| *FL.12* | နိုင်ငံခြားအရက်များ (Foreign alcoholic Spirit ) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့် ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့် မရှိသည့် လိုင်စင် | 500,000 |
| *FL.15* | နိုင်ငံခြားအရက်များ ( Foreign Alcoholic Spirit ) ကို ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများ သောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း ပိုင်ရှင်(သို့) မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | 1,500,000 |
| *FL.16* | နိုင်ငံခြားအရက်များ ( Foreign Alcoholic Spirit ) ကို ကလပ်ဥပစာအတွင်း သောက်သုံးရန် ကလပ်ပိုင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | 800,000 |
| *FL.17* | နိုင်ငံခြားအရက်များ ( Foreign Alcoholic Spirit ) ကို ဟိုတယ်နှင့် နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် (သို့) မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | 1,200,000 |
| *FL.21* | နိုင်ငံခြားအရက်များ ( Foreign Alcoholic Liquor ) ကို သင်္ဘောဝန်ထမ်းများနှင့် ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘော မာလိန်မှူး (သို့) ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | 600,000 |

| | | |
|---|---|---|
| *FL.23* | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန် ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သော ဝိုင်နှင့်အလားတူ ဖျော်ရည်များကို ဆေးဆရာ (သို့) ကျန်းမာရေး ဝန်ထမ်း (သို့) ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | 10,000 |
| *FL.24* | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း (Refined Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့်လိုင်စင် | 10,000 |
| *FL.2C* | သန့်စင်ပြီးသော အရက်ပြန်များကို သိုလှောင် သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်း နှင့် အခြားအရက်ပြန်ပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် သိုလှောင်ရုံ ဆောက်လုပ်ခွင့် လိုင်စင် | 50,000 |
| *FL.2D* | အရက်ပြန် ပါဝင်သည့် ဆေးဝါးများကို မြန်မာဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့် ရောင်းချခွင့် လိုင်စင် | 10,000 |
| *Y.1* | တဆေးများ ထုတ်လုပ်ခွင့်နှင့် ရောင်းချခွင့်လိုင်စင် | 200,000 |
| *Y.2* | တဆေးများ ရောင်းချခွင့် လိုင်စင် | 200,000 |
| *D.1A* | နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန် နှင့် ပုလင်းသွတ်ရန် ၊ အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့် နှင့် လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့် လိုင်စင် | 2,000,000 |
| *CS.2A* | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင်(သို့) နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | 150,000 |
| *CFL.2A* | ထန်းရည်၊ ဓနိရည်မှအပ အခြားလျော်စာရည်များကို စားသောက်ဆိုင်(သို့) နားနေခန်း ဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | 50,000 |

*Source: မွန်ပြည်နယ် ယစ်မျိုးခွင် ဥပဒေ*

*မြန်မာနိုင်ငံဒေသဆိုင်ရာအုပ်ချုပ်မှုစနစ်ဆွေးနွေးချက်စာတမ်းများ* သည် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MDRI-CESD) နှင့် အာရှဖောင်ဒေးရှင်း (The Asia Foundation) တို့အကြား သုတေသနပူးပေါင်းဆောင်ရွက်မှု ကြိုးပမ်းချက် တစ်ရပ်ဖြစ်သည်။ ဤဆွေးနွေးချက်စာတမ်းများသည် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်ရှိ မူဝါဒ ချမှတ်သူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ စီးပွားရေး နယ်ပယ်၊ ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများနှင့်တကွ အခြားသော စိတ်ပါဝင်စားကြသည့် သက်ဆိုင်သူများအားလုံးအား မူဝါဒနှင့် ပြုပြင်ပြောင်းလဲခြင်းဖြစ်စဉ်များအပေါ် တိုက်ရိုက် အသိပေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအား အချိန်မီ သုတေသနပြုလုပ် တင်ပြနိုင်ရန် ရည်ရွယ်သည်။ ဤစာတမ်းများအတွက် ပြုလုပ်သည့် သုတေသနများတွင် အစိုးရ၊ နိုင်ငံရေးနယ်ပယ်၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာလူမှု အသိုက်အဝန်းများထံမှ အမြင်များကို ထည့်သွင်း လေ့လာထားပြီး ဆီလျော်မှုအရှိနိုင်ဆုံး မူဝါဒ ဆန်းစစ်လေ့လာချက် နှင့် နိုင်ငံတကာမှ အတွေ့အကြုံများကိုလည်း တင်ပြထားပါသည်။ MDRI-CESD နှင့် အာရှဖောင်ဒေးရှင်းတို့အနေဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်သော၊ ဆောင်ရွက်ဆဲဖြစ်သော၊ ရှေ့တွင် ဆောင်ရွက်မည်ဖြစ်သော သုတေသနများအပေါ် ပါဝင် အကြံပြုဆွေးနွေးမှုများကို ကြိုဆိုပါသည်။

The Asia Foundation

No. 21, Bo Yar Zar Street
14 Ward, Kyauk Kone
Yankin Township
Yangon, Myanmar

MDRI CESD

No. 27, Pyay Road, 6 ½ Mile
Hlaing Township
Yangon, Myanmar

Photo by : Yan Lin Shein